# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

## မမေ့မလျော့ခြင်း

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သောသူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သော သူတို့သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လကွယ်နေ့ ၂၀၂၂ ခုနှစ်၊ ဇွန် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၀)၊ အမှတ် (၂၄၉)

## မြန်မာ့ထွက်ကုန်သီးနှံ နံနံစေ့များ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ငါးနှစ်အတွင်းဈေးနှုန်းများ စံချိန်တင်မြင့်တက်

**မန္တလေး ဇွန် ၈**

၂၀၂၂ ခုနှစ် သီးနှံထုတ်ကုန်ရာသီတွင် မန္တလေး ဈေးကွက်အတွင်း၌ ဟင်းခတ်အမွှေးအကြိုင် သီးနှံအဖြစ် အသုံးပြုသည့် နံနံစေ့များ ယခုရက်ပိုင်း အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရုတ်တရက် ဝယ်လိုအား ကောင်းမွန်လာမှုကြောင့် ဈေးနှုန်းများ အနေဖြင့် ငါးနှစ်အတွင်း စံချိန်တင် မြင့်တက်လာကြောင်း သိရသည်။

"ဒီနံနံစေ့ သီးနှံကတော့ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ရုတ်တရက် ဝယ်လိုအား ကောင်းလာတာကြောင့် ဒီရက်ပိုင်းမှာ မကြုံစဖူး ဈေးတွေ ထိုးတက်လာတယ်။ အနှစ်ချုပ်ပြောရရင်တော့ အခု ၂၀၂၂ ခုနှစ်ရဲ့ ထွက်သမျှ သီးနှံတွေထဲမှာ ဈေးနှုန်းအတက် အကြမ်းဆုံးကတော့ ဒီနံနံစေ့ပဲလို့ ပြောလို့ရသလို ၂၀၁၆ ခုနှစ်ကနေ ဒီနှစ် အခုချိန်အထိ နံနံစေ့ ဈေးနှုန်းတွေထဲမှာလည်း စံချိန်တင် အမြင့်ဆုံး ရောက်ရှိခဲ့တာပဲ ဖြစ်ပါတယ်" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

အဆိုပါ နံနံစေ့ ဈေးနှုန်းမှာ ယခင်သကြင်္န် အပြီးကာလက ရှစ်ပိဿာဝင် တစ်တင်းလျှင် ငွေကျပ် တစ်သောင်းသာရှိခဲ့ရာမှ ယခု ဇွန်လ ၈ ရက်နေ့တွင် ငွေကျပ် တစ်သောင်းငါးထောင်နှုန်းအထိ

*စာမျက်နှာ ၃ ကော်လံ ၁* ◆



မြစ်တွင်းသွား ချယ်ရီသင်္ဘော (၂)ကို တွေ့ရစဉ်။

## ခရီးသည်များ အဆင်ပြေချောမွေ့စေရေး ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောခရီးစဉ်များ ခေါက်ရေတိုးပြေးဆွဲ

**ရန်ကုန် ဇွန် ၈**

စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ဝင်ထွက်သွားလာရာတွင် အဓိကဝင်ပေါက်တစ်ခုဖြစ်သည့် ရန်ကုန် (ပန်းဆိုးတန်း-ဒလ) သင်္ဘောဆိပ်ကမ်း၌ ဒလမြို့နယ် ဒေသခံပြည်သူများအပါအဝင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်များနှင့် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ၊ လုပ်သားပြည်သူများစွာတို့ကို မြစ်တွင်းသွား ချယ်ရီသင်္ဘောများဖြင့် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိရာ အဆိုပါ သင်္ဘောဆိပ်ကမ်း၌ ရေယာဉ်ခရီးစဉ်များကို ဇွန် ၇ ရက်တွင် စတင်၍ ခေါက်ရေတိုးပြီး ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက် ပြေးဆွဲပေးလျက်ရှိ ကြောင်း သိရသည်။

ထိုသို့ ပြေးဆွဲပို့ဆောင်ပေးရာ တွင် (ပန်းဆိုးတန်း-ဒလ) သင်္ဘော ခရီးစဉ်များအနေဖြင့် ရုံးဖွင့်ရက်များတွင် အသွား ၃၆ ခေါက်၊ အပြန် ၃၆ ခေါက်နှုန်းဖြင့် လည်းကောင်း၊ ရုံးပိတ်ရက်များတွင် အသွား အခေါက် ၃၀၊ အပြန် အခေါက် ၃၀ နှုန်းဖြင့် လည်းကောင်း၊ ဒလဆိပ်ကမ်းမှ စတင်ထွက်ခွာချိန် နံနက် ၅ နာရီခွဲမှ ည ၈ နာရီအထိနှင့် ပန်းဆိုးတန်းဆိပ်ကမ်းမှ နံနက် ၆ နာရီမှ စတင်၍ ည ၈ နာရီခွဲအထိ လည်းကောင်း ခရီးသည်များ သွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက်

*စာမျက်နှာ ၃ ကော်လံ ၅* ▼

### ပြည်သူ့အကျိုးသယ်ပိုးထမ်းရွက် အုပ်ချုပ်ရေးမှူးအဆက်ဆက်

စာ ၆

### ပြည်သူပိုင်ပစ္စည်း ကိုယ့်ပစ္စည်းမို့

ဆောင်းပါး

စာ ၁၀

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

စာ ၁၅

### ဂျီ - ၇ နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအတွက် အမေရိကန်သမ္မတဘိုင်ဒင် တောင်းဆိုမည်



စာ ၁၂



# ပညာရှိ လက္ခဏာများ ပျောက်ဆုံးခြင်း

ကြားနေရပါလျက် နားက မယုံနိုင်စရာ။ မျက်စိရှေ့မှောက်တွင် တွေ့မြင်နေရသည့် ပုဂ္ဂိုလ်ကြီး၏ နှုတ်မှ ထွက်ပေါ်နေသော စကားများမှာ တစ်ချိန်တစ်ခါက ယင်းပုဂ္ဂိုလ်ကြီး၏ ဂုဏ်ပုဒ်နှင့် လားလားမှ မဆိုင်သောကြောင့် ဟုတ်မှ ဟုတ်ပါလေစဟုပင် တွေးချင့်စရာ။ လူသားတို့၏ အသက်ကို ကယ်တင်စောင့်ရှောက်ရသည့် ဆေးပညာရှင်ကြီး၏ နှုတ်မှ ကျောချမ်းဖွယ်ခြိမ်းခြောက်စကားနှင့် အစွန်းရောက် အကြမ်းဖက်သမားတို့၏ သွေးအေးရက်စက်သည့် အမူအရာတို့အတွက်လည်းကောင်း၊ အများလေးစားအားကျကြသည့် ပညာရှိကြီးတစ်ဦး ဆိုးယုတ်ကြမ်းကြုတ်သည့် ဘဝသို့ ကျရောက်သွားခြင်းအတွက်လည်းကောင်း စိတ်မကောင်းခြင်းလည်း ကြီးစွာဖြစ်ပေါ်ကြရသည်။

အဆိုပါ ပုဂ္ဂိုလ်ကြီးက မိမိသည် လူမသတ်ချင်ကြောင်း၊ ဤအခြေအနေကိုရောက်အောင် တွန်းပို့သောကြောင့် လုပ်ရခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲတတ်သည့် ပစ္စည်းများ၊ အဆိပ်ပါသည့် စားစရာများကို ဖြန့်ချထားကြောင်းဆိုသည့် သတိပေးခြိမ်းခြောက်သည့် အဓိပ္ပာယ်ဖြင့် ပြောကြားသွားမှုမှာ ပြည်သူကို တိုက်ရိုက်ခြိမ်းခြောက်လိုက်ခြင်းပင်ဖြစ်ပြီး အကြမ်းဖက်သမားတို့၏ လုပ်နည်းလုပ်ဟန်ကို ကျင့်သုံး၍ ပြည်သူလူထုအတွင်း အကြောက်တရားဖုံးလွှမ်းအောင် ဆောင်ရွက်လိုက်ခြင်းပင်ဖြစ်သည်။ တကယ်တမ်းတွင် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရမည့်သူအများစုမှာ မသိနားမလည်သည့် အရွယ်ကလေးများသာလျှင် ဖြစ်နိုင်သည်။ တကယ်တမ်းဖြစ်သင့်သည်မှာ လက်နက်ကိုင်တော်လှန်စစ်ပွဲ ဆင်နွှဲလိုပါက တပ်မတော်နှင့်သာ ရင်ဆိုင်တိုက်ပွဲဝင်ကြရန်ဖြစ်ပြီး အပြစ်မဲ့နားမလည်သူ ကလေးငယ်များကို ရည်ရွယ်ပစ်မှတ်ထား၍ နိုင်ငံရေး ရည်မှန်းချက်ပြည့်မြောက်မည်အထင်ဖြင့် အကြမ်းဖက်လမ်းစဉ်ကို လိုက်ခြင်းမှာမူ ပြည်သူလူထု၏ ဆန့်ကျင်မုန်းတီးမှုနှင့်သာ ရင်ဆိုင်ကြရမှာဖြစ်သည်။

ပညာရှိတို့၏ လက္ခဏာသုံးပါတွင် သုစိန္တိတ စိန္တီ– ကောင်းသော အကြံကိုသာ ကြံစည်ခြင်း၊ သုဘာသိတ ဘာသီ–ကောင်းသော စကားကိုသာ ပြောဆိုခြင်း၊ သုကတ ကမ္မ ကာရီ– အပြစ်မရှိ ကောင်းသော အလုပ်ကိုသာ ပြုလုပ်လေ့ရှိခြင်းဟူ၍ ပြဆိုထားရာ လူမှုကွန်ရက်တွင် ပျံ့နှံ့နေသည့် ဗီဒီယိုဖိုင်မှ မြင်ရ၊ ကြားရသမျှတို့တွင် ကောင်းသော အကြံ၊ ကောင်းသောစကား၊ ကောင်းသောအလုပ်တို့နှင့် ဆန့်ကျင်ဘက်များသာဖြစ်သည့်အလျောက် ဒေါသအမှောင်၊ မောဟအမှောင်တို့ ဖုံးလွှမ်းမှုအောက်တွင် ပညာရှိလက္ခဏာတို့ ပျောက်ဆုံးနေပြီဖြစ်သည်ကို တွေ့ရသည်။

ပညာဟူသည် သင့် မသင့်၊ ရာ မရာ၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို ဝေဖန်ပိုင်းခြားနိုင်သည့် စွမ်းရည်ဖြစ်ပြီး ပညာရှိတစ်ဦး အနေဖြင့် မိမိတွင်အပြစ်ရှိပါက မိမိအပြစ်ကို ရှုမြင်နိုင်သူဖြစ်ရမှာ ဖြစ်သည်။ မိမိ၏အပြစ်ကို အပြစ်ဟု မမြင်နိုင်သည့်အပြင် လူသတ်ရန် ကြံစည်အားထုတ်ခြင်း၊ လူသတ်ရန် လှုံ့လပြုခြင်း၊ လက်တွေ့ကာယကံမြောက် ပြုလုပ်ခြင်း အားလုံးတို့အတွက် မည်သူမည်ဝါ၏ တွန်းပို့မှုကြောင့်ဟူ၍ လွှဲချခြင်းမှာလည်း မဆီလျော်လှသော မလုံမလဲ ဆင်ခြေတစ်ခုဟူ၍သာဆိုရမည်။ မည်သို့ပင်ဆိုစေ ပေါက်ကွဲမှုများ၊ အဆိပ်မိမှုများကြောင့် ဖြစ်ပေါ်လာမည့် အသက်အန္တရာယ် ထိခိုက်ပျက်စီးမှုများအတွက်မူ လက်သည်တရားခံများအဖြစ် တာဝန်ယူကြရမည်ဖြစ်သည်။

အများပြည်သူတို့မှာမူ နေ့စဉ်ဘဝအသက်မွေးဝမ်းကျောင်းသွားလာလုပ်ကိုင်သည့်နေရာတိုင်းတွင် မိမိကိုယ်တိုင်အတွက် လုံခြုံရေးသတိ မပြတ်ရှိနေကြရမည် ဖြစ်သည်။ လူအများကြားရောနှောနေထိုင်ရင်း အကြမ်းဖက်လူသတ်လုပ်ရပ်များကို ရက်စက်ကြမ်းကြုတ်စွာ လုပ်ကိုင်နေသူများအား ဝိုင်းဝန်းဖော်ထုတ်ကြရန်လည်း လိုအပ်သည်။ ထို့အပြင် အကြမ်းဖက်လုပ်ရပ်များကို ထောက်ပံ့ကူညီသူ၊ ထောက်ခံအားပေးသူများကိုပါ ဖော်ထုတ်အရေးယူနိုင်ခြင်းဖြင့် အကြမ်းဖက်ဝါဒ ကျဆုံးရမည်သာဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇွန် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ဓမ္မာစရိယစာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၉ ဌာနတို့၌ (အဋ္ဌမနေ့) အဖြစ်လည်းကောင်း၊ ပါဠိပထမပြန် စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ (ဒုတိယနေ့) အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့ စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၆၁၇ ပါးအနက် ၂၁၉ ပါး ဖြေဆိုကြသဖြင့် ၃၅ ဒသမ ၄၉ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၀၂၇၇ ပါး အနက် ၂၉၆၂၇ ပါး ဖြေဆိုကြသဖြင့် ၅၈ ဒသမ ၉၃ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# စက်မှုလယ်ယာဦးစီးဌာန ပြောင်းမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသ

**လားရှိုး ဇွန် ၈**



တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် လုပ်သားရှားပါးမှုပြဿနာ ဖြေရှင်းနိုင်ရေး၊ ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေအရ လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ပြီးစီးနိုင်ရေး၊ စိုက်ပျိုး ကုန်ကျစရိတ်များ လျော့နည်း သက်သာလာစေရန် ရည်ရွယ်၍ ဇွန်လ ဒုတိယပတ်က လားရှိုးမြို့နယ် အမှတ် (၅၆) စက်မှုလယ်ယာစခန်းမှ တာဝန်ယူ၍ နောင်မွန်ကျေးရွာ စိုက်ပျိုးရေး သုတေသနခြံ၌ (New Holland TD-90) ထွန်စက်ကြီးနှင့် တွဲဖက်၍ (4 Row Seeder) (၄) တန်းသွား ပြောင်းမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသသည်။

လူလုပ်အားဖြင့် စိုက်ပျိုးပါက တစ်နေ့ သုံးဧကသာ စိုက်ပျိုးနိုင်ပြီး နည်းပညာသစ် စက်ကိရိယာ ပြောင်း မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပါက တစ်နေ့ ၁၂ ဧကခန့် စိုက်ပျိုးနိုင်ခြင်းကြောင့် ရာသီချိန်မှန်လုပ်ငန်းများ လျင်မြန်စွာ ပြီးစီးနိုင်ခြင်း၊ တစ်ဧကလျှင် ပြောင်းမျိုးစေ့ (5kg) တစ်ထုပ်ဖြင့် စိုက်ပျိုးနိုင်ခြင်း၊ စိုက်ပျိုး ကုန်ကျစရိတ် သက်သာစေခြင်း၊ ပင်ကြား တန်းကြားချိန်ညှိ၍ ရသဖြင့် ရိတ်သိမ်းချိန်တွင်လည်း စက်ကိရိယာအသုံးပြု၍ ရိတ်သိမ်းနိုင်ကြောင်း မြို့နယ်ဦးစီးဌာနမှူးက ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြောင်းမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပွဲသို့ စက်မှုလယ်ယာဦးစီးဌာန ရှမ်း(မြောက်)မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးသုတေသနခြံ မန်နေဂျာနှင့် နောင်မွန်ကျေးရွာ၊ ခေးနင်းကျေးရွာ၊ ရှန်ခိုက်ကျေးရွာများမှ တောင်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(စက်မှုလယ်ယာ)**

## ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၈**

နေပြည်တော်၊ မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မိုး/ဇလ

# စစ်မှန်ရိုးသားသည့် ဒီမိုကရေစီဖြစ်စေချင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်/မြို့နယ်များအလိုက် မဲစာရင်းစိစစ်တွေ့ရှိမှုများနှင့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအခြေအနေများအား ဌာနဆိုင်ရာဝန်ထမ်းများ သိရှိအောင် ပြောကြားဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီကို တန်ဖိုးထားပြီး စစ်မှန်ရိုးသားသည့် ဒီမိုကရေစီဖြစ်စေချင်သော်လည်း ယခင်ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီကို မရိုးမသား ပြုလုပ်ခဲ့သည့်အတွက် နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို နိုင်ငံ့ဝန်ထမ်းများအားလုံး နားလည်သိရှိရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံဆွေးနွေး


**နေပြည်တော် ဇွန် ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့သည် တရုတ်နိုင်ငံ ချုံချင့်မြို့တွင် ကျင်းပသည့် အာဆီယံ-တရုတ် နိုင်ငံခြားရေး ဝန်ကြီးများ အထူးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများ ကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် Wanda Realm Chongqing ဟိုတယ် Sunac Centro Hall ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြှင့်တင်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို ဆက်လက် အကောင်အထည်ဖော်သွားရေး၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် မြန်မာပြည်သူများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမို အားကောင်းလာစေရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးစသည့် ကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆက်လက်၍ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။ အာဆီယံ၏ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု မပြုရေး မူဝါဒနှင့် အာဆီယံနည်းလမ်းတို့နှင့်အညီ မြန်မာနိုင်ငံ၏ နိုင်ငံရေး တိုးတက်မှုများကို တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက် ထောက်ပံ့ရေးကိုလည်း နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးမှ ဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက်(၉)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်တို့၏ တိုးတက်မှုများကိုလည်း အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



◆ *ရွှေဖုံးမှ*

မြင့်တက်ခဲ့သည့်အပြင် အရောင်းအဝယ်များမှာလည်း ဈေးကွက်အတွင်း၌ ဝယ်လိုအား များပြားလျက်ရှိနေကြောင်း သိရသည်။

နံနံစေ့သီးနှံသည် လက်ရှိတွင် မန္တလေးဈေးကွက်သို့ စစ်ကိုင်း၊ ရွှေဘို၊ ဝက်လက်၊ မြင်းမူ၊ သဲတော၊ မြင်းခြံ၊ မလှိုင်၊ တောင်သာမြို့နယ်များမှ ဝင်ရောက်လျက်ရှိနေပြီး ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နံနံပင်ကို အစေ့ထွက်သည့် အချိန်အထိ မစောင့်ဆိုင်းဘဲ မုန့်ဟင်းခါးနှင့် အခြားဟင်းလျာများတွင် ထည့်သွင်းစားသုံးရန်အတွက် အပင်လိုက်ရောင်းချလေ့ရှိကြောင်း သိရသည်။

"နံနံစိုက် တောင်သူများအနေနဲ့ အခုလို နံနံစေ့ ဈေးကောင်းရနေတဲ့ အချိန်မှာ အပင်လိုက်ရောင်းချခြင်းထက် အစေ့ထွက်တဲ့အထိ အချိန်ယူစောင့်ဆိုင်းပြီး ရောင်းချသင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဟင်းခတ်အမွှေးအကြိုင်အနေနဲ့ ထွက်ရှိတဲ့ သီးနှံတွေထဲမှာ နံနံစေ့ တင်မကဘဲ စမုံစပါးနဲ့ စမုံနက်သီးနှံတွေလည်း ထွက်ရှိပါတယ်။ ဒီစမုံစပါးနဲ့ စမုံနက်သီးနှံတွေကို ဟင်းခတ်အမွှေးအကြိုင်အနေနဲ့ ထည့်သွင်း အသုံးပြုရုံသာမက မြန်မာ့တိုင်းရင်းဆေး ဖော်စပ်တဲ့နေရာမှာလည်း ထည့်သွင်းအသုံးပြုလေ့ ရှိကြပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

လက်ရှိတွင် မန္တလေးဈေးကွက်အတွင်း၌ နံနံစေ့ သီးနှံဈေးနှုန်းအပြင် စမုံနက်နှင့် စမုံစပါး ဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိရာ သကြံ့န် မတိုင်မီက တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ နှုန်း ပေါက်ဈေးရှိခဲ့သည့် စမုံနက်မှာ ယခု ဇွန် ၈ ရက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းအထိလည်းကောင်း၊ ယခင် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ နှုန်းသာ ရှိခဲ့သော စမုံစပါး ဈေးနှုန်းမှာ ယနေ့တွင် တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ နှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်များ သွက်လက် မြန်ဆန်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

▼ *ရွှေဖုံးမှ*

သဘော်ရေယာဉ် ခရီးစဉ်များကို ပြောင်းလဲသတ်မှတ်၍ ခေါက်ရေတိုး ပြေးဆွဲပေးခြင်းဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ သိရသည်။

အဆိုပါ သဘော်ဆိပ်ကမ်းတွင် ခရီးသည်သွားလာမှုအနေဖြင့် ဇွန် ၁ ရက်တွင် ခရီးသည် ၁၀၀၀၀၊ ဇွန် ၂ ရက်တွင် ခရီးသည် ၁၀၂၀၀၊ ဇွန် ၃ ရက်တွင် ၁၀၃၀၀၊ ဇွန် ၄ ရက်တွင် ခရီးသည် ၁၀၃၉၀၊ ဇွန် ၅ ရက်တွင် ခရီးသည် ၆၅၀၀၊ ဇွန် ၆ ရက်တွင် ခရီးသည် ၆၆၈၀၊ ဇွန် ၇ ရက်တွင် ခရီးသည် ၁၀၅၄၀တို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီး ခရီးသည်များ အေးအေးချမ်းချမ်းဖြင့် ပုံမှန်ကူးသန်းသွားလာလျက်ရှိကြောင်း ရန်ကုန်ပန်းဆိုးတန်းဆိပ်ကမ်း မန်နေဂျာရုံးမှ သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၆-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၄ တွင် ဖော်ပြပါရှိသော "ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မိတ်ဖက်ဆက်ဆံရေး နှစ်(၃၀) ပြည့်အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်"သတင်း တတိယကော်လံ၊ စာကြောင်းရေ ၆ တွင် **ဘရူနိုင်းဒုတိယနိုင်ငံခြားရေးဝန်ကြီး(၂)** အစား **ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂)** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ

**နေပြည်တော် ဇွန် ၈**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

**မိုး/ဇလ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၆) ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည့် (၆) ကြိမ်မြောက် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။




### ပါဝင်တက်ရောက်

အစည်းအဝေးကို တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးမှ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်မှုအခြေအနေများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများ၏ တိုးတက်မှုအခြေအနေများ၊ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်လုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားကြရန် ထပ်လောင်းအတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရာသီဥတုပြောင်းလဲမှု၊ ကပ်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များနှင့် သမားရိုးကျ မဟုတ်သည့် စိန်ခေါ်မှုများ အစရှိသည့် ကမ္ဘာ့စိန်ခေါ်မှုများကို မဲခေါင်- လန်ချန်း မိသားစုစိတ်ဓာတ်ကို အခြေခံ၍ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် လေးစားယုံကြည်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း၊ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူများလက်တွေ့အကျိုးကျေးဇူးရရှိမှု၊ အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်မှု၊ ထိရောက်မှုရှိမှုတို့ကြောင့် ၅နှစ်ကာလအတွင်း အဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူများသာမက နိုင်ငံတကာ အသိုက်အဝန်းကပါ အသိအမှတ်ပြုလာပြီဖြစ်ကြောင်း၊ မဲခေါင်- လန်ချန်း ဒေသအတွင်း ကူးစက်ရောဂါများအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အထောက်အကူဖြစ်စေရန် တရုတ်နိုင်ငံက “ပြည်သူ့ကျန်းမာရေးဆိုင်ရာ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ” ထူထောင်ပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုတွင် ဒေသတွင်း နယ်စပ်ဖြတ်ကျော်မှုခင်းများဖြစ်သည့် လူကုန်ကူးမှု၊ တရားမဝင် ဆေးဝါးများထုတ်လုပ်ရောင်းဝယ်မှု၊ လက်နက်ကုန်ကူးမှု၊ သစ်တောထွက်ပစ္စည်းများအား တရားမဝင်ကုန်ကူးမှု တိုက်ဖျက်ရေးတို့ကို ပိုမို အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် ပြည်သူအချင်းချင်း အပြန်အလှန်ဆက်ဆံမှု မြှင့်တင်ရေး၊ လူငယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ အဖွဲ့ဝင်နိုင်ငံများ၏ မဲခေါင်- လန်ချန်း အတွင်းရေးမှူးရုံး/ပူးပေါင်းညှိနှိုင်းရေးရုံးများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကဏ္ဍ၊ မဲခေါင်- လန်ချန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးရပ်ဝန်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်း- ရေနှစ်သွယ် ကုန်သွယ်ရေးစင်္ကြံသစ်တို့အကြား ပေါင်းစပ်ဆောင်ရွက်သွားရန် ကိစ္စတို့ကို ဆွေးနွေးသည်။

### ထိတွေ့ဆက်ဆံမှုတိုးမြှင့်

ယင်းနောက် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက အနာဂတ် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုဦးစားပေးမူဝါဒ (Development First) ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ COVID-19 ရောဂါတုံ့ပြန်ရေး၊ ကာကွယ်ဆေးရရှိရေးနှင့် COVID-19 အလွန် စီးပွားရေးပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထို့အပြင် ဒေသတွင်းပြည်သူများ လူနေမှုမြင့်မားတိုးတက်ရေးအတွက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေများကို ပိုမိုထိရောက်စွာ အသုံးချစေလိုကြောင်း၊ ပညာရေးနှင့် လူငယ်ကဏ္ဍ အပါအဝင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးကို ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

### အကောင်အထည်ဖော်ဆောင်ရွက်

အစည်းအဝေးမှ “၂၀၂၁ ခုနှစ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ” ဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများစာရင်းကို အတည်ပြုချမှတ်ခဲ့ရာ မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၈ သန်းကျော်တန်ဖိုးရှိ စီမံကိန်း ၂၂ခု ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံသည် အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေကို မဲခေါင်-လန်ချန်း အထူးရန်ပုံငွေမှ လက်ခံရရှိမည်ဖြစ်ပြီး ကျန်းမာရေး၊ သမားရိုးကျမဟုတ်သော လုံခြုံရေး၊ လုပ်ငန်းခွင် ပညာရေး၊ လူ့စွမ်းအား အရင်းအမြစ်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထုတ်လုပ်မှု၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေးကဏ္ဍများတွင် အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

အစည်းအဝေးမှ ဒေသဆိုင်ရာ အစိုးရ/အုပ်ချုပ်ရေး အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍနှင့် တိုင်းရင်းဆေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ပူးတွဲ ထုတ်ပြန်ချက် ၃ ခုကို ထုတ်ပြန်ခဲ့သည်။

### ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသ တွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကိုလျှော့ချရန်နှင့် ဒေသတွင်းနိုင်ငံများ၏ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းမှုများအား အထောက်အကူပြုရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအဖြစ် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ ပါဝင်သည်။

### ဖွင့်ပွဲအခမ်းအနား တက်ရောက်

မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများသည် အစည်းအဝေး မစတင်မီတွင် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပြပွဲအား ကြည့်ရှုလေ့လာခဲ့ပြီး မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု website ကို အဖွဲ့ဝင်နိုင်ငံများ၏ ဘာသာ ၆ ခုနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် စတင်ထုတ်လွှင့်ခြင်း အခမ်းအနား၊ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဒီဇိုင်းပြိုင်ပွဲဖွင့်ပွဲနှင့် Mekong-Lancang Youth Online Platform ဖွင့်ပွဲအခမ်းအနားများကို တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၈

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။** (ယာပုံ)



**တိကျမြန်ဆန်စွာ အကောင်အထည်ဖော်**

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက စားနပ်ရိက္ခာအာဟာရ ဖူလုံပြည့်ဝရေးသာမကပဲ လယ်ယာကုန်ထုတ်လုပ်မှုဖြင့် လူနေမှုအဆင့်အတန်း မြင့်မားရေးဆောင်ရွက်ရန် ရည်ရွယ်၍ လယ်ယာမြေများကို ကာကွယ်ရန် မူဝါဒများ တိတိကျကျ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူ အကျိုးငှာ မြေယာများအသုံးချရန် လိုအပ်ပါက မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးများ ပေးလျော်ရန် ကိစ္စရပ်များအပေါ် သင့်တင့်မျှတမှုရှိစေရေး အတွက် စေ့စေ့စပ်စပ် စိစစ်သုံးသပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဥပဒေအရပေးအပ်သော မြေယာ လျော်ကြေးများကို မူလပိုင်ရှင်များ နှောင့်နှေးမှုမရှိဘဲ ခံစားနိုင်စေရေးနှင့် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသ၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ကြန့်ကြာမှု မရှိစေဘဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တို့အတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်က ချမှတ်ထားသည့် မြေယာဆိုင်ရာ မူဝါဒ များနှင့်အညီ တိကျမြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးစိစစ်ဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် တွင် ဒုတိယအကြိမ်အဖြစ် ယနေ့ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး၌ စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုခဲ့ရသည့် စိုက်ပျိုး မြေများအတွက် နစ်နာကြေး၊ လျော်ကြေးပေးချေရန် ကိစ္စရပ်များ၊ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် ဆိုင်ရာ ကိစ္စရပ်များ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးနှင့် သက်ဆိုင်သည့် အမှုတွဲများ၊ လယ်ယာမြေ ဥပဒေပုဒ်မ ၂၈ (က) အရ မူလစိုက်ပျိုးလျက်ရှိသည့် သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ လုပ်ပိုင်ခွင့်ပြု ထားသည့် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းကို လယ်ယာ မြေအဖြစ် သတ်မှတ်ပေးရန် လယ်ယာမြေဥပဒေ ပုဒ်မ ၃၄ နှင့် လယ်ယာမြေနည်းဥပဒေ ၃၅၊ ၃၆ တို့အရ လျှောက်ထားလာသည့် အမှုတွဲများနှင့် ပတ်သက်၍လည်းကောင်း၊ နေပြည်တော်၊တိုင်းဒေသ ကြီး/ ပြည်နယ်၊ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များက ဖြေရှင်းဆောင်ရွက်လျက်ရှိသော လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့် ပတ်သက်၍လည်း ကောင်း ဆွေးနွေးစိစစ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြင်ဦးလွင်ခရိုင်အတွင်း ဒုဋ္ဌဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် အပန်းဖြေဥယျာဉ်များကြည့်ရှု

**နေပြည်တော် ဇွန် ၈**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မန္တလေး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အတူ ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် ခရိုင်အတွင်းရှိ ရဲရွာရေအား လျှပ်စစ်စက်ရုံ သွားရာလမ်း (၁၃) မိုင်ရှိ ဒုဋ္ဌဝတီမြစ်ကမ်းဘေး တွင် ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေ လည်ပတ် နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက် ရှိသည့် Valley View Point စီမံကိန်းသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြား သည်။



**ရည်ရွယ်ဖော်ဆောင်**

ယင်းစီမံကိန်းသည် ဒေသ အတွင်းရှိ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ် ဖော်ဆောင်သည့် စီမံကိန်းတစ်ခု ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ဒုဋ္ဌဝတီ မြစ်ကြောင်းတစ်လျှောက် စီမံ ကိန်း ဆောင်ရွက်လျက်ရှိသည့် (၁၃) မိုင်မှ (၃)မိုင်အတွင်းရှိ ခရီး သွားဧည့်သည်များကို ဆွဲဆောင် နိုင်သည့် နေရာများကိုလည်း ကောင်း၊ သစ္စာစိန်စီအပန်းဖြေ ဥယျာဉ်ကိုလည်းကောင်း ကြည့်ရှု သည်။

အဆိုပါ အပန်းဖြေဥယျာဉ် သည် အေးမြကြည်လင်သည့် ရေကူးကန်၊ ပေ ၃၀ မြင့် ရေလျှော လျှောစင်၊ မြူးကြွသည့် သံစဉ်များ နှင့် ကခုန်နိုင်ရန် ဆောင်ရွက် ထားရှိသည့် ရေပန်းများအား တစ်စုတစ်စည်းတည်း တည် ဆောက်ထားသဖြင့် လာရောက် အပန်းဖြေသူများနှင့် စည်ကား လျက်ရှိသည်။

**သွားရောက်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် ရဲရွာရေအား လျှပ်စစ်သွားရာလမ်း (၅) မိုင်ရှိ ပြည်သူ့နန်းတော် အပန်းဖြေ ဥယျာဉ်ကိုလည်းကောင်း၊ မွန်းလွဲ ပိုင်းတွင် ရဲရွာရေအားလျှပ်စစ် သွားရာလမ်း (၆) မိုင်ရှိ ဖလန်း ဖလန်း Water Land ကိုလည်း ကောင်း သွားရောက်ကြည့်ရှု သည်။

ထိုမှတစ်ဆင့် ရဲရွာရေအား လျှပ်စစ်သွားရာလမ်းတွင် တည်ရှိ သည့် Mandalay Water Boom နှင့် (၇)မိုင် သဘာဝကမ်းခြေတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ပထမဆုံး စတင်မိတ်ဆက်**

အဆိုပါ Mandalay Water Boom သည် ၁၈ ဧက ကျယ်ဝန်း ပြီး မြန်မာနိုင်ငံတွင် ပထမဆုံး Resort နှင့် Water Boom အား တွဲဖွင့်သည့် လုပ်ငန်းဖြစ်ပြီး မြန်မာနိုင်ငံရှိ ပြည်သူများအား ဆူနာမိရေလှိုင်းတုနှင့် ပထမဆုံး စတင်မိတ်ဆက် ဖွင့်လှစ်ပေးခဲ့ သည့် Water Boom ဖြစ်သည်။ တစ်ဆက်တည်း လာရောက် လည်ပတ်သည့် ခရီးသွား ဧည့်သည်များနှင့် ရေကစားသူများ အပန်းဖြေအနားယူနိုင်ရန်အတွက် အခန်းပေါင်း ၆၀ ပါရှိသည့် Resort ကိုလည်း တည်ဆောက်ထားရှိ ကြောင်း သိရသည်။

**ခရီးစဉ်ဒေသတစ်ခုဖြစ်**

မန္တလေးတိုင်းဒေသကြီးသည် ရှေးဟောင်း အမွေအနှစ်များ ပေါကြွယ်ဝပြီး ဘုရားပုထိုးစေတီ များ၊ သာသနိက အဆောက်အအုံ များနှင့် ကမ္ဘာပေါ်တွင်အရှည်ဆုံး ကျွန်းသားတံတားဖြစ်သည့် ဦးပိန် တံတားအပါအဝင် လည်ပတ် လေ့လာစရာ ခရီးစဉ်ဒေသများစွာ ရှိသည့်အပြင် ကိုဗစ်-၁၉ ကာလ အတွင်း မွန်းကျပ်နေသည့် ပြည်သူ များ ပျော်ရွှင်စွာ သွားလာလည် ပတ်နိုင်သည့် အပန်းဖြေဥယျာဉ် များ ရှိခြင်းတို့ကြောင့် ခရီးသွား ဧည့်သည်များ လာရောက် လည်ပတ်လျက်ရှိသည့် ခရီးစဉ် ဒေသတစ်ခုဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီမှ ပညာသင်စရိတ် ကူညီထောက်ပံ့

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု ကော်မတီမှ ဝန်ထမ်းသားသမီးများအတွက် ဇွန် ၁ ရက်တွင် စတင် ဖွင့်လှစ်ခဲ့သော ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၏ ပညာသင်ထောက်ပံ့စရိတ် များ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း ဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ( YRTC) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (၁)၊ တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းတင့် တက်ရောက်ကာ ပညာသင် စရိတ် ထောက်ပံ့ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။

ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူ ပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ ( YRTC) ဝန်ထမ်းသားသမီးများ၏ ပညာသင်ထောက်ပံ့စရိတ်အတွက် ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ဝန်ထမ်း ၃၆၀ အတွက် ငွေကျပ်သိန်းပေါင်း ၃၆၀ ကို ဌာနအသီးသီးအလိုက် ပညာသင်ထောက်ပံ့စရိတ်ပေးအပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၁)၊ YRTC ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းတင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့က ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**



တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (၁)၊ YRTC ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းတင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်နေစဉ်။

# ပြည်သူ့အကျိုးသယ်ပိုးထမ်းရွက် အုပ်ချုပ်ရေးမှူးအဆက်ဆက်

## သိုက်စိုးထွန်း(နတ်ရွာ)

**နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးမဏ္ဍိုင်သည် အဓိကကျသည့်အခန်းကဏ္ဍတွင်ပါဝင်လျက်ရှိပြီး ယင်းမဏ္ဍိုင်၏အခြေခံအုတ်မြစ်မှာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးပင်ဖြစ်ပါသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်သည် အများပြည်သူအကျိုးစီးပွား ဖြစ်ထွန်းစေမည့် ကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းစသည်တို့ ပြုလုပ်ရသည်ဖြစ်ရာ အခြေခံကျသည့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးစနစ်သည်လည်း ရပ်ရွာနေပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် ရည်ရွယ်ထူထောင်ထားသည့် စနစ်တစ်ရပ်ဖြစ်ပါသည်။**

ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မိမိရပ်ရွာအကျိုးအတွက် လုပ်ငန်းတာဝန်ပေါင်းများစွာကို ထမ်းဆောင်ရသည်ဖြစ်ရာ ယင်းတို့အနက်မှအချို့အချက်များကို ကောက်နုတ်တင်ပြလိုပါသည်။ ပင်လယ်သမုဒ္ဒရာရေ၏ အရသာကိုသိရှိနိုင်ရန်အတွက် ပင်လယ်ရေအားလုံးကို ခပ်ယူသောက်သုံးရန်မလိုဘဲ တစ်ခွက်စာမျှခပ်ယူသောက်သုံးကြည့်ခြင်းအားဖြင့် သိနိုင်သည်သာဖြစ်ပါသည်။ ယခုဆောင်းပါးတွင် ဖော်ပြထားသည့် လုပ်ငန်းတာဝန်များသည် သမုဒ္ဒရာအတွင်းမှ ရေတစ်ခွက်စာမျှသာ ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူးတစ်ဦးသည် မိမိရပ်ရွာအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆိုင်ရာ ကိစ္စရပ်များကို အဓိက တာဝန်ယူဆောင်ရွက်ရပါသည်။ ပြည်သူ့လုံခြုံရေးအတွက် ဆောင်ရွက်ရသကဲ့သို့ မီးဘေးလုံခြုံရေးအတွက် မီးချိတ်၊ မီးကပ်၊ ရေ၊ သဲဖြည့်တင်းထားစေခြင်း၊ ရာသီအလိုက် မီးမွေးထမင်းချက်ချိန် သတ်မှတ်ခြင်း၊ မီးတားလမ်းများဖောက်လုပ်ခြင်း၊ မီးကင်းများစောင့်စေခြင်း စသည်တို့ကိုလည်း ရပ်ရွာအရန်မီးသတ်များနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရပါသည်။

### ရပ်ရွာကိုဦးဆောင်

သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် မီးဘေးကာကွယ်ရေးလုပ်ငန်း၊ ရေဘေးကာကွယ်ရေးလုပ်ငန်း၊ လေဘေးကာကွယ်ရေးလုပ်ငန်းတို့ကို ရပ်ရွာကိုဦးဆောင်၍ ဆောင်ရွက်ရသကဲ့သို့ သဘာဝဘေးကျရောက်ချိန်တွင်လည်း ပျောက်ဆုံးသူများ ရှာဖွေကယ်ဆယ်ရေး၊ ဒဏ်ရာရရှိသူများ ကုသရေး၊ ကျန်ရှိသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေး၊ ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူပြီး သက်ဆိုင်ရာသို့တင်ပြခြင်း၊ အထောက်အပံ့များရရှိချိန်တွင် ဘေးသင့်သူများလက်ဝယ်အရောက် ညီညွတ်မျှတစွာ ခွဲဝေဖြန့်ဖြူးပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ရပါသည်။

ကျန်းမာရေးကိစ္စရပ်များဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုးနှံရာတွင်လည်းကောင်း၊ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများတွင်လည်းကောင်း၊ ခြင်ဆေးဖျန်းရာတွင်လည်းကောင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ရာတွင်လည်းကောင်း သက်ဆိုင်ရာဌာန၏ လုပ်ငန်းအဆင်ပြေချောမွေ့မှုရှိစေရေးအတွက် အုပ်ချုပ်ရေးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရပါသည်။ ကိုဗစ်-၁၉ ကဲ့သို့သော ကူးစက်ရောဂါများ ဖြစ်ပွားချိန်တွင်လည်း ရပ်ရွာအဝင်/အထွက်စစ်ဆေးခြင်း၊ နှာခေါင်းစည်းတပ်စေခြင်း၊ လက်ဆေးစေခြင်း၊ အသွားအလာကန့်သတ်ထားသည့်ဒေသများမှ ရောက်ရှိလာသူများကို သတ်မှတ်နေရာများတွင် အသွားအလာ ကန့်သတ်ခြင်း၊ ယင်းတို့၏ နေထိုင်စားသောက်ရေးအဆင်ပြေစေရေးအတွက် အစိုးရအစီအစဉ်၊ အလှူရှင်အစီအစဉ်တို့ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ရောဂါထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းဖောက်ဖျက်သူများကို အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အသိပေးခြင်း စသည်တို့ကိုလည်း ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ကြရပါသည်။ ကူးစက်ရောဂါဖြင့်သေဆုံးသည့် တိရစ္ဆာန်များ၏အသားများကို စားသုံးခြင်း၊ ရောင်းချခြင်း မပြုစေရေးအတွက်လည်း သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်နှင့်အညီ ကြပ်မတ်ပေးကြရပါသည်။

ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများ သန့်ရှင်းသာယာလှပရေးအတွက် ပံ့ပိုးကူညီပေးရသည့်နည်းတူ စာသင်ကျောင်းများ သန့်ရှင်းသာယာရေးအတွက်လည်း ပံ့ပိုးကူညီပေးကြရသူများဖြစ်ပါသည်။

သုံးမြွာပူးနှင့်အထက်မွေးဖွားပါက နိုင်ငံတော်အထောက်အပံ့ရရှိစေရေးအတွက် သက်ဆိုင်ရာသို့တင်ပြပေးခြင်း၊ မသန်စွမ်းသူများ အထောက်အပံ့ရရှိရေး၊ သက်ကြီးဘိုးဘွားများ လူမှုရေးပင်စင်ရရှိစေရေးတို့အတွက်လည်း အုပ်ချုပ်ရေးမှူးက အဓိကတာဝန်ယူစိစစ်တင်ပြပြီး ယင်းအထောက်အပံ့များကို သက်ဆိုင်ရာပုဂ္ဂိုလ်များ လက်ဝယ်အရောက် ထုတ်ပေးရာတွင်လည်း အုပ်ချုပ်ရေးမှူးကသာ တာဝန်ယူဆောင်ရွက်ပေးရပါသည်။

**အုပ်ချုပ်ရေးမှူးများကို လုပ်ကြံသတ်ဖြတ်လိုက်ခြင်းကြောင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကို ထိခိုက်စေသည်ကား မှန်ပါ၏။ သို့သော် ယင်းထိခိုက်မှုကြောင့် မည်သူ့ကို နစ်နာစေမည်ကိုကား ဝေဖန်သုံးသပ်ရန်လိုအပ်ပါ၏။ အမှန်အားဖြင့် မိမိတို့ရပ်ရွာ၌ အုပ်ချုပ်ရေးမှူးမရှိပါက မိမိတို့ရပ်ရွာနေပြည်သူများကိုသာ ထိခိုက် နစ်နာမှုဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။ သေဆုံးသွားရသူသည်လည်း မိမိတို့ဆွေမျိုးနီးစပ်၊ ရွာဆွေမျိုး၊ ရပ်ဆွေမျိုးထဲကဖြစ်နိုင်သကဲ့သို့ ယင်းမရှိချိန်တွင် လိုအပ်လာမည့် အမျိုးမျိုးသော စိစစ်ထောက်ခံချက်များမရရှိမှုကြောင့် နောက်ဆက်တွဲနစ်နာရသူများမှာလည်း တစ်ချိန်ချိန်တွင် မိမိကိုယ်တိုင်ပင် ဖြစ်လာနိုင်ဖွယ်ရှိ**

နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး၊ အိမ်ထောင်စု လူဦးရေစာရင်းပြုလုပ်ရေးတို့အတွက် သက်ဆိုင်ရာသို့ စိစစ်ထောက်ခံပေးမှုများပြုလုပ်ပေးသကဲ့သို့ ဌာနဆိုင်ရာအလုပ်၊ ကုမ္ပဏီအလုပ်များ လျှောက်ထားရာတွင်လည်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များ ပြုလုပ်ပေးပါသည်။

ရပ်ရွာအတွင်းရှိ သာရေး၊ နာရေးပွဲများ အဆင်ပြေစေရေးအတွက်လည်း ဦးစီးဦးဆောင်ပြုပေးပါသည်။ ပွဲလမ်းသဘင်အခမ်းအနားများ၌ဖြစ်စေ၊ ပုံမှန်ကာလများတွင်ဖြစ်စေ အသံချဲ့စက် ဖွင့်လှစ်ရာတွင်လည်း အများပြည်သူအနှောင့်အယှက်မဖြစ်စေရေးအတွက် စည်းကမ်းများ သတ်မှတ်၍ ဖွင့်လှစ်ခွင့်ပြုမိန့်ပေးခြင်း၊ စည်းကမ်းဖောက်ဖျက်ပါက အရေးယူခြင်းတို့ ဆောင်ရွက်ပါသည်။

အခြေခံကိစ္စများဖြစ်သည့် နေအိမ်အဝင်/အထွက်လမ်းပိတ်ဆို့နေသည့်ကိစ္စ၊ ရေစီးရေလာ ပိတ်ဆို့နေသည့်ကိစ္စ၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သည့်ကိစ္စ၊ စည်းကမ်းမဲ့ တိရစ္ဆာန်မွေးမြူသည့်ကိစ္စ၊ စည်းကမ်းမဲ့ တိရစ္ဆာန်လွှတ်ကျောင်းသည့် ကိစ္စများ၌လည်း အုပ်ချုပ်ရေးမှူးက ဝင်ရောက်ညှိနှိုင်းဖြေရှင်းပေးရပါသည်။

စိုက်ပျိုးစရိတ်ချေးငွေ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေ၊ တစ်ပိုင်တစ်နိုင်ချေးငွေ၊ အစုအဖွဲ့ဝိုင်းကြီးချုပ်ချေးငွေ စသည့်ချေးငွေများ လျှောက်ထားရာ၌လည်း အုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်လိုအပ်ပါသည်။ မိသားစုပင်စင်၊ နိုင်ငံရေးပင်စင်များ လျှောက်ထားရာ၌လည်း စိစစ်ထောက်ခံချက်များ ပေးပါသည်။

### ထောက်ခံချက်များပေး

လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်း၊ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်း၊ မြေလွှတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့် လျှောက်ထားခြင်း၊ မြေငှားဂရန် လျှောက်ထားခြင်း စသည်တို့၌လည်း စိစစ်ထောက်ခံချက်ပေးရပါသည်။ နေအိမ်ဆောက်လုပ်ခွင့်၊ ပြင်ဆင်ခွင့်၊ တိုးချဲ့ခွင့်၊ ခြံစည်းရိုးကာရံခွင့်များရရှိရေးအတွက် စည်ပင်သာယာသို့လျှောက်ထားရာတွင်လည်း စိစစ်ထောက်ခံချက်များပေးရပါသည်။ အမျိုးမျိုးသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့မပြောင်း နိုင်သည့်ပစ္စည်းများရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း စသည်တို့၌လည်း အုပ်ချုပ်ရေးမှူးက အသိသက်သေအဖြစ် ဆောင်ရွက်ပေးမှသာ အထောက်အထားခိုင်လုံသည်ဟု ယူဆသူများလည်း များစွာရှိနေပါသည်။

အုပ်ချုပ်ရေးမှူးသည် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌဖြစ်သည့် အားလျော်စွာ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု ကိစ္စရပ်များအပေါ် နှစ်ဖက်စစ်ဆေးဆုံးဖြတ်ပေးခြင်း၊ မြေနုကျွန်းလုပ်ပိုင်ခွင့် ခွဲဝေချထားရေးအတွက် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လယ်မဲ့ယာမဲ့စာရင်းပြုစုခြင်း၊ နွေထယ်ရေးအမီ ကြိုတင်စီစဉ် ခွဲဝေပေးခြင်း စသည်တို့ ဆောင်ရွက်ပေးပါသည်။

ရပ်ရွာတစ်ခုအတွက် အုပ်ချုပ်ရေးမှူးတစ်ယောက် ထမ်းဆောင်ရသည့်တာဝန်များမှာ အလွန်ပင်များပြားလှပါသည်။ လူတစ်ဦးမမွေးဖွားမီအချိန်ဖြစ်သော ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းမှသည် သေဆုံးပြီးချိန်ဖြစ်သော သင်္ဂြိုဟ်သည့်လုပ်ငန်းများအထိ စဉ်တိုက်ဆက်တိုက် ပါဝင်အကျိုးပြုနေသူများ ဖြစ်ပါသည်။

မိမိရပ်ရွာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးရသူမှာလည်း အုပ်ချုပ်ရေးမှူးပင်ဖြစ်ပါသည်။

အုပ်ချုပ်ရေးမဏ္ဍိုင်ကို လည်ပတ်စေရန်အတွက် ဌာန/အဖွဲ့အစည်းအမျိုးမျိုးကို ဖွဲ့စည်းပြီး လုပ်ငန်း ဆောင်ရွက်လည်ပတ်စေလျက်ရှိပါသည်။ သို့ရာတွင် တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာရန်ပုံငွေအခြေအနေအရ ဌာန/အဖွဲ့အစည်းတိုင်းကို အခြေခံကျသည့် ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်အထိ ဖြန့်ကြက်ဖွဲ့စည်းထားနိုင်ခြင်း မရှိပါ။ သို့ဖြစ်လေရာ ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုခုက လက်လှမ်းမမီသည့် လုပ်ငန်းတစ်ရပ်ရပ် ပေါ်ပေါက်လာတိုင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကိုသာ တာဝန်လွှဲအပ် ဆောင်ရွက်ကြရပါသည်။ အခြေခံစာရင်းဇယားများသည်လည်း ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်မှ စတင်အခြေတည်၍ ဖြစ်ထွန်းပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အုပ်ချုပ်ရေးမှူးများသည် တိုင်းပြည်၏ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက်၊ ရပ်ရွာနေပြည်သူလူထု၏ အကျိုးစီးပွားအတွက် လုပ်ငန်းတာဝန်ပေါင်းများစွာကို ကြိုးပမ်းထမ်းဆောင်နေကြရသူများဟု ဆိုရမည်ဖြစ်ပါသည်။

### ပြည်သူ့အကျိုးသယ်ပိုးထမ်းရွက်ခဲ့ကြသူများ

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် ယခုကာလမှသာလျှင် တိုင်းပြည်အကျိုး၊ အများပြည်သူအကျိုးကို သယ်ပိုးကြသည်မဟုတ်ပါ။ ဟိုရှေးယခင် မြန်မာဘုရင်မင်းများလက်ထက်ကလည်း မြို့စား၊ ရွာစားစသည်ဖြင့်ရှိခဲ့ကြသကဲ့သို့ ရွှေ့လျားလာသည့် ခေတ်ကာလများတွင်လည်း သူကြီး၊ ရဝတဥက္ကဋ္ဌ၊ ရယကဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး စသည်ဖြင့် အခေါ်အဝေါ်များသာ ပြောင်းလဲသွားသော်လည်း လုပ်ငန်းတာဝန်များမှာ ဤနည်းနှင်နှင်ပင်ဖြစ်ပါသည်။ ခေတ်အဆက်ဆက် ပြည်သူ့အကျိုးသယ်ပိုးထမ်းရွက်ခဲ့ကြသူများဟုဆိုရမည်ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူးများသည် လူထဲကလူပင်ဖြစ်ပါ၏။ သို့ဖြစ်၍ လူ့သဘာဝအရ အမှားအယွင်းများလည်းရှိလာနိုင်ပါ၏။ တာဝန်ထမ်းဆောင်မှုကိုအကြောင်းပြုပြီး ကိုယ်ကျိုးရှာသူများလည်း မရှိမဟုတ်၊ ရှိနိုင်ပါ၏။ ယင်းသို့မှားယွင်းလာပါက မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် စသည်ဖြင့် တာဝန်ရှိသူများကို တင်ပြနိုင်ပါ၏။ ထိုအခါ တာဝန်ရှိသူများက တာဝန်ရှိသည့်အတိုင်း လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အပြစ်ရှိလျှင်ရှိသကဲ့သို့၊ အပြစ်မရှိလျှင် မရှိသကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၏။ လူစားလဲလှယ်သင့်လျှင် လဲလှယ်သွားမည်ဖြစ်ပါ၏။ မည်သို့ပင်ဆိုစေကာမူ ရပ်ရွာအကျိုးစီးပွားအတွက် အုပ်ချုပ်ရေးမှူးတစ်ဦးတော့ ရှိနေဖို့ အမှန်ပင် လိုအပ်လှပါ၏။

စာမျက်နှာ ၇ သို့

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဟောပြောမှုများ ပြုလုပ်ရေး**

ထိုသို့ စစ်ဆေးစဉ် လုံးဝကာကွယ်ထိန်းသိမ်းရမည့် မျိုးစိတ်များနှင့် နေရာဒေသများ၊ ဂေဟစနစ်တည်ရှိမှုပေါ် မူတည်၍ ထိန်းသိမ်းဆောင်ရွက်ရမည့် မျိုးစိတ်နှင့် နေရာဒေသများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သုတေသနဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ သဘာဝအခြေခံခရီးသွားလာရေးကိစ္စရပ်များ၊ ဒီရေတော၏တန်ဖိုး၊ အရေးပါမှု ပတ်ဝန်းကျင်နှင့် လူသားတို့အတွက် အကျိုးရှိမှုတို့ကို ဒေသခံပြည်သူတို့ သိရှိနားလည်စေရန် ပညာပေးဟောပြောမှုများ ပြုလုပ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ မှာကြားသည်။

**ထိန်းသိမ်းကာကွယ်ထား**

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ရမ်ဆာဒေသအဖြစ်လည်းကောင်း နိုင်ငံတကာအဖွဲ့အစည်းများက သတ်မှတ်ခဲ့ပြီး သဘာဝဒီရေတောများနှင့် နို့တိုက်သတ္တဝါ ၁၈ မျိုး၊ တွားသွားသတ္တဝါ ၃၈ မျိုး၊ ငှက်မျိုးစိတ် ၁၉၀၊ ငါးမျိုးစိတ် ၁၁၂ မျိုး၊ ပုစွန်မျိုးစိတ် ၁၄ မျိုး၊ ကဏန်းမျိုးစိတ် ၆ မျိုးနှင့် လိပ်ပြာမျိုးစိတ် ၃၅ မျိုးအား ထိန်းသိမ်းကာကွယ်ထားရှိသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖြိုးမွှေးကျွန်းပေါ်ရှိ ဒီရေတောပျိုးဥယျာဉ်အတွင်း သစ်မျိုး ကိုးမျိုး၊ ပျိုးပင် ၁၀ သိန်းကျော် ပျိုးထောင်ထားရှိမှု၊ Cyclone Shelter တည်ဆောက်ထားရှိမှုနှင့် သဘာဝဒီရေတောများ ကာကွယ်ထိန်းသိမ်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ် ၃၈ ရှိ သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းစိုက်ပျိုးတည်ထောင်ခဲ့သည့် ၂၀၁၅-၂၀၁၆ ဒီရေတောစိုက်ခင်း ၅၁၉ ဧကနှင့် Cyclone Shelter တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ် ၄၀ ရှိ သစ်တောဦးစီးဌာနက တည်ထောင်စိုက်ပျိုးထားသော ဒီရေတောစိုက်ခင်း ၁/၂၀၂၁ ဧက ၄၀၀ ကို ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) စိုက်ခင်းအောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုတည်မြဲအမိန့် (၂၀၀၉) သုံးသပ်ပြင်ဆင်ရေးနှင့် သဘာဝဘေး အသိပညာပေးလုပ်ငန်းများ၊ သဘာဝဘေးဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၈**

သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုတည်မြဲအမိန့်(၂၀၀၉) ကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ရေးဆွဲနိုင်ရေး ဆောင်ရွက်ရန်နှင့် သဘာဝဘေးအသိပညာပေး လုပ်ငန်းများ၊ သဘာဝဘေးသရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနအတွင်း ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)



**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်သက်သက်ခိုင်က တည်မြဲအမိန့်မှာ ၂၀၀၉ ခုနှစ်တွင် ရေးဆွဲထုတ်ပြန်ထားကြောင်း၊ အဆိုပါတည်မြဲအမိန့်ကို ပြန်လည်သုံးသပ်ပြင်ဆင်ရန်အတွက် အပိုင်းအလိုက် အဆင့်ဆင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ ယခုတည်မြဲအမိန့်ကို သုံးသပ်ပြင်ဆင်ရေးဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သဘာဝဘေးဖြစ်ပွားပါက ဖြေရှင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး / ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့် စသည်ဖြင့် အဆင့်များ သတ်မှတ်ဆောင်ရွက်မှုကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဆွေးနွေးပြောကြားပြီး သရုပ်ပြလေ့ကျင့်မှုများနှင့် ပတ်သက်၍ တပ်မတော်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးပြီး မြေပြင်တွင် လက်တွေ့မဆောင်ရွက်မီ Table Top Exercises အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးသည်။ ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

လက်ရှိအချိန်ကာလအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်နေရပြီး ဧည့်စာရင်းစစ်ဆေးခြင်း၊ ညမထွက်ရအမိန့် ထုတ်ပြန်ထားသည့်ကာလအတွင်း အရေးပေါ်ကျန်းမာရေးအခြေအနေအရ ဆေးဝါးကုသမှုခံယူနိုင်ရန်အတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းများ လုပ်ကိုင်ပေးလျက်ရှိပါသည်။

အုပ်ချုပ်ရေးမှူးများအနေဖြင့် ထမ်းဆောင်ရသည့် တာဝန်များပြားလှသော်လည်း ယင်းတို့ရရှိသည့် လစဉ်ချီးမြှင့်ငွေမှာ များပြားလှသည် မဟုတ်ပါ။ သို့သော်လည်း အုပ်ချုပ်ရေးမှူးများသည် ရပ်ရွာပြည်သူလူထုအတွက် မွန်မြတ်သည့် စေတနာ့ဝန်ထမ်းစိတ်ထားဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်ခဲ့ကြသည်သာ ဖြစ်ပါသည်။

လက်ရှိအချိန်ကာလ၌ နိုင်ငံတော်အတွင်း နိုင်ငံ ရေးပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိပါသည်။ ယင်းအပြောင်းအလဲများသည်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး ဖြစ်ထွန်းပေါ်ပေါက်လာရသည့် အပြောင်းအလဲများသာ ဖြစ်ပါသည်။ ယင်းအပြောင်းအလဲကို လက်မခံနိုင်သူများ၊ မိမိတို့စိတ်ဆန္ဒကိုသာ ရှေ့တန်းတင်သူများက တိုင်းပြည်၏ အုပ်ချုပ်ရေးမဏ္ဍိုင်ယိမ်းယိုင်ပျက်ပြားစေလိုသည့် ဆန္ဒဖြင့် အချို့ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ အချို့အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ယင်းကဲ့သို့သောအမှုများကို ကျူးလွန်သူများအနေဖြင့် မိမိတို့လုပ်ရပ်မှရရှိသည့် အကျိုးနှင့်အပြစ်ကို နှိုင်းယှဉ်ချိန်ဆ သုံးသပ်ကြည့်ရန် လိုအပ်ပါသည်။ အုပ်ချုပ်ရေးမှူးရုံးတစ်ရုံး မီးလောင်ပျက်စီးသွားခြင်းအားဖြင့် မည်သူ့အတွက် အကျိုးရှိနိုင်မည်နည်း။ မည်သူ့အတွက်မျှ အကျိုးရှိနိုင်မည် မဟုတ်ပါ။ နိုင်ငံပိုင်ပစ္စည်းများ ဆုံးရှုံးသွားခြင်းသာလျှင် အဖတ်တင်ပါသည်။ နိုင်ငံပိုင်ပစ္စည်းဆိုသည်မှာလည်း မိမိတို့နိုင်ငံသားများ စုပေါင်းပိုင်ဆိုင်သည့် ပစ္စည်းများသာလျှင်ဖြစ်ရာ ကိုယ့်ပစ္စည်းကိုယ် မီးရှို့ဖျက်ဆီးခြင်းပင် ဖြစ်ပါသည်။

**ထိခိုက်နစ်နာမှုဖြစ်ပေါ်စေ**

အုပ်ချုပ်ရေးမှူးများကို လုပ်ကြံသတ်ဖြတ်လိုက်ခြင်းကြောင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကို ထိခိုက်စေသည်ကား မှန်ပါ၏။ သို့သော် ယင်းထိခိုက်မှုကြောင့် မည်သူ့ကိုနစ်နာစေမည်ကိုကား ဝေဖန်သုံးသပ်ရန် လိုအပ်ပါ၏။ အမှန်အားဖြင့် မိမိတို့ရပ်ရွာ၌ အုပ်ချုပ်ရေးမှူးမရှိပါက မိမိတို့ရပ်ရွာနေပြည်သူများကိုသာ ထိခိုက်နစ်နာမှုဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။ သေဆုံးသွားရသူသည်လည်း မိမိတို့ဆွေမျိုးနီးစပ်၊ ရွာဆွေမျိုး၊ ရပ်ဆွေမျိုးထဲကဖြစ်နိုင်သကဲ့သို့ ယင်းမရှိချိန်တွင် လိုအပ်လာမည့် အမျိုးမျိုးသော စိစစ်ထောက်ခံချက်များမရရှိမှုကြောင့် နောက်ဆက်တွဲ နစ်နာရသူများမှာလည်း တစ်ချိန်ချိန်တွင် မိမိကိုယ်တိုင်ပင် ဖြစ်လာနိုင်ဖွယ်ရှိပါသည်။

**ဝိုင်းဝန်းစောင့်ရှောက်ကြရမည်**

ဆိုခဲ့သည့်အတိုင်း အုပ်ချုပ်ရေးမှူး ဆိုသည်မှာ ရပ်ရွာအကျိုးစီးပွားအတွက် ရွေးချယ်ခန့်အပ်တာဝန်ပေးထားခြင်းဖြစ်သဖြင့် မိမိရပ်ရွာကို အရိပ်မိုးပေးသူပင်ဖြစ်ပါသည်။ မိမိအတွက် အရိပ်မိုးပေးနေသည့်ထီးတစ်လက် မယိမ်းယိုင်၊ မလဲပြိုစေရေးအတွက် မိမိတို့ကလည်း ဝိုင်းဝန်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

ပြည်သူ့အကျိုး သယ်ပိုးထမ်းရွက်သည့် အုပ်ချုပ်ရေးမှူးအဆက်ဆက်အတွက် ပြည်သူ့ဘက်ကလည်း တုံ့ပြန်မေတ္တာဖြင့် အသိအမှတ်ပြုပေးကြရန်လိုအပ်လျက်ရှိပါကြောင်း မီးမောင်းထိုးတင်ပြလိုက်ရပါသည်။ ။

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ

**နေပြည်တော် ဇွန် ၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေပါသည်။

**မိုး/ဇလ**

# ရိုးရာလက်မှုအိုးလုပ်ငန်းနဲ့ နာမည်ကျော်တဲ့ ဖန်ခါးမြေက ရွာသာယာ

**ရာသီဥတုပူပြင်းလို့ပဲဖြစ်ဖြစ်၊ ခန္ဓာကိုယ်က ရေဓာတ်လိုအပ်လာလို့ပဲဖြစ်ဖြစ် ရေအေးအေးလေးတစ်ခွက်ကို တောင့်တတတ်ကြပါတယ်။ အဲဒီအခါ ရေခဲသေတ္တာ၊ Water Cooler ထဲကရေထက် မြေနဲ့ပြုလုပ်ထားတဲ့ ရိုးရာလက်မှုသောက်ရေအိုးထဲကရေက အပူဒဏ်ပြေပျောက်စေရုံသာမက ကျန်းမာရေးအတွက် အထောက်အကူပြုပြီး သောက်သုံးဖို့ ပိုမိုသင့်တော်ပါတယ်။**

**ကေတာ**

မကွေးတိုင်းဒေသကြီးမှာ မြေနဲ့ ပြုလုပ်ထားတဲ့ သောက်ရေအိုးဆိုရင်တော့ မင်းဘူးမြို့နယ် ရွာသာယာရွာကထွက်တဲ့ သောက်ရေအိုးက နာမည်ကျော်ပါတယ်။ သဲအိုးဖြစ်တဲ့အတွက် အေးမြပြီး ရေအဆာပြေ၊ အမောပြေစေနိုင်တာကြောင့် ရွာသာယာရွာက သောက်ရေအိုးတွေက နာမည်ကျော်နေတာ ဖြစ်တယ်လို့ မိရိုးဖလာအိုးလုပ်ငန်းလုပ်ကိုင်သူ မခိုင်ခိုင်က ဆိုပါတယ်။

အိုးခတ်တဲ့ လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုသူ မခိုင်ခိုင်က "ကျွန်မသိသလောက်ဆိုရင် ရွာသာယာအိုးလုပ်ငန်းက နှစ်ပေါင်း ၁၀၀ ကျော်လောက်ရှိပါပြီ။ မိဘတွေက အိုးလုပ်ငန်းနဲ့ အသက်မွေးရတော့ ဝင်ပြီးခတ်ကြည့်ရင်းနဲ့ ငယ်စဉ်ကပင် အိုးခတ်တာကို ကျွမ်းကျင်တတ်မြောက်ခဲ့တယ်" လို့ ဆိုပါတယ်။ အခုဆိုရင် အိုးခတ်တဲ့လုပ်ငန်းလုပ်ကိုင်လာတာ နှစ်ပေါင်း ၂၀ ကျော် ရှိပြီဖြစ်ပြီး နံနက်ခင်းတစ်ပိုင်းမှာပဲ အလုံးရေ ၂၀၊ ၂၅ လောက်ပြီးတဲ့အတွက် တစ်ရက်ကို ဝင်ငွေတစ်သောင်းဝန်းကျင်ရတယ်လို့လည်း သိရပါတယ်။

နံနက် ၅ နာရီလောက်မှာ အိပ်ရာထ၊ နံနက်စာစားသောက်ပြီးတာနဲ့ မခိုင်ခိုင်က အိမ်မှာပင် အိုးမကွာ၊ အိမ်မကွာ လုပ်ငန်း စတင်ပါတော့တယ်။ ရွာအပြင်တောင်ဘက် ရွာဘုံမြေကန်ကနေ တပေါင်း၊ တန်ခူးရေခန်းချိန်မှာ ယူထားပြီး အိမ်အောက်မှာပင် စုပုံထားတဲ့ တစ်နည်းအားဖြင့် နွံ့စေးမြေကုန်ကြမ်းကို ယူပါတယ်။ နူးနပ်စေဖို့ ရေနဲ့ဆွတ်လောင်းပြီး အကြိမ်ကြိမ် မွှေနှောက်ပါတယ်။ ပြီးရင် သဲဆန်တဲ့ မြေဝါနှစ်ဆ၊ နွံ့စေးမြေလေးဆနဲ့ ရေအချိုးကျရောစပ်ပြီး သမအောင် မွှေပါတယ်။ မွှေပြီးရင်တော့ မြေအိုးတစ်လုံးစာ နွံ့စေးတောင့်တွေကို ရေစိုအဝတ်နဲ့အုပ်ပြီး ခဏထားပါတယ်။

အဲဒီလိုထားပြီးတော့ အိုးရဲ့ အရွယ်အစားအပေါ်မူတည်ပြီး ညက်နေအောင် နယ်ထားတဲ့ နွံ့မြေကို မှန်းဆယူပါတယ်။ မြေအိုးတစ်လုံးစာ ရောစပ်ထားတဲ့ မြေတွေကို အကျယ်တစ်တောင်ခန့်ရှိတဲ့ သစ်သားဝိုင်းတစ်ခုရဲ့ အလယ်မှာ ဝင်ရိုးတိုင်လို တိုင်တိုလေးစိုက်ပြီး အဲဒီတိုင်တိုလေးအပေါ်မှာ အကျယ်တစ်တောင်ခန့်ရှိတဲ့ သစ်သားအပြားဝိုင်းတစ်ခုကို ဆုံလည်လို စွပ်ထားတဲ့ အိုးထိန်းစက်၊



အိုးပုံလောင်းနေမှုကို တွေ့ရစဉ်။

အိုးထွင်းစက်နဲ့ အိုးပုံကြမ်းဖော်ပါတယ်။

အိုးပုံလောင်းရာမှာ လူနှစ်ယောက်လုပ်ကိုင်ရတဲ့အတွက် အိုးထိန်းစက်ကို ချာချာလည်အောင် တစ်ယောက်က လှည့်ပေးရပါတယ်။ မခိုင်ခိုင်ကတော့ အသင့်ရှိပြီးဖြစ်တဲ့ နွံ့မြေညက်ကို ချာချာလည်နေတဲ့ အိုးထိန်းစက်ရဲ့ အလယ်ဗဟိုမှာတည်ပြီး လက်နှစ်ဖက်နဲ့ အလိုရှိတဲ့ အိုးပုံစံ ရောက်အောင် ပြုပြင်ပေးပါတယ်။ လည်နေတဲ့ အိုးထိန်းစက်ရဲ့ အကူအညီ၊ မခိုင်ခိုင်ရဲ့ ကျွမ်းကျင်မှု အတတ်ပညာနဲ့ ပေါင်းစပ်လိုက်တော့ အိုးတစ်လုံးအဖြစ် ပုံကြမ်းထွက်လာပါတယ်။

အိုးထွင်းတဲ့ လုပ်ငန်းပြီးရင်တော့ ရရှိလာတဲ့ အိုးကြမ်းကို အရိပ်ထဲမှာ ခဏထားပါတယ်။ ပြီးရင်တော့ လိုသလိုပုံသွင်းတော့မှာ ဖြစ်ပါတယ်။ မခိုင်ခိုင်က လက်ခုကို အိုးအတွင်းကခုခံကာ အိုးအပြင်ကလည်း အရှည်တစ်ပေ၊ ဖြက်သုံးလက်မခန့်ရှိတဲ့ သစ်သားလက်ရိုက်ပလာနဲ့ ခုခံထားတဲ့နေရာကို ခတ်ပုတ်ပြီး အိုးအထူအပါးညီစေဖို့ ညှိပေးပါတယ်။ အကြမ်း၊ အနုဆိုပြီး အိုးကို လေးခါလောက် ပုတ်ခတ်ရတယ်လို့လည်း ရိုက်နေရင်းက ပြောပါတယ်။

မြေရောတဲ့အချိန်က အချိုးအစား မမှန်ခဲ့ရင် ပလာမှာ မြေတွေကပ်ပြီး ပါလာတတ်တာကြောင့် သဲကြမ်းဖြူးပြီး ခတ်ပေးရပါတယ်။ သဲကြမ်းများများ ပါဝင်တဲ့အိုးက အေးတယ်လို့လည်း သိရပါတယ်။ အိုးခတ်လို့ပြီးရင်တော့ ရေအိုးနှုတ်ခမ်းနဲ့ ဘေးမှာ ရေလှိုင်းပုံစံ၊ အတွန့်ကနုတ်ပန်း၊ မှန်ကူကွက်၊ ပန်းနွယ်ပန်းပွင့်၊ ကျေးရုပ်ပုံစံ စတဲ့ပုံတွေကို အိုးခတ်သူရဲ့ စိတ်ကူးစိတ်သန်းအတိုင်း အလှပုံဖော်ပါတယ်။ ပြီးရင်တော့ အခြောကိုင်တဲ့ အဆင့်ပြီးပြီမို့ လေဝင်လေထွက်ကောင်းတဲ့နေရာမှာ ဖြန့်ချထားလိုက်ပါတယ်။

မခိုင်ခိုင်တို့ ခတ်ထားတဲ့ အခြောကိုင်ပြီး ခြောက်သွေ့တဲ့ အိုးတွေကို အိုးကုန်သည်ထံကို သွင်းလို့ရသလို အိုးအလုံးရေ ၁၀၀၀ ဝန်းကျင်ခန့်ဆံ့တဲ့ စပါးခွံအိုးဖိုကြီးတွေနဲ့ လက်ခပေးပြီး ဖုတ်လို့လည်းရတယ်လို့ သိရပါတယ်။

အရင်ကတော့ ထင်း၊ မီးသွေးတွေနဲ့ အဆင့်ဆင့်စီကာ အိုးဖုတ်ခဲ့ကြပေမယ့် အခုအခါမှာတော့ စပါးခွံအိုးဖိုတွေကို အသုံးပြုနေပြီလို့လည်း သိရပါတယ်။ ထင်းနဲ့ မဟုတ်တော့တဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း အထိုက်အလျောက် သက်သာစေတယ်လို့ မခိုင်ခိုင်က ပြောပါတယ်။

အဲဒီလို စပါးခွံအိုးဖိုတွေနဲ့ အိုးဖုတ်လို့ နှစ်နာရီလောက်ကြာရင်တော့ မီးအရှိန်လည်း လျော့သွားပြီ၊ အိုးဖုတ်တဲ့ လုပ်ငန်းစဉ် ပြီးဆုံးပါပြီ။ နီဝါရောင်အသွေးအရောင်ဖြစ်လာတဲ့၊ မီးကျက်တဲ့ အိုးတွေရဲ့ နှုတ်ခမ်းကို ခေါက်ကြည့်တဲ့အခါ ဒေါင်၊ ဒေါင်ဆိုတဲ့ အသံလည်းရပြီဆိုရင်တော့ ခိုင်ခံ့တယ်လို့လည်း ဆိုပါတယ်။ ပြီးရင်တော့ ဈေးကွက်ကို တင်ပို့တဲ့ အဆင့်ပဲဖြစ်ပါတယ်။ ရွာသာယာရွာက သောက်ရေအိုးတွေဟာ မင်းဘူးမြို့နယ်အတွင်းသာမက တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အခြားမြို့ရွာတွေမှာလည်း ဈေးကွက်ရှိတယ်လို့ သိရပါတယ်။

အိုးတစ်လုံးဖြစ်အောင်ခတ်ရတဲ့ အဆင့်ဆင့်တွေကို မခိုင်ခိုင်က ရှင်းပြနေရင်း အိုးထိန်းစက်ပေါ်ကို နွံ့မြေညက်တွေကို အိုးတစ်လုံးအဖြစ် ပုံကြမ်းရရှိအောင် လုပ်ဆောင်နေတာကလည်း မြန်ဆန်သွက်လက်ပြီး အသေးစိတ်လွန်းလှပါတယ်။

ရွာသာယာရွာမှာ မခိုင်ခိုင်ကဲ့သို့ မိရိုးဖလာမြေအိုးမြေခွက် လုပ်ကိုင်သူများစွာ ရှိပါတယ်။ သောက်ရေအိုး၊ မြေအိုး၊ ပန်းအိုး၊ ဘုရားပန်းအိုး၊ ညောင်ရေအိုး၊ အိုးပုတ်မှစကာ ချိုးရုပ်၊ စလယ်ဝင်အိုး၊ ခွက်ဝင်အိုး၊ အိုးစရည်း စသဖြင့် အမျိုးပေါင်း ၆၀ ကျော် ပြုလုပ်နေတာကိုလည်း တွေ့ရပါတယ်။

ရှေးယခင်လူတို့ စတင်အသိအမှတ်ပြုခဲ့ကြတဲ့ ကျောက်ခေတ်ကာလမှ နှောင်းပိုင်း ကျောက်ခေတ်သစ်ကာလ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀၀၀ လောက်ကပင် မြေအိုးမြေထည် ထုတ်လုပ်တဲ့ အတတ်ကို စတင်ခဲ့ကြပြီး မြန်မာနိုင်ငံမှာ မြေထည်ပစ္စည်း စတင်အသုံးပြုခဲ့တဲ့ အထောက်အထားတွေကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ် ပြဒါးလင်းဂူ တူးဖော်မှုက တွေ့ရှိခဲ့ပါတယ်။

ခေတ်ကာလတွေ ပြောင်းလဲလာပြီး တီထွင်ဖန်တီးထုတ်လုပ်လာတဲ့ ခေတ်မီ အသုံးအဆောင်ပစ္စည်းတွေက အစားထိုးနေရာယူလာတဲ့အတွက် မြေနဲ့ပြုလုပ်ထားတဲ့ ရိုးရာလက်မှုအိုးလုပ်ငန်းဟာ လုပ်ကိုင်သူ နည်းပါးလာသလို အသုံးပြုသူလည်း နည်းလာတာကို တွေ့ရပါတယ်။

သို့သော် သပြေပန်းထိုးတဲ့ အောင်အိုးတွေ၊ နှစ်သစ်ကူးသင်္ကြန်ပွဲတော်၊ ကဆုန်ညောင်ရေသွန်းပွဲတော်တွေနဲ့ လမ်းဆုံလမ်းခွတွေက စပါးပင်စိမ်းစိမ်းစိုစိုလေးတွေနဲ့ အများသူငါ သောက်သုံးဖို့ လှူဒါန်းထားတဲ့ သောက်ရေအိုးတွေကလည်း မြေအိုးတွေကိုပဲ အသုံးပြုနေကြဆဲပင် ..။ ။



အိုးအလုံးရေ ၁၀၀၀ ခန့်ဆံ့သည့် စပါးခွံအိုးဖိုကြီး။




အိုးကြမ်းများကို အရိပ်ထဲတွင် ထားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ မီဒီယာများက တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ မီဒီယာများက တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို အဖွဲ့ဝင် ဗိုလ်ကြီးဒေါ်အေးသဇင်မြင့်က အောက်ပါအတိုင်းရှင်းလင်းဖြေကြားခဲ့ပါသည် -

**မေး(၁) ။ ။ ၂၀၂၀ ရွေးကောက်ပွဲမှာ ကြိုတင်မဲနဲ့ မဲခိုးခဲ့တာက တပ်မတော်ကပဲ မဲခိုးခဲ့တာ။ စစ်သားတစ်ယောက်ကို မဲတစ်မဲထက်ပိုတဲ့ ကြိုတင်မဲတွေ ပေးခဲ့ရတယ်။ ကြိုတင်မဲတွေကို လိမ်လည်ပြီး ရယူခဲ့တာအများကြီးပဲ။ ကိုယ့်ပေးချင်တဲ့သူကိုလည်း မဲမပေးခဲ့ရဘူးဆိုပြီး ပြောကြားထားချက်အပေါ် ဖြစ်စဉ်အမှန် ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ(၁) ။ ။ ဒီသတင်းကို DVB TV News မှာ တင်ထားတာတွေ့ပါတယ်။ CDM လုပ်နေပြီး တပ်မတော်ကိုအပုပ်ချနေတဲ့ စစ်ပြေးတစ်ယောက်ထွက်ဆိုထားတာ မှန်/မမှန်တွေးကြည့်ပေါ့။ တပ်မတော်အနေနဲ့ ကြိုတင်မဲပေးမယ့်စာရင်း၊ မဲဆန္ဒရှင်စာရင်းတွေကို အဲဒီအချိန်တုန်းက UEC ကို တင်ရပါတယ်။ UEC အနေနဲ့ စစ်ဆေးပြီးမှ ခွင့်ပြုတာဖြစ်ပါတယ်။ တစ်ခုခုအမှားအယွင်းဖြစ်ခဲ့ရင် အဲဒီအချိန်ကတည်းက ပြောချင်နေတာ ပြောမှာဖြစ်ပါတယ်။ တပ်မတော်သားတွေ၊ မိသားစုဝင်တွေ တပ်တွင်းမှာမဲမပေးရဘူးဆိုလို့ တပ်ပြင်မှာ မဲပေးခဲ့ပါတယ်။ တပ်မတော်မှာ ကိုယ်ကြိုက်တဲ့ သူကို မဲပေးခွင့်ရှိပါတယ်။ ဘယ်သူ့ကိုပေး ဘယ်သူကိုမပေးနဲ့လို့ စေခိုင်းတာမရှိပါဘူး။ ကြိုတင်မဲတွေကိုလည်း စနစ်တကျစီမံပြီး မဲပေးစေခဲ့တာပါ။ အငြင်းပွားချင်ရင် အစောကြီးကတည်းက အငြင်းပွားမှုတွေဖြစ်နေမှာပေါ့။





ဗိုလ်ကြီးဒေါ်အေးသဇင်မြင့် (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့)


ခုချိန်မှာ မြို့နယ်အလိုက် မဲတွေကွင်းဆင်းစစ်ဆေးနေကြတယ်။ မဲလိမ်၊ မဲခိုးတာတွေ၊ သက်ဆိုင်ရာ NLD ပါတီဝင်တွေ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေတာကို အချက်အလက်၊ သက်သေခိုင်လုံစွာ ထုတ်ပြန်နေပါတယ်။ ဒါတွေကို ဖုံးကွယ်နိုင်ဖို့ ခုမှ သတင်းအမှား ဖြန့်ချိရေး လုပ်ဆောင်နေကြတာပါ။

**မေး(၂) ။ ။ နှစ်ရှည်ပြစ်ဒဏ်ကျ အကျဉ်းသားတွေကို စစ်သားအသစ်အဖြစ် စစ်ကောင်စီက စုဆောင်းနေတယ်ဆိုတာ တကယ်လား ဘယ်လိုအရွယ်တွေကို စုဆောင်းနေတာပါလဲ။**

ဖြေ(၂) ။ ။ မဟုတ်ပါဘူး။ တပ်မတော်မှာ စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုရင် မျက်မြင် ၁၃ ချက် စစ်ဆေးမှုတွေ၊ ပညာအရည်အချင်းတွေ၊ အသက်ကန့်သတ်ချက်တွေ ရှိပြီးသားပါ။ ထောင်ကျဖူးသူ၊ ပြစ်ဒဏ်ခံနေရတဲ့ အကျဉ်းသားတွေကို တပ်သားသစ်အဖြစ် စုဆောင်းတာမရှိပါဘူး။




❊ *ကျောဖုံးမှ*

အစားထိုးရန် နံပါတ်တစ် ဦးစားပေးခေါ်ယူမည့် ကစားသမားမှာ အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်း ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ သို့သော်လည်း နည်းပြဂွါဒီယိုလာအနေဖြင့် ဂရီးရယ်လစ်ချ်၏ ခြေစွမ်းကို ကြိုက်နှစ်သက်သူဖြစ်ပြီး အီတီဟက်သို့ ခေါ်ယူရန် ကာလရှည် ပစ်မှတ်ထားနေသည့်အတွက် အဆိုပါ အပြောင်းအရွှေ့ ဖြစ်မြောက်လာမလားစောင့်ကြည့်ရမည် ဖြစ်သည်။

## အင်အားဖြည့်တင်းလုပ်ဆောင်ရန် ဆန္ဒရှိနေ

မန်စီးတီးအသင်းသည် တိုက်စစ်မှူး အဂူရိုဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာသွားသည်ဆိုသော်ငြား အသင်း၏ တိုက်စစ်ပိုင်းတွင် စတားလင်း၊ မာရက်ဇ်၊ ဘာနာဒိုဆေးလ်ဗားနှင့် ဖိုဒင်တို့ ရှိနေသေးသည်။ သို့သော်လည်း နည်းပြ ဂွါဒီယိုလာသည် ပြီးခဲ့သည့်လ ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ချယ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားကာ အသင်းလူစာရင်းကို အင်အားဖြည့်တင်းလုပ်ဆောင်ရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

## ပြိုင်ပွဲအရပ်ရပ် ၂၁၃ ပွဲ ပါဝင်ကစားထား

ဂရီးရယ်လစ်ချ်သည် ယခုနှစ်ရာသီ ၂၇ ပွဲ အပါအဝင် ဗီလာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၁၃ ပွဲ ပါဝင်ကစားထားပြီး ၃၂ ဂိုးသွင်းယူပေးထားနိုင်သည်။ မန်စီးတီးအသင်းသည် ယခုနှစ်ရာသီတွင် လိဂ်ဖလားနှင့် ပရီမီယာလိဂ် အမှတ်ပေးဖလားတို့ကို ဆွတ်ခူးရရှိထားသော်လည်း ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲတွင် ချယ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည့် အသင်းဖြစ်သည်။

**အောင်ဇော်**

❂ *ကျောဖုံးမှ*

ကြေး တံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး တောင်ကိုရီးယားနည်းပြဆရာ တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

## လေ့ကျင့်မှုများပြုလုပ်

ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် မြန်မာမြားပစ်အဖွဲ့သည် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် အဆင်မပြေသဖြင့် ပြည်တွင်း၌သာ လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည့် ပဏာမလက်ရွေးစင် ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရစေရန် လက်ရည်စစ်ပွဲများ ပြုလုပ်ပေးလျက်ရှိကာ ဇူလိုင်လဆန်းတွင် ထပ်မံပြုလုပ်မည် ဖြစ်သည်။

**ရဲရင့်လွင်**

# ပြည်သူပိုင်ပစ္စည်း ကိုယ့်ပစ္စည်းမို့

သွင်လန်း

ခုတလော ကျွန်တော်တို့နိုင်ငံမှာ ပြည်သူပိုင်အဆောက်အအုံတွေ ပျက်စီးအောင် ဖုံးခွဲတာ၊ လက်လုပ်ဗုံးနဲ့ပစ်တာ၊ အများပြည်သူပို့ဆောင်ရေးယာဉ် ရထားတွေကို မိုင်းထောင်ဖျက်ဆီးတာ၊ ပြည်သူပိုင်မီးရထားလမ်းတွေ၊ တံတားတွေဖျက်ဆီးတာ၊ အစိုးရအဆောက်အအုံတွေ၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးရုံးတွေ၊ ကျောင်းတွေကို ဖုံးခွဲတာ၊ ရဲစခန်းတွေကို အကြမ်းဖက် တိုက်ခိုက်တာတွေ လုပ်ဆောင်လာကြတာ ကြားသိနေရပါတယ်။

တကယ်တော့ အစိုးရရုံး၊ အဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံဌာနပိုင်မော်တော်ယာဉ်၊ ရထား၊ သင်္ဘော စတာတွေဟာ ပြည်သူတွေပိုင်တဲ့ ပြည်သူပိုင်ပစ္စည်းတွေပဲ ဖြစ်ပါတယ်။ တစ်ချိန်တုန်းက သတင်းစာမှာကြော်ငြာတဲ့ "မီးဖိုပျက်ရင် ပစ်မထားနဲ့ ကျွန်တော် အားကြီး စိတ်ဆိုးတယ်" ဆိုတာလိုပဲ ပြည်သူပိုင်ပစ္စည်းတွေကို ခိုးယူတာဖြစ်ဖြစ်၊ ဖျက်ဆီးတာဖြစ်ဖြစ်၊ မီးရှို့တာဖြစ်ဖြစ် ကျွန်တော် အားကြီးစိတ်ဆိုးပါတယ်။ ကိုယ့်ကိုယ်ပိုင်ပစ္စည်း ဆုံးရှုံးရသလိုမျိုး နှမြောတသ စိတ်မကောင်းခြင်း ဖြစ်ရပါတယ်။

ကျွန်တော်ဟာ ၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးအခင်းကာလမှာ ကိုယ့်မျက်စိရှေ့မှာတွင် ပြည်သူပိုင်ပစ္စည်းတွေ ဖျက်ဆီးခံရတာ၊ ဖောက်ထွင်း ခိုးယူခံရတာတွေ မျက်မြင်ကြုံခဲ့ရဖူးပါတယ်။

ရှစ်လေးလုံးကာလရဲ့ အစအဦးနေ့တစ်နေ့မှာ ကျွန်တော်ဟာ မိမိနေထိုင်ရာ ရပ်ကွက်ထိပ်ကနေ ပြည်လမ်း မြန်မာ့အသံကို အလုပ်ဆင်းဖို့ အိမ်ကနေထွက်လာခဲ့ပါတယ်။ ရပ်ကွက်ထိပ်က စုပေါင်းရုံးခေါ် နယ်မြေရုံးနားကို ရောက်တဲ့အခါမှာတော့ ခေါင်းစည်းအနီတွေ ပတ်ထားပြီး တုတ်၊ ဓား၊ လက်နက်မျိုးစုံကိုင်ထားတဲ့ ဆန္ဒပြလူအုပ်ကြီးဟာ ရုံးအနီးကို ရောက်ရှိလာတာ တွေ့လိုက်ရပါတယ်၊ သူတို့ထဲက လူတချို့ဟာ ရုံးခြံစည်းရိုးတံခါးကို ကျော်ဝင်၊ ရုံးပတ်ပတ်လည်ကို ဓာတ်ဆီတွေလောင်းပြီး မီးတင်ရှို့လိုက်ကြပါတော့တယ်။

## နှမြောတသမှုနဲ့အတူ ရင်နင့်အောင် ခံစားခဲ့ရ

အဲဒီစုပေါင်းရုံးဟာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ မြို့နယ်တရားရုံး၊ ဥပဒေရုံး၊ စာရင်းရုံး၊ စည်ပင်သာယာရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနဲ့ သမဝါယမဦးစီးဌာနရုံးတွေ စုပေါင်းဖွဲ့စည်းထားတဲ့ ရုံးကြီးဖြစ်ပါတယ်၊ ကျွန်တော်ဟာ ထွေ/အုပ်ရုံးဝန်ထမ်းအဖြစ်နဲ့ အဲဒီရုံးမှာ ခြောက်နှစ်တာ တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ရုံးမှာအိပ်၊ ရုံးမှာစားနေထိုင်လုပ်ကိုင်ခဲ့တာ ငါးနှစ်တာလောက်ရှိခဲ့တာမို့ ရုံးကြီးကို သံယောဇဉ်တွယ်ခဲ့သူပီပီ ကိုယ့်မျက်စိရှေ့မှာ ရုံးကြီးမီးရှို့ဖျက်ဆီးခံနေရတာကို နှမြောတသမှုနဲ့အတူ ရင်နင့်အောင် ခံစားခဲ့ရပါတယ်။

၈၈ အရေးအခင်းကာလမှာပဲ မိမိတို့ရပ်ရွာကို တခြားလူတွေ လာရောက်လုယက်မှာ ကြောက်တာကတစ်ကြောင်း၊ ရေတွင်းရေကန်တွေ အဆိပ်ခတ်နေတယ်ဆိုတဲ့ ကောလာဟလတွေကြောင့် တစ်ကြောင်း မိမိတို့နေထိုင်ရာ လမ်းသွယ်တွေ လမ်းမတွေရဲ့ထိပ်တွေမှာ အကာအရံမျိုးစုံပြုလုပ်ပြီး နေ့ကင်းညကင်းစောင့်ကြရပါတယ်။ တစ်ညမှာတော့ ကျွန်တော်တို့ လမ်းထိပ်မှာ ကင်းအဖွဲ့ခေါင်းဆောင်အနေနဲ့ ကျွန်တော်တာဝန်ယူ စောင့်ကြပ်နေခဲ့ပါတယ်။ ညသန်းခေါင်လောက်မှာတော့ ရပ်ကွက်ရဲ့ လမ်းမကြီးတစ်လျှောက် လူတွေ အပြေးအလွှားနဲ့ ပစ္စည်းတချို့ သယ်ယူနေကြတာ တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့ရပ်ကွက်ရဲ့ အစွန်မှာ အစိုးရဆောက်လုပ်ရေးဝင်း ရှိပါတယ်။ ဝင်းထဲက ဂိုဒေါင်တွေမှာ သစ်၊ သွပ်၊ မှန်၊ ဘိလပ်မြေ၊ သံချောင်း စတာတွေ သိုလှောင်ထားတာမို့ တခြားလမ်းသွယ်တွေက ရပ်ကွက်သားတွေဟာ ဆောက်လုပ်ရေးဂိုဒေါင်ကို ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းတွေကို အလုအယက် သယ်ယူနေကြတာကို တွေ့လိုက်ရပါတယ်။

ကျွန်တော့်စိတ်ထဲမှာ ကျွန်တော့်ကိုယ်ပိုင်ပစ္စည်းတွေ ဖောက်ထွင်းလုယက်ခံနေရသလိုမျိုး နှမြောတသမှုတွေ ခံစားရပြီး နောင်တစ်ချိန်မှာ လုယက်ခိုးယူသူတွေဟာ ဥပဒေရဲ့ပြစ်ဒဏ်ခတ်မှုကို ခံရမှာပဲလို့လည်း တွေးလိုက်မိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်နဲ့အတူ ကင်းစောင့်နေတဲ့ လူငယ်တွေကို လမ်းထဲက အပြင်မထွက်ဖို့ တားမြစ်လိုက်ပြီး လမ်းသူလမ်းသားတွေကိုလည်း ခုလို သူများတွေ ခိုးဝှက်သယ်နေတာကို လုံးဝအသိမပေးဖို့ သတိပေးလိုက်ပါတယ်။ နောက်တစ်နေ့မှာတော့ ဆောက်လုပ်ရေးရုံးမှာ မြေကြီးထဲမြုပ်နေတဲ့ အုတ်ခဲတွေ၊ သဲတွေကအစ တူးယူနေသူတွေဟာ လုံခြုံရေးတပ်ဖွဲ့တွေ ရောက်ရှိလာလို့ ကိုယ်လွတ်ရုန်းပြေးကြရတာကို တွေ့ခဲ့ရပါတယ်။

၈၈ အရေးအခင်းကာလမှာ မြန်မာတစ်နိုင်ငံလုံးရှိ အစိုးရပိုင်ဂိုဒေါင်တွေ အများအပြားကို အကြမ်းဖက်လုယက်သူများက ဖောက်ထွင်းပြီး ဂိုဒေါင်ထဲကပစ္စည်းတွေ ပြောင်တလင်းခါအောင် လုယက်ခိုးယူခဲ့တဲ့အပြင် နောက်ဆုံးဂိုဒေါင် အမိုးအကာ သွပ်ပြားတွေပါ ခွာယူခဲ့ကြတယ်လို့ ကြားသိခဲ့ရပါတယ်။

## အကုန်လုံးလိုလို ခိုးယူလုယက်ခြင်းခံရ

တစ်နေ့မှာတော့ ရန်ကုန်မြို့ ပြည်လမ်း လိပ်ခုံးခန်းမအနီးက အဆင့်မြင့်ပညာဦးစီးဌာနပိုင် ပစ္စည်းများထားတဲ့ ဂိုဒေါင်အဖောက်ခံရပါတယ်။ ပြည်နယ်/တိုင်းအသီးသီးနဲ့ ရန်ကုန်ရှိ တက္ကသိုလ်/ကောလိပ်ကျောင်းများ ပြုပြင်ထိန်းသိမ်းရာမှာ သုံးဖို့သိုလှောင်ထားတဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ၊ လျှပ်စစ်ပစ္စည်းတွေ အကုန်လုံးလိုလို ခိုးယူလုယက်ခြင်း ခံရပါတယ်။

ပညာရေးတက္ကသိုလ်ဝင်းနဲ့ မြန်မာ့အသံကြား ပြည်လမ်းမပေါ်မှာ ပြည်သူပိုင်ပစ္စည်းမျိုးစုံကို သယ်ယူနေလိုက်ကြတာ ပွဲတော်ကြီးအလားထင်မှတ်မှားခဲ့ရပါတယ်။ တချို့ဆိုရင် လက်တွန်းလှည်းတွေနဲ့တောင် သယ်ယူနေကြတာကို မြန်မာ့အသံဝင်းထဲကနေ မြင်နေရပါတယ်။ အဝတ်အစား တောက်တောက်ပြောင်ပြောင်နဲ့ စားနိုင်သောက်နိုင် လူမျိုးတွေလည်း ဝင်သယ်နေကြတာ တွေ့ခဲ့ရပါတယ်။ အဲဒီအချိန်ကလည်း ကိုယ့်ပစ္စည်း အလုခံရသလို ကျွန်တော်စိတ်ထိခိုက် နာကျင်ခံစားခဲ့ရပါတယ်။

> **"ဒီကနေ့ ပြည်တွင်းရော ပြည်ပမှာပါ လေနဲ့ နိုင်ငံရေးလုပ်စားနေသူတွေ၊ နိုင်ငံအကျိုးမလိုလားသူတွေ၊ ကိုယ်တိုင်က လုံခြုံရာမှာနေနေပြီး Social Media ကနေ လူငယ်တွေကို မြှောက်ပင့်ပေးနေသူတွေကြောင့် ဆင်ခြင်တုံတရားမဲ့တဲ့ အကြမ်းဖက်သမားတစ်စုဟာ ပြည်သူပိုင်အဆောက်အအုံ၊ လမ်း၊ ပရိဘောဂပစ္စည်း၊ ယာဉ်ရထား၊ ရထားလမ်း၊ တံတားတွေကို လစ်ရင်လစ်သလို တိုက်ခိုက်မီးရှို့ဖောက်ခွဲ ဖျက်ဆီးနေကြတာဟာ ပြည်သူပိုင်ပစ္စည်းရဲ့ ပိုင်ဆိုင်မှုအဓိပ္ပာယ်ကို မသိကြလို့ဘဲ ဖြစ်ပါလိမ့်မယ်။ တကယ်တော့ ပြည်သူပိုင်ပစ္စည်းဆိုတာ ကျွန်တော်တို့ ပြည်သူတွေလည်း ပိုင်ဆိုင်ထားကြတာဖြစ်လို့ မိမိပိုင်ပစ္စည်းလို သဘောထားကြရမှာ ဖြစ်ပါတယ်"**

ပြည်သူပိုင်ပစ္စည်းတွေအတွက် ခံစားချက်ပြင်းထန်တဲ့ ကျွန်တော့်အတွက် Volunteer လုပ်ရမယ့် တာဝန်တစ်ခု ရှစ်လေးလုံးကာလမှာပဲ ပေါ်လာပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လေးဘီးမော်တော်ယာဉ်တစ်စီးဟာ နယ်မြေရုံးကို မီးရှို့ခံရစဉ်က ရုံးဝင်းအပြင်ကို ရောက်နေလို့ မီးရှို့ခံရမယ့်ဘေးက လွတ်မြောက်သွားပါတယ်။ အဲဒီကားကို လူနေရပ်ကွက်ထဲမှာထားရင် ထိုစဉ်က ပြည်သူ့ကောင်စီရုံးသုံး ကားမှန်းသိပြီး မီးရှို့ဖျက်ဆီးခံရမှာ စိုးတဲ့အတွက် တာဝန်ရှိသူတွေက ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ ကားကို လျှို့ဝှက်သိမ်းဆည်းထားခဲ့ပါတယ်။ လက်ခံထားရတဲ့ ဘုန်းတော်ကြီးကလည်း တကယ်လို့ အကြမ်းဖက်သမားတွေ သတင်းရသွားလို့ ရုံးကားကို မီးလာရှို့ရင် သူ့ကျောင်းပါ လောင်မှာစိုးတဲ့အတွက် ကားကို ပြန်ယူဖို့ ပြောလာပါတယ်။ ဒါကြောင့်လည်း ထွေ/အုပ်ရုံးစာရေးတစ်ယောက်က အဲဒီကားကို ဘေးကင်းရာ မောင်းပို့ပေးဖို့ ထွေ/အုပ်ဝန်ထမ်းဟောင်းဖြစ်သူ ကျွန်တော့်ကို အကူအညီတောင်းလာပါတယ်။

ကျွန်တော်လည်း ပြည်သူပိုင်ပစ္စည်းကို တန်ဖိုးထားသူပီပီ အဲဒီကားကို မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ နေထိုင်ရာ ဦးဝိစာရအိမ်ရာအရောက် စွန့်စွန့်စားစား မောင်းပို့ခဲ့ပါတယ်။ ကားကလမ်းမှာ ဆီပိတ်လို့ ဆီချူရပါသေးတယ်။ ကားပျက်တဲ့နေရာက တုတ်တွေ၊ ဓားတွေနဲ့ နေ့ကင်း တာဝန်ယူထားသူတွေ ရှေ့တည့်တည့်မှာ သွားပျက်တာပါ။ ဒီကားဟာ မြို့နယ်ပြည်သူ့ကောင်စီရုံးကားဆိုတာ အကြမ်းဖက်သမားတွေ သိသွားမြင်သွားရင်တော့ လေးဘီးကားလေးနဲ့ ကျွန်တော်တို့ ကံကြမ္မာဟာ မတွေးဝံ့စရာပါ။ ရှစ်လေးလုံးကာလမှာ ရန်ကုန်တိုင်းတစ်တိုင်းလုံးရှိ မြို့နယ်ပြည်သူ့ကောင်စီရုံးများက ပြည်သူပိုင် လေးဘီးကားအတော်များများ မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရပါတယ်။ သာကေတမြို့နယ် ပြည်သူ့ကောင်စီရုံးက လေးဘီးကားလေးကတော့ ပြည်သူပိုင်ပစ္စည်းမြတ်နိုးသူ ကျွန်တော်နဲ့ စာရေးကြီး ကိုကြည်ဝင်းတို့ စွန့်စားကာကွယ်ထိန်းသိမ်းမှုကြောင့် အကောင်းအတိုင်း ပကတိကျန်ရှိခဲ့ပါတယ်။

အတိတ်က အကြောင်းတွေပြီးတော့ မျက်မှောက်ကာလ ပြည်သူပိုင်ပစ္စည်းတွေကို ပစ်မှတ်ထား တိုက်ခိုက်ဖျက်ဆီးနေတာတွေနဲ့ ပတ်သက်လို့ ကျွန်တော်စဉ်းစားမိတာ ပြောပါရစေ။

- စာသင်ကျောင်းဆိုတာ အနာဂတ်ရဲ့ မျိုးဆက်သစ်လေးတွေ ပညာရှာမှီးရာ နေရာတစ်ခုပါ။
- အစိုးရပိုင်ဆိုပေမယ့် ပြည်သူတွေလည်း ဆိုင်ပါတယ်။ ပိုင်ပါတယ်။
- ကျောင်းအဆောက်အအုံ၊ ပရိဘောဂ၊ ခြံစည်းရိုး၊ အုတ်တံတိုင်းကအစ အများအားဖြင့် အစိုးရဘတ်ဂျက်နဲ့ မတည်ထားသလို တချို့ရပ်ရွာတွေမှာ ရပ်မိရပ်ဖ ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းသားမိဘတွေရဲ့ ပံ့ပိုးလှူဒါန်းမှုတွေနဲ့ တည်ဆောက်ထားကြတာပါ။
- ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွေဆိုတာလည်း အဆောက်အအုံက အစိုးရဘတ်ဂျက်နဲ့ တည်ဆောက်ထားပေမယ့် တချို့ရုံးတွေထဲမှာရှိတဲ့ ပရိဘောဂနဲ့ အသုံးအဆောင် ပစ္စည်းတချို့ဟာ ရပ်/ကျေးအုပ်ချုပ်ရေးအဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သူတွေနဲ့ ရပ်ကွက်ပြည်သူတွေ လှူဒါန်းစုဆောင်းခဲ့တဲ့ ပြည်သူပိုင်ပစ္စည်းစစ်စစ်တွေလို့ ပြောရမှာပါ။
- အစိုးရဆေးရုံ၊ ဆေးပေးခန်းတွေဆိုတာလည်း အဆောက်အအုံနဲ့ ဆေးပစ္စည်းတွေ ဆေးဝါးတွေကအစ အစိုးရဘတ်ဂျက် ပါသလို တချို့နေရာတွေမှာ NGO တွေ၊ အလှူရှင်တွေ၊ ပြည်သူတွေရဲ့ ထည့်ဝင်လှူဒါန်းမှုတွေနဲ့ စုပေါင်းထားတာဖြစ်ပါတယ်။

ဒီကနေ့ ပြည်တွင်းရော ပြည်ပမှာပါ လေနဲ့ နိုင်ငံရေးလုပ်စားနေသူတွေ၊ နိုင်ငံအကျိုးမလိုလားသူတွေ၊ ကိုယ်တိုင်က လုံခြုံရာမှာနေနေပြီး Social Media ကနေ လူငယ်တွေကို မြှောက်ပင့်ပေးနေသူတွေကြောင့် ဆင်ခြင်တုံတရားမဲ့တဲ့ အကြမ်းဖက်သမားတစ်စုဟာ ပြည်သူပိုင်အဆောက်အအုံ၊ လမ်း၊ ပရိဘောဂပစ္စည်း၊ ယာဉ်ရထား၊ ရထားလမ်း၊ တံတားတွေကို လစ်ရင်လစ်သလို တိုက်ခိုက်မီးရှို့ဖောက်ခွဲဖျက်ဆီးနေကြတာဟာ ပြည်သူပိုင်ပစ္စည်းရဲ့ ပိုင်ဆိုင်မှုအဓိပ္ပာယ်ကို မသိကြလို့ဘဲ ဖြစ်ပါလိမ့်မယ်။ တကယ်တော့ ပြည်သူပိုင်ပစ္စည်းဆိုတာ ကျွန်တော်တို့ ပြည်သူတွေလည်း ပိုင်ဆိုင်ထားကြတာဖြစ်လို့ မိမိပိုင်ပစ္စည်းလို သဘောထားကြရမှာ ဖြစ်ပါတယ်။

## နိုင်ငံအတွက်ရော မီးရှို့သူအတွက်ပါ ဘယ်လိုမှ အကျိုးမရှိတဲ့လုပ်ရပ်

သတင်းတစ်ခုမှာဆိုရင် အခြေအနေအရ တပ်ဖွဲ့ဝင်တွေ စွန့်ခွာထားခဲ့တဲ့ ရဲစခန်းတစ်ခုကို မီးရှို့လိုက်ကြတယ်လို့ တွေ့လိုက်ရပါတယ်။ ရဲစခန်းဆိုတာက ဘယ်အစိုးရတက်တက် ဘယ်ခေတ်ရောက်ရောက် တရားဥပဒေစိုးမိုးရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ အဆောက်အအုံတစ်ခုဖြစ်လို့ နိုင်ငံအတွက်ရော မီးရှို့သူအတွက်ပါ ဘယ်လိုမှ အကျိုးမရှိတဲ့လုပ်ရပ်လို့ ဆိုချင်ပါတယ်။

ပြည်သူပိုင်ပစ္စည်းဖျက်ဆီးသူဟာ အများအကျိုး၊ နိုင်ငံ့အကျိုးကို ဖျက်ဆီးသူဖြစ်လို့ ဥပဒေအရ အရေးယူခြင်းကို ခံရမယ့်အပြင် ပစ္စည်းရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူရဲ့ ရှုတ်ချဒဏ်ခတ်ခြင်းကိုလည်း ခံရမှာ ဖြစ်ပါတယ်။ ပြည်သူများအနေနဲ့လည်း အများပိုင်ပစ္စည်း၊ ပြည်သူပိုင်ပစ္စည်းတွေကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကတော့ ပြည်သူပိုင်ပစ္စည်းမှန်သမျှ ကိုယ့်ပစ္စည်းလို သဘောထားတယ်။ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးရင်၊ ပစ်စလက်ခတ်ပစ်ထားရင်၊ ပြုပြင်ထိန်းသိမ်းမှုမရှိရင် ကျွန်တော် အားကြီး စိတ်ဆိုးတယ်လို့ပဲ ပြောလိုက်ပါရစေ။ ။

# ၂၀၂၂ ခုနှစ် ဇွန်လထုတ် သုတပဒေသာစာစောင် ထွက်ရှိ

**နေပြည်တော် ဇွန် ၈**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် “သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ဖွံ့ဖြိုးရေး” မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသစာစောင် (ဇွန်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဇွန်လထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ကိုဇော်ဌေး (ယဉ်ကျေးမှု) တို့၏ “သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ဖွံ့ဖြိုးရေး” မျက်နှာဖုံးဆောင်းပါးများ၊ ထင်ဇော်မှူးသင်၊ မောင်ပေါ်ထွန်း၊ အောင်မြတ်စည်သူ တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်ပါးများ၊ မြသိန်း၊ ဆောင်းဝင်းလတ် တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မြတ်လေးမြင့်၊ ဘူမိလုလင် ဒေါက်တာ လွင်သန့် တို့၏ စီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ အေးထွန်းမင်း၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ ချိုးငှက်(သံလွင်)တို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ခင်မျိုးသွေး၏ ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါး၊ ရှင်စောဖြူ၊ ဒေါက်တာ မြင့်သန်း (သန္တေသား)၊ ဒေါက်တာ မြင့်သန်းထွန်း (မဟာဝိဇ္ဇာ)၊ သူဇာ၊ တွံတေးဖက်ပါမောက္ခ ဦးလွင်မြင့်၊ စိုးစိုး(ပန်းတောင်း)၊ ပါမောက္ခ ဦးသိန်းလှိုင်၊ ကိုရင်ကျော်၊ နိုင်သောင်းထွဋ်၊ တင်ကြည်အောင်(တွံတေး)၊ ညီမော်သိန်း၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့ အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇွန် ၈**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၆ ခုနှစ်၊ စာပေဗိမာန်စာမူဆု စာပဒေသာဒုတိယဆုရ **“မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)”** ရေးသားသည့် **“မြစ်ဝမဲဇာ မြစ်ညာ ခိုတောင်”** စာအုပ်ကို ၂၀၂၂ ခုနှစ် ဇွန်လအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှ တစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိပါသည်။ **သတင်းစဉ်**



မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း (သန်လျင်) ဆီးကျိတ်ရောဂါဖြင့် ဆေးရုံ တက်ရောက်ကုသမှုခံယူလျက်ရှိရာ ဇွန် ၈ ရက်က အဖွဲ့ အတွင်းရေးမှူး တင်ဝင်းလေး (ကြည့်မြင်တိုင်) နှင့် တွဲဖက်အတွင်းရေးမှူး ကိုကြီးစိုး (ဒဂုံဆိပ်ကမ်း) တို့က လမ်းမတော်မြို့နယ် ရွှေလမင်းအထူးကုဆေးရုံသို့ သွားရောက်၍ ကျန်းမာရေးထောက်ပံ့ငွေကျပ် တစ်သိန်း ပေးအပ်စဉ်။ ကိုကြီးတင်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများက ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာ သင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး စကားပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျီ - ၇ နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအတွက် အမေရိကန် သမ္မတဘိုင်ဒင် တောင်းဆိုမည်



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

**ဝါရှင်တန် ဇွန် ၈**

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် လာမည့် ဂျီ – ၇ အစည်းအဝေးတွင်ဖွံ့ဖြိုးဆဲနိုင်ငံများကို ထောက်ပံ့ပေးသွားရန်အတွက် အခြားသော ဂျီ – ၇ ခေါင်းဆောင်များနှင့်အတူ ကြေညာမည်ဟု အိမ်ဖြူတော်က ပြောသည်။

သမ္မတဘိုင်ဒင်သည် ယခုသီတင်းပတ်အတွင်း သမ္မတဖြစ်ပြီးနောက် ၎င်း၏ပထမဆုံးခရီးစဉ်ကို စတင်မည်ဖြစ်သည်။ ဂျီ–၇ ထိပ်သီးအစည်းအဝေးကို တက်ရောက်ရန်အတွက် ဗြိတိန်နိုင်ငံသို့ သမ္မတဂျိုးဘိုင်ဒင်သွားရောက်မည်ဖြစ်သည်။

ထို့ပြင် ဆွစ်ဇာလန်နိုင်ငံတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်လည်း မျက်နှာချင်းဆိုင် ထိပ်သီးအစည်းအဝေးပွဲပြုလုပ်သွားရန် ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများကို အခြေခံလိုအပ်သည့် ဘဏ္ဍာရေးအထောက်အပံ့များကူညီပေးနိုင်ရေး လှုပ်ရှားမှုအသစ်ကို ဂျီ–၇ အစည်းအဝေးတွင် ကြေညာသွားရန်ရှိသည်ဟု အိမ်ဖြူတော်အမျိုးသားလုံခြုံရေးအကြံပေးဖြစ်သူ ဂျိတ်ဆူလီဗန်က ဇွန် ၇ ရက်တွင် သတင်းထောက်များကို ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အမေဇုန်စီအီးအို အာကာသသို့ ခရီးထွက်မည်



အမေဇုန် (ကုမ္ပဏီ )စီအီးအို ဂျက်ဖ် ဘေဇို့စ်။

**ဝါရှင်တန် ဇွန် ၈**

အမေဇုန် (ကုမ္ပဏီ )စီအီးအို ဂျက်ဖ်ဘေဇို့စ်သည် ၎င်းပိုင်အာကာသကုမ္ပဏီမှ တည်ဆောက်ထားသည့် ယာဉ်ဖြင့် အာကာသထဲသို့ သွားရောက်မည်ဟု သိရသည်။

၎င်း၏ အာကာသခရီးစဉ်ကို ဇူလိုင် ၂၀ ရက်တွင် ပြုလုပ်မည်ဟု ဂျက်ဖ်က အင်စတာဂရမ်ပေါ်တွင် ရေးသားခဲ့သည်။ ၎င်းနှင့် ညီအစ်ကိုတော်စပ်သူကိုလည်း အာကာသခရီးစဉ်တွင် လိုက်ပါရန် ဖိတ်ခေါ်ခဲ့သည်ဟု သိရသည်။

၎င်းပိုင်ကုမ္ပဏီမှ ပထမဆုံးအကြိမ် လူသားလိုက်ပါလာသည့် အာကာသယာဉ်လွှတ်တင်ခြင်းလည်း ဖြစ်လာမည်ဖြစ်သည်။ ၎င်း၏အာကာသကုမ္ပဏီ Blue Origin ကို ၂၀၀၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းကိုသယ်ဆောင်လာမည့်ဒုံးကျည်ကို အလန်ရှက်ပတ်ဟု အမည်ပေးထားပြီး အာကာသထဲသို့ခရီးသွားသည့် ပထမဆုံးအမေရိကန်လည်း ဖြစ်လာမည်ဖြစ်သည်။ လူသားလိုက်ပါ၍ရမည့် ယာဉ်ပေါ်တွင် ထိုင်ခုံတစ်နေရာစာကို ဈေးအကြီးဆုံးဖြင့် လေလံတင်ရောင်းချမည်ဖြစ်သည်။ အမြင့်ဆုံးဈေးမှာ အမေရိကန်ဒေါ်လာ သုံးသန်းကျော်အထိ ပေါက်ဈေးရှိသည်။ ဘီလျံနာသူဌေးကြီးများဖြစ်ကြသည့် အီလွန်မက်စ်နှင့် ရစ်ချက်ဘရန်ဆင်တို့သည်လည်း အာကာသသို့ခရီးသွားနိုင်ရေး ငွေများစွာ အကုန်အကျခံလျက်ရှိသည်။

သို့သော်လည်း အမေဇုန် စီအီးအို ဂျက်ဖ်ဘေဇို့စ်သည် အာကာသသို့ ပထမဆုံးခရီးသွားနိုင်မည့်သူ ဖြစ်လာမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အီရန် နျူကလီးယားအရေးနှင့် ပတ်သက်ပြီး အိုင်အေအီးအေက ဆွေးနွေးပွဲပြုလုပ်

**တီဟီရန် ဇွန် ၈**

အပြည်ပြည်ဆိုင်ရာ အက်တောမစ်စွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) မှ ဘုတ်အဖွဲ့ဝင်များသည် အီရန်နျူကလီးယား အစီအစဉ်အပါအဝင် အခြားသော ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်ရန်အတွက် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်ဟု သိရသည်။

အီရန်နိုင်ငံ၏ နျူကလီးယား တိုးတက်မှုသည် အစည်းအဝေး၏ အဓိကအကြောင်းအရာဖြစ်ပြီး အဆိုပါအစည်းအဝေးကို ဗီယင်နာမြို့၌ ဇွန် ၇ ရက်တွင် ကျင်းပခဲ့သည်ဟု သိရသည်။ အိုင်အေအီးအေ၏ နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာအရ အီရန်နိုင်ငံရှိ ကြေညာထားခြင်းမရှိသော ဆိုက်များတွင် နျူကလီးယား ပစ္စည်းရှာဖွေ တွေ့ရှိမှုများကို ဖော်ပြခဲ့ပြီး ၆၀ ရာခိုင်နှုန်း ယူရေနီယံသန့်စင်မှုနှင့် ၂၀၁၅ ခုနှစ်က ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ချုပ်ဆိုခဲ့သည့် သဘောတူညီမှုကို ဖောက်ဖျက်မှုတို့ကို ဖော်ပြခဲ့သည်။



အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် ရာဖယ်ဂရော့စီ။

ယခုတွေ့ရှိထားသည့် တွေ့ရှိချက်များနှင့်ပတ်သက်ပြီး အီရန်ဘက်မှ လုံလောက်သည့် အကြောင်းပြချက် ပြသရန် ပျက်ကွက်သည်ဟုလည်း ကုလသမဂ္ဂ စောင့်ကြည့်ရေးအုပ်စုက ပြောသည်။ ယင်းမေးခွန်းများကို အီရန်ဘက်မှ ဖြေဆိုခြင်းမရှိသဖြင့် စိုးရိမ်မိသည်ဟုလည်း အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် ရာဖယ် ဂရော့စီက ပြောသည်။

အမေရိကန်နှင့် အီရန်တို့အကြား သွယ်ဝိုက်သော ဆွေးနွေးပွဲ မည်သို့သက်ရောက်မှုရှိမည်ကိုလည်း ဘုတ်အဖွဲ့ဝင်များ ဆွေးနွေးခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# အရီဇိုးနားပြည်နယ်တွင် တောမီးနှစ်ကြိမ်လောင်မှုကြောင့် ရာနှင့်ချီသည့်လူများကို ရွှေ့ပြောင်းပေးခဲ့ရ

**လော့စ်အိန်ဂျလိစ် ဇွန် ၈**

အရီဇိုးနားပြည်နယ်အရှေ့ပိုင်းတွင် တောမီးနှစ်ကြိမ် အကြီးအကျယ်လောင်မှုကြောင့် ဇွန် ၇ ရက်တွင် ရာနှင့်ချီသည့်လူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရသည်။

ဇွန်၄ ရက် မွန်းလွဲပိုင်းက တောမီးစတင်လောင်စဉ်မှစ၍ မြေဧကပေါင်း ၅၆၆၂၆မီးလောင်ပျက်စီးစေခဲ့ပြီး ဒေသခံ ၂၅၀ ကို ဇွန် ၇ ရက်တွင် ရွှေ့ပြောင်းမှုများပြုလုပ်ပေးခဲ့သည်ဟု InciWeb တောမီးသတင်းအချက်အလက်စင်တာက ဇွန် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

သက်ဆိုင်ရာရဲအရာရှိရုံးကလည်း ဒေသခံများကို ကယ်ဆယ်ရေးအစီအစဉ်များအတိုင်းလိုက်နာကြရန် လိုက်လံနှိုးဆော်ခဲ့ကြပြီး ခိုလှုံရာနေရာများ၊ နီးစပ်သည့် မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းများထံ သွားရောက်နေထိုင်ကြရန် တိုက်တွန်းထားသည်။ ယင်းသို့ တိုက်တွန်းနှိုးဆော်မှုကို လျစ်လျူရှုခဲ့ပါကလည်း နောက်ထပ်အရေးပေါ် အကူအညီများရရှိတော့မည်မဟုတ်ဟု အာဏာပိုင်အဖွဲ့က ၎င်းတို့၏တရားဝင်ဖေ့စ်ဘုတ်စာမျက်နှာပေါ်တွင် ရေးသားထားသည်။

**ဆင်ဟွာ**

# ချီလီနိုင်ငံ၌ ကိုဗစ်- ၁၉ကြောင့် သေဆုံးသူ ၃၀၀၀၀ ကျော်လွန်လာ

**ဆန်တီယာဂို ဇွန် ၈**

ချီလီနိုင်ငံတွင် ကိုဗစ် –၁၉ ကြောင့် သေဆုံးသူဦးရေမှာ ဇွန် ၇ ရက်တွင် ၃၀၀၀၀ ကျော်ရှိလာပြီဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဇွန် ၇ ရက်တွင် ကိုဗစ် –၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူ ၁၂၁ ဦး တိုးလာခဲ့ပြီး နောက်ထပ်ကူးစက်ခံရသူအရေအတွက်မှာလည်း ၆၉၅၈ ဦးအထိရှိလာခဲ့သည်။ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်အတွင်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ ဦးရေများပြားခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးက အတည်ပြုပြောကြားခဲ့သည်။

ထို့ပြင် ချီလီနိုင်ငံ၏ နယ်စပ်ဂိတ်များကို ဇွန် ၃၀ ရက်အထိ ပိတ်ထားဦးမည်ဟုလည်းကြေညာခဲ့သည်။ ချီလီနိုင်ငံတွင် ကျန်းမာရေးအခြေအနေမှာ စိုးရိမ်စရာကောင်းလျက်ရှိပြီး ပြီးခဲ့သည့်သီတင်းပတ်အတွင်း နေ့စဉ်ကူးစက်မှုမှာ ၈၀၀၀ ကျော်အထိ ရှိခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံတွင် ကုမ္ပဏီများနှင့် တက္ကသိုလ်များက အစိုးရ၏ ကာကွယ်ဆေးထိုး၊ ဖြန့်ဝေမှုလုပ်ငန်းများကို ကူညီဆောင်ရွက်မည်

တိုကျို ဇွန် ၈

**ဂျပန်နိုင်ငံတွင် ကုမ္ပဏီများနှင့် တက္ကသိုလ်များက အစိုးရ၏ ကာကွယ်ဆေးထိုး၊ ဖြန့်ဝေမှုလုပ်ငန်းများကို ကူညီဆောင်ရွက်ရန် ကမ်းလှမ်းထားကြောင်း သိရသည်။**

ကျန်းမာရေးဝန်ထမ်းများနှင့် အသက်ကြီးသူများအား ကာကွယ်ဆေးထိုးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း ဂျပန်နိုင်ငံ၏ ကာကွယ်ဆေးထိုးနှုန်းသည် ၂၀ ရာခိုင်နှုန်းအောက် ကျဆင်းလျက်ရှိသည်။

ဂျပန်အစိုးရသည် ဇွန် ၂၁ ရက်မှစကာ ကုမ္ပဏီများအား ၎င်းတို့၏ ကုမ္ပဏီဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးရန် ခွင့်ပြုပေးသွားမည် ဖြစ်ပြီး ကုမ္ပဏီပေါင်း ၄၀၀ ကျော် လျှောက်ထားကြောင်း သိရသည်။

အရှေ့ဂျပန်ရထားကုမ္ပဏီက ယခုနှစ်ကုန်တွင် ၎င်း၏ ကုမ္ပဏီဝန်ထမ်း ၂၂၀၀၀ ကို ကိုဗစ်- ၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးပေးရန် စီစဉ်ထားကြောင်း သိရသည်။ ထို့အတူ တခြားကုမ္ပဏီများကလည်း အလားတူ လုပ်ဆောင်ရန် စီစဉ်နေကြောင်း သိရသည်။

ဂျပန်နိုင်ငံ တစ်ဝန်းရှိ ကောလိပ် ရှစ်ခုကိုလည်း ကာကွယ်ဆေးထိုး နေရာများ အဖြစ်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

ဂျန်ပန်နိုင်ငံ ဝန်ကြီးနီရှိမူရာ ယာဆူတိုရှီက လွန်ခဲ့သောလက ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှု ၉၉၃ ခု တွေ့ရှိခဲ့ကြောင်း ဖော်ပြလိုက်သည်။ တချို့အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်များသည် ပိုမိုကူးစက်ပြန့်ပွားနိုင်ကြောင်း နီရှိမူရာက ပြောသည်။

ဂျပန်နိုင်ငံ တစ်ဝန်းရှိ ကျန်းမာရေးအာဏာပိုင်များက ဇွန် ၈ ရက်က ဂျပန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၈၀၀ ကျော်ရှိကြောင်း အတည်ပြုခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ချီဘာတက္ကသိုလ် ကာကွယ်ဆေးထိုးနေရာတွင် ပြည်သူများ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

# တရုတ်နိုင်ငံက လှူဒါန်းသော ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို ကမ္ဘောဒီးယား လက်ခံရရှိ

**ဖနောင်ပင် ဇွန် ၈**

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဇွန် ၈ ရက်က ရရှိပြီးနောက် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးလှုပ်ရှားမှုကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နိုင်ခဲ့သည်။

ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီး ယေဘုခ်ဆမ်ဘက်သ်က အသစ်ထပ်မံ ရောက်ရှိလာသော ကိုဗစ်-၁၉ ကာကွယ်ဆေးများတွင် တရုတ်နိုင်ငံမှ လှူဒါန်းလိုက်သော ဆီနိုဖမ်း ကိုဗစ်- ၁၉ ကာကွယ်ဆေးနှင့် တရုတ်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ဆီနိုဗက်ဘိုင်အိုတက်ခ်မှ ဝယ်ယူထားသော ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ပါဝင်ကြောင်း ပြောသည်။

ဆမ်ဘက်သ်က ဆီနိုဖမ်းနှင့် ဆီနိုဗက် ကိုဗစ်- ၁၉ ကာကွယ်ဆေးများသည် ဘေးကင်းစိတ်ချရပြီး ထိရောက်မှုရှိကြောင်း ပြောသည်။ ထို့အပြင် ကမ္ဘာဒီးယားသို့ ကာကွယ်ဆေးများ လှူဒါန်းခဲ့သည့် တရုတ်နိုင်ငံကိုလည်း လေးလေးနက်နက် ကျေးဇူးတင်ကြောင်း ပြောသည်။




ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရုတ်နိုင်ငံက လှူဒါန်းသော ကိုဗစ်-၁၉ ကာကွယ်ဆေးများ သယ်ယူပို့ဆောင်နေသည်ကို တွေ့ရစဉ်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ ကိုဗစ်အစီအစဉ်မှ ကိုဗစ်- ၁၉ ကာကွယ်ဆေးအလုံးရေ ခုနစ်သန်းကျော် ရရှိထားကြောင်း ဆမ်ဘက်သ်က ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး အစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်က စတင်ခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကာကွယ်ဆေးအလုံးရေ ၄ ဒသမ ၉၇ သန်း ထိုးနှံပေးပြီး ဖြစ်သည်။ ၂၂ သန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးပေးပြီးဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ် တက်ချ်ဟွန်ဆန်က လူဦးရေ ၁၆ သန်းရှိသည့်အနက် အနည်းဆုံး ၁၀ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရေး ဦးတည်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဇွန် ၈ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၇၈ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ အတည်ပြုလူနာ ၃၅၅၁၁ ဦး ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၇၈ ဦးနှင့်အတူ ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည် ကောင်းမွန်လာသူ ၂၈၆၄၉ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ခြောက်ထောင်ကျော်တိုးလာ

**ဂျကာတာ ဇွန် ၈**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၂၉၄ ဦး တိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၈၆၃၉၃၂၅ ဦးအထိ ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်- ၁၉ ကြောင့် ၁၈၉ ဦး သေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၅၁၉၉၂ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ ကိုဗစ်- ၁၉ ကင်းစင်သွားပြီး ဆေးရုံမှဆင်းလာသူ ၅၈၀၅ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည် ကောင်းမွန်လာသူ ၁၇၁၇၃၇၀ ဦး ရှိလာခဲ့သည်။ ကိုဗစ်- ၁၉ ဗိုင်းရပ်စ်သည် နိုင်ငံ၏ ပြည်နယ်ပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့လျက်ရှိသည်။

အထူးသဖြင့် လွန်ခဲ့သော ၂၄ နာရီအတွင်း အလယ်ဂျာဗားတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၈၉ ဦး၊ အနောက်ဂျာဗားတွင် ၁၀၇၃၊ ဂျကာတာတွင် ၇၅၅ ဦး၊ အရှေ့ဂျာဗားတွင် ၃၈၉ ဦးနှင့် ရီရယ်တွင် ၃၄၅ ဦးတို့ ဖြစ်ကြသည်။ **ဆင်ဟွာ**

## အာရှ-ပစိဖိတ်ဒေသတွင် ကိုဗစ်-၁၉ ကူးစက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိ

**ဟောင်ကောင် ဇွန် ၈**

ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုသည် အာရှ- ပစိဖိတ်ဒေသတွင် ဆက်လက်ဖြစ်ပွားလ ျက်ရှိသည်။

**အိန္ဒိယ**

အိန္ဒိယနိုင်ငံ၏ ကိုဗစ်- ၁၉ သေဆုံးနှုန်းသည် ၃၅၀၀၀၀ ကျော်လွန်လာခဲ့ပြီး ၃၅၁၃၀၉ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားလိုက်သည်။ လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်- ၁၉ ကြောင့် ၂၁၂၃ ဦး သေဆုံးခဲ့သည်။ ထို့ပြင် ဇွန် ၇ ရက်နံနက်ပိုင်းအထိ ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၆၄၉၈ ဦးရှိကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၈၉၉၆၄၇၃ ဦးအထိ ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုပမာဏသည် နှစ်လကျော်ကာလအတွင်း အနည်းဆုံးဖြစ်ခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ လက်ရှိကူးစက်ဖြစ်ပွားနေသူ ၁၃၀၃၇၀၂ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီက ၉၇၉၀၇ ဦး ကျဆင်းခဲ့သည်။

**ဖိလစ်ပိုင်**

ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဌာနက နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၇၇၇ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၂၈၀၇၇၃ ဦးရှိလာကြောင်း သိရသည်။ ဇွန် ၈ ရက်က ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုသည် မေ ၂၅ ရက်ကတည်းကစကာ အနည်းဆုံးဖြစ်ခဲ့ပြီး ကူးစက်ဖြစ်ပွားသူစုစုပေါင်း ၃၉၇၂ ဦးသာ ရှိခဲ့သည်။ ကိုဗစ်- ၁၉ ကြောင့် ၉၅ ဦး ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်းသေဆုံးသူပမာဏ ၂၂၀၆၄ ဦးအထိ ရှိခဲ့သည်။

**ထိုင်း**

ထိုင်းနိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး ဖြန့်ဝေခြင်းများကို အင်တိုက်အားတိုက်လုပ်ဆောင်လျက်ရှိသည်။ ထိုင်းနိုင်ငံတွင် စုစုပေါင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၄ ဒသမ ၆၃ သန်းကျော် ထိုးပေးနိုင်ခဲ့သည်။ ယခုနှစ်ကုန်တွင် ၎င်း၏ လူဦးရေသန်း ၇၀ ရှိသည့်အနက် ၇၀ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ ဇွန် ၈ ရက်က ထိုင်းနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၆၂ ဦး ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၈၂၅၄၈ ဦး ရှိလာခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ကြောင့် နှစ်ဦးထပ်မံသေဆုံးခြင်း အပါအဝင် စုစုပေါင်း ကိုဗစ်- ၁၉ ကြောင့် ၁၂၉၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



အိန္ဒိယနိုင်ငံတွင် ရထားစီးခရီးသည်များ နှာခေါင်းစည်းတပ်ဆင်ထားသည်ကို တွေ့ရစဉ်။

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

❖ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၈-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၂၈၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၂) ခု | (၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၁) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၄) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၃) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၀၁) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆၉) ခု | (၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၁၀) ခု | (၆၉) ဦး |
| စုစုပေါင်း | (၂,၀၂၂) ခု | (၁၂၃) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများပြားလာခြင်းကြောင့် ရိုခေါ်ဒါရ်မြို့ ကျောင်းများ ခေတ္တပြန်ပိတ်ထား

ရိုခေါ်ဒါရ်  ဇွန်  ၈

ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိုခေါ်ဒါရ်မြို့ အခြေခံပညာစာသင်ကျောင်းများအား ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများပြားလာခြင်းကြောင့် ဇွန် ၇ ရက်မှစ၍ ရက်အကန့်အသတ်မရှိ ခေတ္တပြန်ပိတ်ထားကြောင်း ရိုခေါ်ဒါရ်မြို့ အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးယောင်မန်းထံမှ သိရသည်။

ရိုခေါ်ဒါရ်မြို့အတွင်း အခြေခံပညာအထက်တန်းကျောင်းသည် ဇွန် ၁ ရက်မှ ကျောင်းဖွင့်လှစ်ထားပြီး ကျောင်းသား ကျောင်းသူ ကျောင်းအပ်နှံထားသူ ၈၇ ဦး ရှိပြီး ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများပြားလာခြင်းကြောင့် စာသင်ကျောင်းအား ရက်အကန့်အသတ်မရှိ ခေတ္တပြန်ပိတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ရိုခေါ်ဒါရ် (ပြန်/ဆက်)




### ၈ - ၆ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၂၇၅၃၄ | ၂၈၁၇၇၆၅၉ | ၆၁၂၇၁၀ |
| ၂။ | အိန္ဒိယ | ၂၈၉၉၆၉၄၉ | ၂၇၃၄၁၄၆၂ | ၃၅၁၃၄၄ |
| ၃။ | ဘရာဇီး | ၁၆၉၈၅၈၁၂ | ၁၅၄၀၈၄၀၁ | ၄၇၄၆၁၄ |
| ၄။ | ပြင်သစ် | ၅၇၁၃၉၁၇ | ၅၄၂၅၁၉၇ | ၁၁၀၀၆၂ |
| ၅။ | တူရကီ | ၅၂၉၃၆၂၇ | ၅၁၆၇၃၅၀ | ၄၈၂၅၅ |
| ၆။ | ရုရှား | ၅၁၄၅၈၄၃ | ၄၇၅၂၀၈၅ | ၁၂၄၄၉၆ |
| ၇။ | ဗြိတိန် | ၄၅၂၂၄၇၆ | ၄၂၇၇၀၉၈ | ၁၂၇၈၄၁ |
| ၈။ | အီတလီ | ၄၂၃၃၆၉၈ | ၃၉၁၈၆၅၇ | ၁၂၆၅၈၈ |
| ၉။ | အာဂျင်တီးနား | ၃၉၇၇၆၃၄ | ၃၅၆၀၁၄၈ | ၈၁၉၄၆ |
| ၁၀။ | ဂျာမနီ | ၃၇၁၀၃၄၁ | ၃၅၄၉၉၀၀ | ၈၉၉၆၅ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၈ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၈၆၉၃၂၅ | ၁၇၁၇၃၇၀ | ၅၁၉၉၂ |
| ဖိလစ်ပိုင် | ၁၂၈၀၇၇၃ | ၁၂၀၂၂၅၇ | ၂၂၀၆၄ |
| မလေးရှား | ၆၂၇၆၅၂ | ၅၄၁၃၁၉ | ၃၅၃၆ |
| ထိုင်း | ၁၈၂၅၄၈ | ၁၃၁၉၉၉ | ၁၂၉၇ |
| မြန်မာ | ၁၄၄၅၇၉ | ၁၃၂၆၁၅ | ၃၂၂၈ |
| စင်ကာပူ | ၆၂၂၁၉ | ၆၁၆၆၀ | ၃၃ |
| ကမ္ဘောဒီးယား | ၃၅၅၁၁ | ၂၈၆၄၉ | ၂၇၈ |
| ဗီယက်နမ် | ၉၁၅၈ | ၃၅၀၉ | ၅၅ |
| လာအို | ၁၉၇၀ | ၁၇၇၃ | ၃ |
| ဘရူနိုင်း | ၂၄၄ | ၂၃၁ | ၃ |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မြို့နယ် ၂၆ မြို့နယ်၌ မဲရုံပေါင်း ၅၇၄၈ ရုံ၊ မဲဆန္ဒရှင် စုစုပေါင်း ၄၆၈၁၁၅၂ ဦး ရှိသည့်အနက် ၃၅၄၁၉၃၃ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၅.၆၆ ရာခိုင်နှုန်း ရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၂၁ ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
(ဂ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
(င) ကရင်ပြည်သူ့ပါတီ၊
(စ) မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ၊
(ဆ) ပြည်သူ့ရှေ့ဆောင်ပါတီ၊
(ဇ) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊
(ဈ) ပြည်သူ့ပါတီ၊
(ည) ရခိုင်အမျိုးသားပါတီ၊
(ဋ) အမျိုးသမီးပါတီ(မွန်)၊
(ဌ) ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊
(ဍ) အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ၊
(ဎ) လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊
(ဏ) ကရင်အမျိုးသားပါတီ၊
(တ) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ထ) ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊
(ဒ) လူ့ဘောင်သစ်ပါတီ၊
(ဓ) ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၊
(န) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊
(ပ) အမျိုးသားတိုးတက်ရေးပါတီ၊
(ဖ) တစ်သီးပုဂ္ဂလ။

၃။ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက်ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ဧရာဝတီတိုင်းဒေသကြီး၊ မြို့နယ် ၂၆ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၆၈၁၁၅၂ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၄၄၁၆၇၆၆ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၀၆၉၈၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၅၄၂၈၅ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၅၆၇၃၀၀ ဦး ဖြစ်သည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂၆ မြို့နယ်တွင် မဲရုံပေါင်း ၅၇၄၈ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သောဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၂၃၈၂၀၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၄၇၉၈၆၉ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၇၅၈၃၃၆ ၊ မြေပြင် လက်ကျန် ၁၆၄၁၃၄၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၈၂၇၁၉ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၅၇၂၄ ဖြစ်သည်။ မြို့နယ်အလိုက်ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

၆။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝက စာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မြန်အောင် | ၂၁၁ | ၁၇၀၈၈၇ | ၁၈၂၃၀၆ | ၁၃၆၄၅ | ၁၅၆၉ | ၂၀၄၃၂ |
| ၂ | ကြံခင်း | ၉၄ | ၇၅၆၄၀ | ၇၆၈၅၆ | ၃၂၁၅ | ၆၂၃ | ၈၉၆၆ |
| ၃ | မအူပင် | ၃၁၁ | ၂၄၇၈၄၄ | ၂၃၅၁၆၉ | ၃၇၁၅၄ | ၄၈၅၄ | ၃၇၄၀၂ |
| ၄ | ပန်းတနော် | ၂၁၇ | ၂၀၁၆၅၅ | ၂၁၂၃၉၁ | ၃၄၆၂၆ | ၂၆၈၆ | ၂၅၈၇၂ |
| ၅ | ညောင်တုန်း | ၂၄၄ | ၁၇၀၁၆၈ | ၁၃၅၃၇၆ | ၁၂၀၅၆ | ၃၄၉၉ | ၂၈၂၁၄ |
| ၆ | ကျိုက်လတ် | ၂၆၀ | ၁၂၉၁၆၅ | ၁၂၈၅၇၈ | ၇၄၉၃ | ၁၀၅၆ | ၁၄၀၀၆ |
| ၇ | ဒေးဒရဲ | ၁၈၁ | ၁၅၅၆၈၅ | ၁၅၅၉၅၈ | ၂၂၆၃၂ | ၂၂၉၈ | ၂၂၀၄၈ |
| ၈ | မြောင်းမြ | ၃၀၀ | ၂၂၅၉၀၃ | ၂၀၆၇၁၂ | ၃၁၇၅၃ | ၂၁၅၈ | ၂၆၃၃၆ |
| ၉ | အိမ်မဲ | ၁၆၂ | ၁၅၁၅၉၂ | ၁၄၁၂၀၈ | ၂၁၁၄၈ | ၁၂၉၃ | ၁၇၆၅၆ |
| ၁၀ | ဝါးခယ်မ | ၃၃၃ | ၂၂၇၉၄၆ | ၂၁၄၃၃၇ | ၃၄၈၃၅ | ၃၁၄၈ | ၂၉၁၀၈ |
| ၁၁ | လပွတ္တာ | ၂၆၃ | ၂၂၆၇၅၀ | ၂၂၁၉၆၂ | ၆၇၄၇၅ | ၁၈၄၆ | ၂၁၁၅၈ |
| ၁၂ | မော်လမြိုင်ကျွန်း | ၃၂၂ | ၂၁၉၆၃၈ | ၂၀၆၉၇၅ | ၄၄၆၄၂ | ၁၈၃၄ | ၂၃၃၄၀ |
| ၁၃ | ပုသိမ် | ၂၀၀ | ၂၇၇၉၆၄ | ၂၂၄၁၄၈ | ၃၀၄၇၃ | ၅၀၁၂ | ၃၈၄၀၆ |
| ၁၄ | ကန်ကြီးထောင့် | ၁၃၉ | ၁၃၅၇၅၇ | ၁၃၃၂၀၆ | ၁၇၉၅၈ | ၉၉၅ | ၁၃၁၈၆ |
| ၁၅ | ငပုတော | ၂၅၂ | ၂၃၅၄၂၈ | ၂၁၄၆၃၆ | ၅၅၉၈၇ | ၂၈၈၅ | ၂၆၃၀၆ |
| ၁၆ | သာပေါင်း | ၂၀၃ | ၁၁၆၇၅၈ | ၁၁၀၉၁၄ | ၈၉၈၇ | ၁၇၈၄ | ၁၇၁၁၀ |
| ၁၇ | ကျောင်းကုန်း | ၁၂၅ | ၁၂၈၂၇၃ | ၁၁၉၁၃၁ | ၁၁၆၅၉ | ၁၂၉၆ | ၁၆၈၅၆ |
| ၁၈ | ရေကြည် | ၁၁၉ | ၁၅၇၇၆၅ | ၁၄၀၂၇၄ | ၁၉၁၆၅ | ၁၂၆၁ | ၁၆၆၈၄ |
| ၁၉ | ကျုံပျော် | ၂၃၃ | ၁၉၀၂၀၃ | ၁၇၁၄၅၈ | ၁၈၀၈၁ | ၁၈၀၆ | ၂၃၇၆၈ |
| ၂၀ | ဖျာပုံ | ၂၄၉ | ၂၁၁၆၃၉ | ၁၈၈၄၄၇ | ၄၆၅၄၄ | ၂၀၃၉ | ၂၁၄၉၄ |
| ၂၁ | ဘိုကလေး | ၃၆၁ | ၂၂၄၄၁၇ | ၂၁၄၇၃၇ | ၆၃၁၆၂ | ၁၈၇၀ | ၂၀၆၅၆ |
| ၂၂ | ဟသ်ာတ | ၂၈၂ | ၂၇၂၅၀၂ | ၂၆၇၉၇၈ | ၄၀၆၇၁ | ၂၉၃၂ | ၃၂၅၉၂ |
| ၂၃ | ဓနုဖြူ | ၁၆၄ | ၁၄၅၆၈၅ | ၁၄၁၆၅၆ | ၁၅၀၅၅ | ၁၂၂၀ | ၁၇၂၂၂ |
| ၂၄ | လေးမျက်နှာ | ၁၈၈ | ၈၃၄၅၇ | ၇၁၉၉၆ | ၈၅၄၃ | ၈၁၀ | ၁၀၆၇၈ |
| ၂၅ | အင်္ဂပူ | ၁၆၉ | ၁၆၄၈၅၅ | ၁၈၉၄၄၄ | ၁၉၂၁၄ | ၁၆၀၃ | ၂၀၀၆၆ |
| ၂၆ | ဇလွန် | ၁၆၆ | ၁၃၃၅၇၆ | ၁၁၀၉၁၃ | ၂၀၈၁၁ | ၁၉၀၈ | ၁၇၇၃၈ |
| | စုစုပေါင်း | ၅၇၄၈ | ၄၆၈၁၁၅၂ | ၄၄၁၆၇၆၆ | ၇၀၆၉၈၄ | ၅၄၂၈၅ | ၅၆၇၃၀၀ |

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြန်အောင် | ၂၁၁ | ၁၉၂၂၉၈ | ၁၃၀၃၇၂ | ၆၁၉၂၆ | ၅၇၃၄၂ | ၆၁၉၅ | ၁၆၁၁ |
| ၂ | ကြံခင်း | ၉၄ | ၈၅၅၆၆ | ၆၀၆၄၀ | ၂၄၉၂၆ | ၂၄၂၄၄ | ၂၀၅၁ | ၁၃၆၉ |
| ၃ | မအူပင် | ၃၁၁ | ၂၇၇၈၉၇ | ၁၇၈၆၈၅ | ၉၉၂၁၂ | ၈၉၄၃၄ | ၁၀၅၂၇ | ၇၄၉ |
| ၄ | ပန်းတနော် | ၂၁၇ | ၂၂၃၃၀၆ | ၁၅၉၆၅၄ | ၆၃၆၅၂ | ၆၀၉၉၂ | ၃၀၂၅ | ၃၆၅ |
| ၅ | ညောင်တုန်း | ၂၄၄ | ၁၉၃၉၉၄ | ၁၃၅၆၀၇ | ၅၈၃၈၇ | ၅၅၂၂၀ | ၄၈၄၁ | ၁၆၇၄ |
| ၆ | ကျိုက်လတ် | ၂၆၀ | ၁၅၀၇၁၄ | ၁၀၄၀၂၅ | ၄၆၆၈၉ | ၄၅၇၄၈ | ၂၄၄၄ | ၁၅၀၃ |
| ၇ | ဒေးဒရဲ | ၁၈၁ | ၁၇၃၃၅၅ | ၁၀၅၄၂၉ | ၆၇၉၂၆ | ၆၄၉၁၇ | ၃၂၅၈ | ၂၄၉ |
| ၈ | မြောင်းမြ | ၃၀၀ | ၂၄၈၉၉၄ | ၁၆၉၆၆၇ | ၇၉၃၂၇ | ၇၃၇၅၉ | ၁၁၀၈၀ | ၅၅၁၂ |
| ၉ | အိမ်မဲ | ၁၆၂ | ၁၆၇၅၁၄ | ၁၁၄၅၂၉ | ၅၂၉၈၅ | ၅၀၆၄၂ | ၃၈၅၁ | ၁၅၀၈ |
| ၁၀ | ဝါးခယ်မ | ၃၃၃ | ၂၆၁၄၁၃ | ၁၆၅၇၉၉ | ၉၅၆၁၄ | ၈၅၇၁၅ | ၁၄၂၉၅ | ၄၃၉၆ |
| ၁၁ | လပွတ္တာ | ၂၆၃ | ၂၅၁၂၂၃ | ၁၄၅၂၁၀ | ၁၀၆၀၁၃ | ၉၄၀၉၆ | ၁၈၃၅၅ | ၆၄၃၈ |
| ၁၂ | မော်လမြိုင်ကျွန်း | ၃၂၂ | ၂၄၉၇၇၁ | ၁၆၃၃၈၄ | ၈၆၃၈၇ | ၈၀၇၆၃ | ၈၁၅၆ | ၂၅၃၂ |
| ၁၃ | ပုသိမ် | ၂၀၀ | ၂၉၂၁၅၈ | ၂၀၄၄၂၆ | ၈၇၇၃၂ | ၈၂၈၁၇ | ၁၄၁၉၈ | ၉၂၈၃ |
| ၁၄ | ကန်ကြီးထောင့် | ၁၃၉ | ၁၄၈၁၂၇ | ၁၀၉၄၆၇ | ၃၈၆၆၀ | ၃၇၉၂၆ | ၉၄၁ | ၂၀၇ |
| ၁၅ | ငပုတော | ၂၅၂ | ၂၅၆၀၆၃ | ၁၆၆၄၈၆ | ၈၉၅၇၇ | ၈၇၈၅၃ | ၃၉၀၉ | ၂၁၈၅ |
| ၁၆ | သာပေါင်း | ၂၀၃ | ၁၃၆၃၀၃ | ၈၉၉၀၈ | ၄၆၃၉၅ | ၄၅၄၇၃ | ၂၁၁၃ | ၁၁၉၁ |
| ၁၇ | ကျောင်းကုန်း | ၁၂၅ | ၁၄၅၉၁၉ | ၁၀၂၈၂၃ | ၄၃၀၉၆ | ၄၀၉၂၃ | ၃၈၈၅ | ၁၇၁၂ |

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁၈ | ရေကြည် | ၁၁၉ | ၁၇၄၇၈၉ | ၁၁၈၂၉၀ | ၅၆၄၉၉ | ၅၃၁၀၅ | ၃၅၃၇ | ၁၄၃ |
| ၁၉ | ကျုံပျော် | ၂၃၃ | ၂၁၉၀၁၃ | ၁၄၃၆၁၈ | ၇၅၃၉၅ | ၇၂၁၃၂ | ၄၅၂၅ | ၁၂၆၂ |
| ၂၀ | ဖျာပုံ | ၂၄၉ | ၂၂၇၃၉၆ | ၁၄၉၂၃၃ | ၇၈၁၆၃ | ၇၁၈၅၆ | ၆၃၈၁ | ၇၄ |
| ၂၁ | ဘိုကလေး | ၃၆၁ | ၂၅၅၁၃၄ | ၁၅၆၅၁၉ | ၉၈၅၉၅ | ၉၄၀၀၂ | ၆၅၉၉ | ၂၀၀၆ |
| ၂၂ | ဟသ်ာတ | ၂၈၂ | ၃၀၅၂၀၇ | ၂၀၁၂၉၀ | ၁၀၃၉၁၇ | ၈၇၅၇၁ | ၂၂၀၉၃ | ၅၇၄၇ |
| ၂၃ | ဓနုဖြူ | ၁၆၄ | ၁၆၇၃၄၀ | ၁၁၁၂၁၉ | ၅၆၁၂၁ | ၅၅၉၃၅ | ၆၄၇ | ၄၆၁ |
| ၂၄ | လေးမျက်နှာ | ၁၈၈ | ၁၀၀၂၇၃ | ၆၃၂၀၂ | ၃၇၀၇၁ | ၃၅၃၂၁ | ၄၄၅၀ | ၂၇၀၀ |
| ၂၅ | အင်္ဂပူ | ၁၆၉ | ၁၈၄၇၆၁ | ၁၂၉၃၂၀ | ၅၅၄၄၁ | ၅၁၅၉၅ | ၅၄၅၄ | ၁၆၀၈ |
| ၂၆ | ဇလွန် | ၁၆၆ | ၁၄၉၆၇၇ | ၁၀၁၀၄၇ | ၄၈၆၃၀ | ၄၁၉၆၀ | ၁၅၉၀၉ | ၉၂၃၉ |
| | **စုစုပေါင်း** | **၅၇၄၈** | **၅၂၃၈၂၀၅** | **၃၄၇၉၈၆၉** | **၁၇၅၈၃၃၆** | **၁၆၄၁၃၄၁** | **၁၈၂၇၁၉** | **၆၅၇၂၄** |

၇။ ရောဝတီတိုင်းဒေသကြီး၊ မြို့နယ် ၂၆ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

( က ) **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က)အရ** ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ ရောဝတီတိုင်းဒေသကြီး၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၇၀၆၉၈၄ ဦး၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၅၄၂၈၅ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၅၆၇၃၀၀ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ရောဝတီတိုင်းဒေသကြီး၌ မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသောမှားယွင်းမှုများကို တွေ့ရှိရသည်။

( ခ ) မဲရုံပေါင်း ၅၇၄၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၅၂၃၈၂၀၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၄၇၉၈၆၉ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၇၅၈၃၃၆ ၊ မြေပြင်လက်ကျန် ၁၆၄၁၃၄၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၈၂၇၁၉ ၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက် ၆၅၇၂၄ ဖြစ်သည်။ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိ မှုများနှင့် မဲလက်မှတ်ပျောက်ဆုံးခြင်းများသည် တရားမဝင် ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

( ဂ ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အဆိုပါ မြို့နယ် ၂၆ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၃၅၄၁၉၃၃ ဦး၊ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၃၄၇၉၈၆၉ စောင် ဖြစ်၍ မဲလက်မှတ်သုံးစွဲမှုတွင် ၆၂၀၆၄ စောင် လျော့နည်း အသုံးပြုထားကြောင်း တွေ့ရှိရသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ရောဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်၌ ပြည်သူ့လွှတ်တော် အတွက် မဲပေးသူဦးရေမှာ ၃၅၄၁၉၃၃ ဦး ဖြစ်ပြီး မဲရုံမဲပေးသူ ၂၇၄၀၅၈၁ ဦး၊ ကြိုတင်မဲပေးသူ ၈၀၁၃၅၂ ဦး ဖြစ်သဖြင့် မဲရုံမဲပေးသူ ၇၇.၃၈ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၂၂.၆၂ ရာခိုင်နှုန်း ဖြစ်သည်။

( င ) မဲလက်မှတ်လက်ခံဖြတ်ပိုင်းပါ မဲရုံအိတ်အချို့ ပျောက်ဆုံးနေကြောင်းတွေ့ရှိရပြီး မြေပြင် ဖွင့်ဖောက်စစ်ဆေးမှု ပြုလုပ်သည့်အချိန်မှသာ သက်ဆိုင်ရာမဲရုံမှူးတာဝန် ထမ်းဆောင်ခဲ့သူမှ လာရောက်အပ်နှံခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

( စ ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက် အပ်နှံမှုများရှိကြောင်း စိစစ်တွေ့ရှိရသည်။

(ဆ) သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်များတွင် နောက်တိုးမဲဆန္ဒရှင်များကို လက်ရေးဖြင့် ဖြည့်သွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားပြီး အချို့ကျေးရွာအုပ်စုများတွင် မူလမဲဆန္ဒရှင် အမည်ကိုပင် မျဉ်းသားပယ်ဖျက်၍ အခြားမဲဆန္ဒရှင် အမည်နှင့် အချက်အလက်များကို ပြင်ဆင်ဖြည့်သွင်း မဲပေးခွင့်ပြုထားကြောင်း စိစစ်တွေ့ရှိရသည်။

( ဇ ) အသက် ၁၈ နှစ် မပြည့်သူများကို မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ခြင်း၊

( ဈ ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင် ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ည ) ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှု မရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရသည်။

( ဋ ) မော်လမြိုင်ကျွန်းမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၌ တာဝန်ကျသည့် အလယ်တန်းပြဆရာမ (မဲရုံအဖွဲ့ဝင်) ဒေါ်မိုးမြတ်သူဇာသည် ၎င်း၏မိဘများရှိရာ မယ်တလိုင်းကျေးရွာအုပ်စုတွင် လည်းကောင်း၊ ၎င်း၏ခင်ပွန်းရှိရာ ကျေးရွာဖြစ်သည့် စီးပွားချောင်ကျေးရွာအုပ်စုတွင် လည်းကောင်း မဲ(၂) ကြိမ်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ (ဆ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း တွေ့ရှိရသည်။ အခြားမြို့နယ်များတွင်လည်း မဲစာရင်း ၂ ကြိမ်/ ၃ ကြိမ်ပါဝင်နေပြီး တစ်ကြိမ်ထက်ပိုမိုဆန္ဒပြုထားသူများကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိရာ မဲစာရင်းများတွင် အကြိမ်ကြိမ်ပါဝင်နေခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုရန် အခွင့်အလမ်းတစ်ရပ်သဖွယ် ဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည်။

( ဌ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက် ပါဝင်ပြီး မဲဆန္ဒရှင် သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဍ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဎ ) COVID–19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်–

(က) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများကဥက္ကဋ္ဌအဖြစ် ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေး လုပ်ငန်းအဖွဲ့က အဓိက ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်း ကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅ (ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်**ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ခ ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉–၁၀–၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေး အဖွဲ့များ ပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်–၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈– ၁၀– ၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁– ၁၀– ၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများ ထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဂ ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉– ၈– ၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြု အမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန် မျှတမှု မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

*စာမျက်နှာ ၁၇ သို့*





ရောဝတီတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။


*စာမျက်နှာ ၁၆ မှ*

(ဃ) ယခင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပြန်လည်ဖွဲ့စည်းခဲ့ရာတွင် အမည်စာရင်းပေးပို့နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ/ အဖွဲ့ဝင်များ လစ်လပ်မှုရှိပါကလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ သဘောတူညီချက်ရရှိသူကိုသာ ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ အစားထိုးအမည်စာရင်းတင်ပြရသည်ကို စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင်လည်း NLD ပါတီမှ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်စွက်ဖက်ခဲ့ကြပြီး အဆိုပါ NLD အမာခံ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအနေဖြင့် မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်ဆန္ဒမဲများ ကောက်ယူခြင်း၊ မဲရုံတွင် ဆန္ဒမဲပေးခြင်းများနှင့်စပ်လျဉ်း၍ ပြောင်ပြောင်တင်းတင်း ဘက်လိုက်ဆောင်ရွက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ **(ယခင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း၊ အစားထိုးဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်းသည့် ညွှန်ကြားစာများ ပူးတွဲဖော်ပြထားပါသည်။)**

၉။ အထက်ပါ မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံတိုင်း၌ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆ ဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက်၍ မလျော်ဩဇာအသုံးပြု၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၁၀။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှု အခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/ တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ အထက်ပါ စိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှု မရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး

စာအမှတ်၊ ၁၀၀/၆-၁( ၅၅၁ )/အစိုးရ(ဧရာဝတီ)
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်

သို့
ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူး(အားလုံး)
ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး

အကြောင်းအရာ။ **သိရှိဆောင်ရွက်နိုင်ရန်ကိစ္စ**
ရည် ညွှန်း ချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ (၁၁.၁၀.၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၀၁၊ ဦးစီး-၁(၁)/ကမရ(ဌ)


၁။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို အသစ်ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ အများယုံကြည်လေးစားပြီး အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်ပုဂ္ဂိုလ်များ အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၂။ ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အလိုက် အသစ်ပြန်လည်ဖွဲ့စည်းမည့် ကော်မရှင်အဖွဲ့ခွဲများအတွက် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်အမည်စာရင်းတောင်းခံလာပါက (လျှို့ဝှက်)ပေးပို့နိုင်ရေး ကြိုတင်လမ်းညွှန်မှုပြုပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် မေတ္တာရပ်ခံ အကြောင်းကြားလာမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ **"ဆက်လက်အသိပေးအကြောင်းကြားထားပေးရန်"** ဟု မှတ်ချက်ပြု ညွှန်ကြားခဲ့ပါသဖြင့် သိရှိဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရန် အကြောင်းကြားပါသည်။

ဝန်ကြီးချုပ်( ကိုယ်စား )
(မျိုးမင်းထွန်း၊ ညွှန်ကြားရေးမှူး)

မိတ္တူကို
တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
လုည့်လည်စာတွဲ/ ရုံးလက်ခံ

လျှို့ဝှက်



ပူးတွဲ(က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး

စာအမှတ်၊၁၀၀/၃-၁( ၁၇၃ )/အစိုးရ(ဧရာဝတီ)
ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ မေ လ ၂၅ ရက်

သို့
မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အားလုံး)
ဧရာဝတီတိုင်းဒေသကြီး


အကြောင်းအရာ။ **လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားရန်ကိစ္စ**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ၁၀(ဂ)ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ၁၃ နှင့် ၁၅ တို့အရ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဖွဲ့စည်းရမည်ဖြစ်ပါသည်။

၂။ ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ် အနည်းဆုံး(၃)ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေးသည် ယင်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းနိုင်ရေးအတွက် လမ်းညွှန်မှုပြုနိုင်ပါရန် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ (၁၈.၄.၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၄၀၂/၁၆/၁၆-၁/တကမရ(ဧရာဝတီ)ဖြင့် တင်ပြလာပါသဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင် လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားရန် အကြောင်းကြားပါသည်။

ဝန်ကြီးချုပ်(ကိုယ်စား)
(အောင်နိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး)

မိတ္တူကို
ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဧရာဝတီတိုင်းဒေသကြီး
တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
ဧရာဝတီတိုင်းဒေသကြီး
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (အားလုံး)၊
ဧရာဝတီတိုင်းဒေသကြီး
လှည့်လည်စာတွဲ
ရုံးလက်ခံ



ပူးတွဲ(c)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး

စာအမှတ်၊ ၁၀၀/၆-၁(၂၈၆ )/အစိုးရ(ဧရာဝတီ)
ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဇူလိုင် လ ၂၃ ရက်


သို့
ဥက္ကဋ္ဌ
တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

အကြောင်းအရာ။ **ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(၁)ဦး အစားထိုးရွေးချယ်တာဝန်ပေးအပ်ခြင်းကိစ္စ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ(၆.၁၂.၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာချက်အမှတ်(၃၄/၂၀၁၇)ဖြင့် ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်ဖြစ်သူ (ဦးကျော်ဝင်း)မှာ ၂၀၁၈ခုနှစ်၊ မေလ ၁၄ရက်နေ့တွင် ဇဝေါးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပါသဖြင့် အဆိုပါ ကွယ်လွန်သွားသော (ဦးကျော်ဝင်း)ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်၏နေရာတွင် အစားထိုးတာဝန်ပေးခန့်အပ်နိုင်ရေးအတွက် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အတည်ပြုခြင်းများ ပြုလုပ်နိုင်ပါရန် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ (၂၅.၅.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ၅၄၀/၃/၃-၁/တကမရ(ဧရာဝတီ)ဖြင့် အဖွဲ့ဝင်(၂)ဦး၏ အမည်စာရင်းအား ဦးစားပေးအဆင့်အလိုက် လျာထားတင်ပြလာမှုအပေါ် ဦးတင်စိုးအား အတည်ပြုပါကြောင်း သိရှိဆောင်ရွက်နိုင်ပါရန် အကြောင်းကြားပါသည်။

ဝန်ကြီးချုပ်( ကိုယ်စား )
( သန်းဆွေဝင်း၊ အတွင်းရေးမှူး )

မိတ္တူကို
လှည့်လည်စာတွဲ
ရုံး လက် ခံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး

စာအမှတ်၊ ၁၀၀၀/ ၁- ၃(၆၅၈ )/အစိုးရ (ဧရာဝတီ)
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်

သို့
ဥက္ကဋ္ဌ
တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ပုသိမ်မြို့

အကြောင်းအရာ။ **အိမ်မဲမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးခန့်အပ်ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးတင်ပြလာခြင်းကိစ္စ**
ရည်ညွှန်းချက်။ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၂၈.၁၀.၂၀၂၀ရက်စွဲပါ စာအမှတ်၊ ၁၉၂၉/ ၃/ ၃-၁/တကမရ(ဧရာဝတီ)

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမောင်မောင်ကြီးသည် ကျန်းမာရေးအခြေအနေအရ ဆက်လက်တာဝန် ထမ်းဆောင်ခြင်း မပြုနိုင်သဖြင့် ၎င်း၏ဆန္ဒအရ နုတ်ထွက်ခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နုတ်ထွက်ခွင့်ပြုကြောင်းနှင့် ၎င်း၏နေရာတွင် ဦးဝင်းလှိုင်၊ ၁၄/အမန(နိုင်) ၁၃၈၆၃၀ အား အစားထိုးဖွဲ့စည်းတာဝန်ပေးအပ်နိုင်ပါရန် ကိုယ်ရေးမှတ်တမ်း ပုံစံမိတ္တူများနှင့်အတူ ရည်ညွှန်းပါစာဖြင့် တင်ပြလာမှုနှင့်စပ်လျဉ်း၍ **ခွင့်ပြုကြောင်း** အကြောင်းကြားပါသည်။

ဝန်ကြီးချုပ်(ကိုယ်စား)
( ဒေါက်တာစိုးဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး)

မိတ္တူကို
လှည့်လည်စာတွဲ
ရုံးလက်ခံ

# အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုကို စားသောက်နေထိုင်ရေးတွင် စိုးရိမ်ပူပန်မှုများမြင့်တက်စေရန် တရားမဝင် မိမိကိုယ်မိမိ ဝန်ကြီးအဖြစ်ခန့်အပ်ထားသည့် ဆေးပညာရှင် ဦးဇော်ဝေစိုးက ခြိမ်းခြောက်ပြောဆို

**နေပြည်တော် ဇွန် ၈**

အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထု အနေဖြင့် လက်ရှိအခြေအနေတွင် မိမိတို့၏ လူနေမှု ဘဝမြင့်မားစေရေးအတွက် နေ့စဉ်နှင့်အမျှ လုပ်ကိုင် သွားလာလျက်ရှိပြီး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့် ဘက်ပေါင်းစုံမှ တိုးပွားလာစေရန် အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြ သည်။




ထိုသို့ ဆောင်ရွက်လျက်ရှိသော ပြည်သူလူထု ၏ စားသောက်နေထိုင်ရေးတွင် စိုးရိမ်ပူပန်မှုဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်ကာ အထိတ်တလန့် နေထိုင် စားသောက်နေရမည့် အခြေအနေရောက်ရှိအောင် ရည်ရွယ်၍ တရားမဝင် မိမိကိုယ်မိမိ ဝန်ကြီးအဖြစ် သတ်မှတ်ထားကာ ဆေးကုသမှုမရှိသော ဆေးပညာရှင် ဦးဇော်ဝေစိုးက ခြိမ်းခြောက်ပြောဆိုမှု များ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့လျက်ရှိသည်။

ဆေးပညာရှင် ဦးဇော်ဝေစိုးအနေဖြင့် မိမိ တတ်မြောက်ထားသည့် ပညာရပ်သည် အများ ပြည်သူ လူထုအသက်ခန္ဓာတည်မြဲရေးကို ဦးတည် ဆောင်ရွက်ရမည်ဖြစ်သော်လည်း တိုင်းပြည်ကို ပျက်စီးစေလိုသည့် အကြမ်းဖက်သမားများ၏ လုပ်ကိုင်ပြောဆိုမှုပုံစံအတိုင်း ဦးတည်ရည်ရွယ် ပြောဆိုလျက်ရှိသည်ကို တွေ့ရသည်။

ဦးဇော်ဝေစိုးအနေဖြင့် ယခင်ကလည်း CDM မပါဝင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ CDM ၌ မဖြစ်မနေ ပါဝင်လာစေရန် တစ်ဖက်မှလည်း ဖြားယောင်း စည်းရုံးခြင်းများကို တစိုက်မတ်မတ် ဆောင်ရွက် ခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းကောင်းများအနေဖြင့် ၎င်း၏ မက်လုံးပေးမှု၊ ခြိမ်းခြောက်မှုများကို လက်မခံဘဲ တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက် ရှိသဖြင့် ယခုကဲ့သို့ ပြည်သူလူထု၏ အသက် အန္တရာယ်အပေါ် ခြိမ်းခြောက်ပြောဆိုလာခဲ့ခြင်း ဖြစ်သည်။

ပြည်သူလူထုအပေါ် NLD ပါတီဝင်နှင့် ထောက်ခံ သူ နိုင်ငံရေးအစွန်းရောက်သမားများ၏ ခြိမ်းခြောက် ပြောဆိုခြင်းများအပါအဝင် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသူများကို မိဘပြည်သူများအနေဖြင့် ဝိုင်းဝန်းရှုတ်ချကန့်ကွက်ခြင်း၊ ၎င်းအကြမ်းဖက် ခြိမ်းခြောက်နေသူများ၏ သတင်းများရရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့ခြင်း၊ ပူးပေါင်းပါဝင်ဖမ်းဆီးခြင်း များဖြင့်နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြပါရန် သက်ဆိုင် ရာက မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**




---

## မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဇွန် ၈**

မြို့နယ်အချို့၌ အကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာ များအား လက်ဝယ်ထားရှိသူများ နှင့် လက်နက်ကိုင် သောင်းကျန်း သူများထံမှ ဖောက်ခွဲရေးသင်တန်း တက်ရောက်ပြီး အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ လုပ်ဆောင်ရန် ကြိုးစားနေသူများ အား ဖောက်ခွဲရေးပစ္စည်းများနှင့် အတူ ဖော်ထုတ်ဖမ်းဆီးလျက် ရှိကြောင်း သိရသည်။





မဟာအောင်မြေမြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များပြုလုပ်သူ အာကာမိုးနှင့် ထက်နိုင်ဝင်း (ခ) ဂျပန်လေးတို့အား သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများနှင့် အတူ တွေ့ရစဉ်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီးခြင်း များ ဆောင်ရွက်ခဲ့ရာ ဇွန် ၇ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ် ကြီးမြို့နယ် အိုင်ကြီးကျေးရွာ မြောင်းပေါင် ရေပွြန်အနီး ချုံစပ် ၌ ဖောက်ခွဲရေးပစ္စည်းများ တွေ့ရှိ ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ အဆိုပါချုံအတွင်းမှ တပ်ဆင်ဆဲ လက်လုပ်ရှေ့တိုက်ဒုံး ခုနစ်လုံးအား တွေ့ရှိရသဖြင့် ရှင်းလင်း သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထို့အတူ မွန်းလွဲ ၁ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် မဟာ နွယ်စဉ်ရပ်ကွက် ၇၁ လမ်းနှင့် လမ်း ၄၀ ထောင့်ရှိ Juice Story အအေးဆိုင်သို့ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး ပြုလုပ် မည့်လူများ လာရောက်မည် ဖြစ်ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက ကြိုတင်စောင့် ဆိုင်းနေစဉ် ပုသိမ်ကြီးမြို့ နယ် အောင်ချမ်းသာကျေးရွာနေ ထက်နိုင်ဝင်း (ခ) ဂျပန်လေး (၂၂)နှစ် (ဘ) ဦးဝင်းမိုလ်သည် ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာ သည်ကို တွေ့ရှိရသဖြင့် ထိန်းသိမ်း စစ်ဆေးခဲ့ရာ ၎င်းလွယ်ထား သည့် ဘေးလွယ်အိတ်အတွင်းမှ လက်လုပ်မိုင်း တစ်လုံး၊ ၎င်းစီးနင်း လာသည့် ဆိုင်ကယ်တူးဘောက် အတွင်းမှ လက်လုပ်မိုင်း ငါးလုံး အား တွေ့ရှိသိမ်းဆည်းရမိ ခဲ့သည်။

ဖမ်းဆီးရမိသူ ထက်နိုင်ဝင်း (ခ) ဂျပန်လေးအား စစ်ဆေးခဲ့ရာ ၎င်း၏ထွက်ဆိုချက်အရ ဖောက်ခွဲ ရေးလုပ်ရပ်များအား ၎င်းနှင့်အတူ ချမ်းအေးသာစံမြို့နယ် ၈၃ လမ်း နှင့် ၂၈ လမ်းထောင့်ရှိ "မျိုးသိန်း" အီလက်ထရောနစ်ဆိုင်တွင် အလုပ် လုပ်ကိုင်နေသူ အာကာမိုး(၂၉)နှစ် (ဘ) ဦးဝင်းနိုင်တို့ ပူးပေါင်း လုပ်ဆောင်ခဲ့ကြောင်း သိရှိရ သဖြင့် အာကာမိုးအား ဖမ်းဆီးနိုင် ရေး ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် အာကာမိုးအား "မျိုးသိန်း" အီလက်ထရောနစ် ဆိုင်ရှေ့တွင် ထပ်မံဖမ်းဆီးရမိ ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ ဝင်များသည် ဖမ်းဆီးရမိသူ နှစ်ဦး အား ထပ်မံစစ်ဆေးခဲ့ရာ ၎င်းတို့ နှစ်ဦး၏ ထွက်ဆိုချက်အရ မဟာ အောင်မြေမြို့နယ် သံလျှပ်မော် အနောက်ရပ်ကွက် ၄၂ လမ်းနှင့် ၄၃ လမ်းကြားရှိ နန်းအောင် (စိစစ်ဆဲ)၏ နေအိမ်၌ ဖောက်ခွဲ ရေးပစ္စည်းများ သိမ်းဆည်းထားရှိ ကြောင်း သိရှိရသဖြင့် ညနေ ၄ နာရီခွဲတွင် နန်းအောင်၏ နေအိမ် အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအားမတွေ့ရှိရဘဲ နေအိမ် အတွင်းမှ MAR-9011 စာတန်းပါ ပစ္စတို တစ်လက်နှင့် အကြမ်းဖက် တိုက်ခိုက်ရာတွင် အသုံးပြုမည့် ဆက်စပ်ပစ္စည်းများအား ထပ်မံ သိမ်းဆည်းရရှိခဲ့ကြောင်း သိရ သည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများ နှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီး ရေးလုပ်ရပ်များ လုပ်ဆောင်ရန် ကြိုးစားနေသူများအား ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၆-၂၀၂၁ ဗုဒ္ဓဟူးနေ့

### MRTV

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၀** လေ့လာစရာစုံလင်အမိမြန်မာပြည်တစ်ခွင်
**၀၉:၃၀** နဝင်္ဂဥပေါ်ပါသထသိလ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၁:၄၅** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၁၂:၃၀** 'မေတ္တာလွှမ်းခြုံဘေးရန်လုံ' တရားတော်
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဧရာဝတီ'** (အပိုင်း-၅၀)
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'မြန်မာစာဘာသာရပ်'**
**၁၆:၃၅** NHK အစီအစဉ် **'အသံများကိုလေ့လာခြင်း'**
**၁၇:၃၅** MRTV Travelogue **'ငွေသောင်ယံသို့ခရီးသွားခြင်း'** (အပိုင်း-၅)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပေမ္မာလွန်ဆွဲပွဲ'** (အပိုင်း-၇၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း **'ငွေးငွေးသောပေတ္တာဒိစ်ကလေး'**
**၂၁:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နတ်ဆိုးမလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၃)

### mitv

**07:27** A Day Life Of Kayan Padaung Tribe (I)
**07:42** A Day Life Of Kayan Padaung Tribe (II)
**08:01** Secret Recipes by Gourmet Chefs (Thai) 1
**08:20** Secret Recipes by Gourmet Chefs (Thai) 2
**08:34** Mosaic Painting (Precious Stones & Gems)
**08:49** Mt. Naw Bu Baw
**09:01** Tea Leaves
**09:09** Myanmar Prehistory -1
**09:23** Myanmar Prehistory -2
**09:34** Talented Musicians
**09:41** The Hills Of Phowintaung And Shwebataung (I)
**09:49** The Hills Of Phowintaung And Shwebataung (II)

### MRTV NKC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ပျားမွေးမြူရေး
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရေခြားမြေကွာအခက်အခဲများစွာကြားမှ ကျရာတာဝန်ကျေပွန်ကြသူများ (အပိုင်း-၈)
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စကားပုံအကြောင်း
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်ဒီဗိုင်နာဟီဟီနှင့်တွေ့ဆုံခြင်း
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ရာဇဖြိုလ်မြို့သို့အလည်တစ်ခေါက်
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
မင်းတပ်မြို့မိုးရာသီအလှပုံရိပ်များ
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရား
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ပွိုင့်ကမ်းခြေသို့အလည်သွားကြမယ်
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသထွက်အစားအစာရှောက်ချိုသီး စိုက်ပျိုးခြင်း
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၇)

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal


# အမှန်နှင့်အမှား၊ ဓမ္မနှင့် အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီနှင့် အခြားဆောင်းပါးများ

**နေပြည်တော် ဇွန် ၈**

ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် အမှန်နှင့်အမှား၊ ဓမ္မနှင့် အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီနှင့် အခြားဆောင်းပါးများ ပါဝင်သည့် ဆောင်းပါးပေါင်းချုပ် စာအုပ်ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် ကနောင်၊ မင်းပြည့်စုံ၊ ဒေါင်၊ ဘမောင်တိုး၊ ကိုထွန်းခင်၊ နေခြည်သွေး၊ မောင်သောမန၊ စွန်ရဲ၊ ကိုလူလူ၊ မောင်ပြည်ချစ်၊ ညိုချော အစရှိသည့် ကလောင်စုံရေးဖွဲ့ထားသည့် ဆောင်းပါး ၉၂ ပုဒ်ပါဝင်သည်။

ယင်းဆောင်းပါးပေါင်းချုပ်စာအုပ်တွင် ဆောင်းပါးရှင် မင်းပြည့်စုံက **"နောက်အစိုးရတက်လာမှ အလုပ်လုပ်မယ်ဆိုတဲ့ ရွှေပြည်တော်မျှော်သူတွေကို အချိန်တန်လို့ အများဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ကရော ဘယ်လိုယူဆမယ်လို့ ထင်ပါသလဲ၊ တက်လာတဲ့ အစိုးရတိုင်းကို မကြိုက်ဘူးဆိုပြီး ဝန်ထမ်းတွေက တစ်ခါပြန်ပြီး CDM လုပ်ကြမယ်ဆိုရင် အမယ်ဘုတ်နဲ့ သူ့ရဲ့ ချည်င်လို တိုးတက်ရာ တိုးတက်ကြောင်းမရှိဘဲ ဝန်ထမ်းတွေ ခံစားချက်ကို ရှေ့တန်းတင်နေကြတာနဲ့တင် တိုင်းပြည် ဘယ်လိုလုပ် မြင့်မားလာပါတော့မလဲ"**ဟု မတူညီတာတွေကို နားလည်ပြီး အတူတူရှေ့ဆက်နိုင်မှ ဒီမိုကရေစီ ဆောင်းပါးဖြင့် ထောက်ပြထားသည်။




အလားတူ ဆောင်းပါးရှင် ဒေါင်က တစ်ဖက်ပိတ်ဝါဒီနှင့် (၂၁)ရာစု ဒေဝဒတ်လက်သစ်များ မဖြစ်စေလိုပါ ခေါင်းစဉ်ဖြင့် **"ကလေးတွေကို လမ်းပေါ်ထွက်ခိုင်းပြီး ကိုယ်တိုင်တော့ ထောက်ပံ့ကြေးလေးထုတ်လိုက်၊ အဲယားကွန်းအေးအေးလေးနဲ့ အချိုရည်လေးစုပ်ပြီး ဝေဖန်လေကန်လိုက်နဲ့သူတွေက (၂၁)ရာစုရဲ့ ခေတ်သစ် ဒေဝဒတ်တွေပေ့ါ။ သူတို့က ပညာတတ်တွေသာဆိုတယ်။ သူတို့လုပ်ရပ်တွေက အတ္တကြီးကြီးနဲ့ တိုင်းပြည်နစ်မွန်းအောင် ဝန်ထမ်းတွေ အလုပ်မလာရဲအောင်၊ လူတွေလမ်းပေါ်ထွက်ပြီး အပြစ်ပေးအရေးယူခံကြရအောင် လုပ်နေတာမို့ လူ့အတ္တသမားတွေလိုပေ့ါဗျာ"**ဟု ကိုသံချောင်း၊ မစာဥ တစ်ခန်းရပ်စကားပြောခန်း(၁၀) တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် ဆောင်းပါးရှင် ကိုထွန်းခင်က **မြင့်မြတ်တဲ့ စိတ်စေတနာတွေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်နိုင်ကြပါစေ** ဆောင်းပါးဖြင့် **" မြန်မာနိုင်ငံမှာ နိုင်ငံ့ဝန်ထမ်းအရေအတွက်က နိုင်ငံလူဦးရေရဲ့ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူ့ဝန်ထမ်းတွေဆိုရင်လည်း ပြည်သူကချီးမြှင့်တဲ့ လစာကို ယူနေသူတွေဖြစ်တဲ့အတွက် ပြည်သူကို သစ္စာရှိရမှာဖြစ်ပါတယ်။ ပြည်သူကို စေတနာထားပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်"**ဟု နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ရေးသားတင်ပြထားသည့် ဆောင်းပါးများကို လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ စာအုပ်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်အမှတ် (၁၇၂/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၈၂၄၈၁၀၂ သို့ ငွေကျပ် ၃၅၀၀ ဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်သည်။

မြန်မာ့အလင်း

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၂၉၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၆၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၅၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၈ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၂၀၀ | ၁၈၂၀၀၀၀ |
| MTSH | ၃၅၅၀ | ၃၆၀၀ | ၁၁၂၅ | ၄၀၀၀၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၅၁ | ၉၉၄၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၁၂၀၀၀၀၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၆၄ | ၁၉၅၂၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီခွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဇာတ်တော်ကြီးဆယ်ဘွဲ့

# တေမိယဇာတ်တော်

မြတ်မင်းလိုင်

**ဗာရာဏသီပြည်တွင် ကာသိကရာဇ်မင်းကြီးသည် စန္ဒာဒေဝီမိဖုရားကြီးနှင့်အတူ စိုးစံတော်မူ၏။ မိဖုရားကြီးစန္ဒာဒေဝီသည် သီလစောင့်၍ သစ္စာအဓိဋ္ဌာန်ပြုရာ ဘုရားလောင်း နတ်သားသည် မိဖုရားကြီး၏ဝမ်း၌ သန္ဓေယူလေသည်။**


စန္ဒာဒေဝီ မိဖုရားကြီးသည် သားတော်ကို ဖွားမြင်ခဲ့ရာ မင်းကြီးနှင့်အတူပြည်သူအပေါင်းတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်ကြောင့် မင်းသားလေးအား "တေမိယ"ဟု အမည်ပေးလေသည်။

တေမိယမင်းသားလေး တစ်လအရွယ်တွင် မင်းကြီးသည် သားတော်ရှေ့မှောက်တွင် ခိုးသားလေးဦးတို့အား အပြစ်ဒဏ်စီရင်လေသည်။ မင်းသားလေးသည် မင်းဖြစ်ရခြင်းကြောင့် မလွှဲမရှောင်သာဘဲ အကုသိုလ်များ ပြုလုပ်ရကြောင်း စဉ်းစားမိ၍ သံဝေဂရရှိတော်မူလေသည်။ မင်းသားသည် ရှေးဘဝများက မင်းပြုခဲ့ရသည်ကြောင့် ငရဲကျခံခဲ့ရပုံများကိုလည်း ဉာဏ်ဖြင့်တွေးတောမိသည်ဖြစ်၍ နောင်အခါ မင်းအဖြစ် ဆက်ခံရမည်ကို စိုးရိမ်လျက်ရှိနေလေသည်။

မင်းသား၏ စိတ်သောကရောက်ရှိနေမှုကို ရှေးဘဝက မိခင်ဖြစ်ခဲ့ဖူးသော ထီးဖြူတော်စောင့် နတ်သမီးသိရှိလျှင် မိခင်သဖွယ် ဖန်ဆင်း၍ မင်းသားထံသို့ ရောက်ရှိလာသည်။ ထီးဖြူစောင့် နတ်သမီးက မင်းအဖြစ်မခံယူလိုလျှင် ဆွံ့အနားမကြားဟန်ဆောင်နေရန် မှာကြားလေသည်။ တေမိယမင်းသားလေးသည် ဆွံ့အနားမကြားဖြစ်နေသည်ကို ကာသိကရာဇ်မင်းကြီးသိလျှင် ပရောဟိတ်ပုဏ္ဏားတို့ကို မေးမြန်းလေသည်။ ပရောဟိတ်တို့ကလည်း မင်းသားလေး၏ ဆွံ့အ နားမကြားအကြောင်းအရာကို မသိနိုင်ကြ၍ နည်းအမျိုးစုံဖြင့် မင်းသား၏အလိုကိုစမ်းရန် အကြံပြုကြလေသည်။

ထိုအခါ မင်းကြီးသည် အထိန်းတော်များအား မင်းသားလေး တစ်နှစ်အရွယ်ရောက်သည်အထိ တစ်နေ့လုံး နို့တိုက်ကျွေးခြင်း မပြုရန် မှာကြားလေသည်။ သို့သော် မင်းသားလေးသည် မငိုဘဲ သည်းခံနေလေ၏။ တစ်နှစ်ပတ်လုံး ထိုသို့ပြုသော်လည်း မင်းသားငယ်သည် သည်းခံတော်မူနိုင်သဖြင့် နှစ်နှစ်သား အရွယ်တွင် မင်းအမတ်တို့သည် စားချင်စဖွယ် မုန့်ခဲဖွယ်တို့ကို ခင်းကျင်းပေးခဲ့သည်။ အခြားဖွားဖက်တော်တို့က ဆောင်ယူကြသော်လည်း မင်းသားငယ် ဘုရားလောင်းမှာ စားသုံးခြင်းမပြုချေ။ သက်တော်နှစ်နှစ်ကျော် သုံးနှစ်သို့ ရောက်ရှိလာသည့်အချိန်တွင် မင်းကြီးနှင့် မှူးမတ်တို့သည် ရာသီသီးနှံများဖြင့် စမ်းသပ်ကြပြန်သည်။ ဘုရားအလောင်း မင်းသားငယ်သည် မတုန်မလှုပ် နေမြဲနေလေသည်။ သုံးနှစ်အရွယ် လွန်ချိန်တွင် မှူးမတ်အပေါင်းတို့က ဆင်ရုပ်၊ မြင်းရုပ်၊ နွားရုပ် စသည့်ကစားစရာ အရုပ်များဖြင့် ချော့မြှူကြသည်။ မင်းသားသည် တစ်နှစ်ပတ်လုံး နေမြဲအတိုင်း ချုပ်တည်း၍နေလေသည်။ လေးနှစ်အရွယ်လွန်၍ ငါးနှစ်သားအရွယ် ရောက်လာချိန်တွင် စားချင်စဖွယ် အစားအစာများကို ချက်ပြုတ်ပေးဆက်ပြန်လျှင် အခြားဖွားဖက်တော်များက အလုအယက် စားသောက်ကြသော်လည်း မင်းသားငယ်ကမူ ရယူကိုင်တွယ်ခြင်းပင် မပြုချေ။ ခြောက်နှစ်အရွယ် ရောက်ချိန်တွင် ကစားရန် တဲ၏ ထန်းရွက်ခြောက်များကို မီးရှို့စေခဲ့ရာ အခြားဖွားဖက်တော်များ အလန့်တကြား ထွက်ပြေးကြသော်လည်း မင်းသားငယ်သည် ထွက်ပြေးခြင်းမပြုဘဲ ငြိမ်သက်စွာနေ၏။ အထိန်းတော်တို့မြင်လျှင် သိမ်းပိုက်ချီယူကြရလေသည်။

ထိုသို့မီးဖြင့် စမ်းသပ်မှုကို တစ်နှစ်ပတ်လုံးအကြိမ်ကြိမ် ပြုသော်လည်း ထူးခြားမှု မရှိခဲ့သည်ကြောင့် ခြောက်နှစ်ကျော် ခုနစ်နှစ်တွင် မင်းသားငယ်နှင့် အဖော်များ ကစားနေသည့်နေရာသို့ ဆင်လိမ္မာ တစ်ကောင်ကို စေလွှတ်လိုက်သည်။ ဆင်ကြီးသည် အော်ဟစ်ပြေးဝင်လာပြီးမြေကို နှာမောင်းနှင့် ရိုက်ခတ်သည်ကို တွေ့ရှိလျှင် ကစားဖော်များ ကြောက်လန့်ငိုယိုပြေးကြသည်။ ဘုရားလောင်းမင်းသားငယ်ကား မလှုပ်မယှက် ရပ်နေ၏။ ထိုနည်းကိုလည်း တစ်နှစ်ပတ်လုံး မကြာခဏ စမ်းသပ်သော်လည်း အောင်မြင်မှုမရှိချေ။ ရှစ်နှစ်အရွယ် ရောက်လာချိန်တွင် မြွေများကို မင်းသားငယ်တို့ ကစားရာကွင်းပြင်သို့ လွှတ်၍ စမ်းသပ်သော်လည်း ထူးခြားမှု မရှိခဲ့ပြန်ပေ။ ကိုးနှစ်အရွယ်သို့ ရောက်သည့်အခါ ပျော်ရွှင်စရာ ကခုန်မှုတို့ဖြင့် စမ်းသပ်သည့်အခါတွင်လည်း မင်းသားငယ်သည် ပွဲသဘင်ကို မကြည့်ဘဲ ငြိမ်သက်စွာနေလေသည်။ ဆယ်နှစ်အရွယ်သို့ ရောက်သည့်အခါ အရုပ်ဆိုးလှသော လူကြမ်းကြီးတစ်ဦးကို သန်လျက်ကိုင်စေလျက် ကြောက်လန့်အောင် လှန့်သော်လည်း မင်းသားငယ် ကြောက်လန့်မှု လုံးဝမရှိ၍ လက်လျှော့ရပြန်သည်။





ဘုရားလောင်းမင်းသားငယ်တေမိယ တစ်ဆယ့်တစ်နှစ် အရွယ်ရောက်လာချိန်တွင် မင်းသားငယ်၏ အိပ်ခန်းကို အလုံပိတ်ပြီး ခရုသင်း မှုတ်စေသည်။ မင်းသားငယ်သည် မလှုပ်မယှက်ပင်ဖြစ်သည်။ တစ်ဆယ့်နှစ်နှစ်အရွယ်တွင် စည်ကြီးဖြင့် ခရုသင်းနည်းတူစမ်းသော်လည်း မည်သို့မျှ လှုပ်ရှားခြင်းမရှိပေ။ တစ်ဆယ့်သုံးနှစ် အရွယ်တွင် ဘုရားလောင်းမင်းသားငယ်၏ အိပ်ခန်းတွင် မီးမထွန်းဘဲ ထားလေသည်။ အလင်းရောင်မရှိ၍ အခြားသူများ အိပ်နေစဉ် ကိုယ်လက်လှုပ်ရှားလိမ့်မည်ဟု ထင်မှတ်စမ်းသပ်ခဲ့သော်လည်း မင်းသားငယ်က မလှုပ်မရှားပင်။ တစ်ဆယ့်လေးနှစ်အရွယ် ရောက်သည့်အခါ မှူးမတ်တို့က မင်းသားငယ်၏ တစ်ကိုယ်လုံးကို တင်လဲဖြင့် သုတ်လိမ်းကာ ခြင်ယင်ပေါ်များရာနေရာ၌ နေစေသည်။

## မြို့နယ်အသီးသီး၌ အစိုးရပါဠိ ပထမပြန်စာမေးပွဲများကျင်းပ

### ကော့ကရိတ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အစိုးရ ပါဠိပထမပြန်စာမေးပွဲကို ဇွန် ၈ ရက်က ကော့ကရိတ်မြို့ အမှတ် (၃)ရပ်ကွက် မြို့မဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။ (ယာပုံ)



အဆိုပါစာမေးပွဲတွင် ကော့ကရိတ်မြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများရှိ အခြေပြုမူလတန်းတွင် သံဃာ ၁၀ ပါး၊ သီလရှင် သုံးပါး၊ ပထမငယ်တန်းတွင် သံဃာ ၁၃ ပါး၊ သီလရှင် သုံးပါး၊ ပထမလတ်တန်းတွင် သံဃာ ၁၉ ပါး၊ သီလရှင် ၁၀ပါး၊ ပထမကြီးတန်းတွင် သံဃာ ၆၂ ပါးနှင့် သီလရှင် ၁၀ ပါး၊ လူပုဂ္ဂိုလ် ခြောက်ဦးတို့က ဖြေဆိုကြသည်။ အဆိုပါ စာမေးပွဲကို ဇွန် ၇ ရက်မှ ၁၃ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စောအောင်မျိုးလွင် (ပြန်/ဆက်)

### မိုးညို

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ မြို့မရပ်ကွက် ဓမ္မိကပရိယတ္တိစာသင်တိုက်၌ ဇွန် ၇ ရက်က ပါဠိပထမပြန်စာမေးပွဲ ကျင်းပသည်။

ပါဠိပထမပြန်စာမေးပွဲတွင် ဝိဇယာရာမကျောင်းတိုက် ဦးစီးဆရာတော် ဦးသာသနအပါအဝင် သံဃာ ၁၀ ပါးက အခြေခံမူလတန်း၊ အငယ်တန်း၊ အလတ်တန်းနှင့် အကြီးတန်း စာဖြေသံဃာတော်များအား အနီးကပ် ကြီးကြပ်သည်။ မူလတန်းအဆင့် ဖြေဆိုသည့် သံဃာ ၁၅ ပါး၊ အငယ်တန်းအဆင့်သံဃာ ၁၃ ပါး၊ အလတ်တန်းအဆင့် ခြောက်ပါး၊ အကြီးတန်းအဆင့် သုံးပါးတို့ ဖြေဆိုကြကြောင်း သိရသည်။

ခင်လတ်

ခြင်ယင်တို့သည် မင်းသား၏ သွေးကို စုပ်ယူထိုးကိုက်ကြသည်။ တေမိယမင်းသားသည် ငရဲဘေးလောက် ဆင်းရဲခြင်း မရှိဟု စိတ်နှလုံးသွင်းကာ တရားနှင့် နေလေသည်။

အသက်ဆယ့်ငါးနှစ်အရွယ် ရောက်လာချိန်၌ ညစ်ပတ်နံစော်နေသည့် အခန်းတစ်ခုအတွင်း၌ထားပြီး ရေချိုးခြင်း၊ ကျင်ကြီး ကျင်ငယ်စွန့်ခြင်း မပြုနိုင်အောင် စီစဉ်ထားသည်။ ဘုရားလောင်းသည် သည်းခံကာ ငြိမ်သက်နေဆဲပင်ဖြစ်သည်။ တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်ချိန်တွင် မင်းသားငယ်၏ သလွန်အောက်၌ မီးဖိုထား၍ မီးငွေ့တို့ဖြင့် ကျပ်ကင်သကဲ့သို့ထား၏။ မင်းသား၏ တစ်ကိုယ်လုံး အပူဖုများ ပေါက်ကာ ပူလောင်သော်လည်း မင်းသားငယ်သည် ပြောင်းလဲမှု မရှိချေ။ တစ်ဆယ့်ခုနစ်နှစ် ရောက်သည့်အခါတွင် အငြိမ့်မင်းသမီးဖြင့် လှည့်ဖြားရန် စီစဉ်ကြပြန်သည်။ မင်းသားနှင့် မိန်းမပျိုတစ်စုကို အတူထားပြီး ချော့မြှူစေသည်။ အငြိမ့်မင်းသမီးတို့သည် နည်းမျိုးစုံဖြင့် မိန်းမပျိုအစွမ်းရှိသမျှ ချော့မြှူကြသည်။ ဘုရားလောင်းမင်းသားက ကာမဂုဏ်ကို နှစ်သက်တော်မူခြင်း မရှိသဖြင့် ထွက်သက် ဝင်သက်ဖြင့် စိတ်ကို ချုပ်တည်းနေလေသည်။

မင်းသမီးတို့သည်လည်း မင်းသား ဘာမျှထူးခြားခြင်း မရှိသည်ကို တွေ့ရသဖြင့် ဘီလူးသာဖြစ်လိမ့်မည်ဟု ကြောက်လန့်ထွက်ပြေးကြသည်။ ဤသို့ မင်းသားကို တစ်ဦးတစ်ယောက်မျှ အလိုစမ်း၍ မရဖြစ်နေသည်ကြောင့် အားလုံးစိတ်ပျက်အားလျှော့ကြရတော့သည်။

တေမိယမင်းသားအား ဖွားပြီး တစ်လသားအရွယ်မှ တစ်ဆယ့်ခုနစ်နှစ်အရွယ်တိုင် ဤသို့တစ်နှစ်လျှင်တစ်မျိုး စမ်းသပ်ကြသော်လည်း မည်သို့မျှထူးခြားခြင်းမရှိ၍ မင်းကြီးသည် လွန်စွာစိတ်မချမ်းမသာ ဖြစ်ရတော့သည်။

မင်းကြီးသည် မွေးဖွားစဉ်က လက္ခဏာဖတ်သော ပုရောဟိတ်ပုဏ္ဏားတို့အား မေးမြန်းရာ မင်းသားအား နန်းတွင်း၌ ဆက်လက်စံစားစေလျှင် ခိုးသူတို့ ဆူပူထကြွလာနိုင်သဖြင့် မင်းသားအား မြေမြှုပ်သတ်ရန် လျှောက်ထားကြရာ မင်းကြီးလည်း သဘောတူညီလိုက်သည်။

မင်းကြီးကာသိကရာဇ် တေမိယမင်းသားအား မြေမြှုပ်ရန် လက်ခံတော်မူသည်ကို မယ်တော်စန္ဒာဒေဝီမိဖုရား ကြားသိသည့်အခါ မင်းကြီးထံ မိမိပြန်အပ်ခဲ့သော ဆုများအနက်မှ သားတော်အား အိမ်ရှေ့မင်းသားအရာ ချီးမြှောက်ပေးရန် ဆုတစ်ဆုကို ခွင့်ပြုရန် လျှောက်ထားတောင်းပန်လေသည်။ မင်းကြီးက ဆွံ့အနားမကြားသူနှင့် ထီးနန်းမထိုက်ဟူ၍ ငြင်းပယ်သည်။

ထိုအခါ မိဖုရားကြီးက ခုနစ်နှစ် ကာလမျှ ထီးနန်းလွှဲပေးရန် လျှောက်ထားတောင်းပန်လေသည်။ မင်းကြီးက လက်မခံသဖြင့် ခြောက်နှစ်၊ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ် စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ တင်ပြလျှောက်ထားသည့်တိုင် မင်းကြီးက လက်ခံတော်မူခြင်း မရှိပေ။ ထိုသို့ လအပိုင်းအခြားဖြင့် ခွင့်ပြုရန် ငြင်းပယ်သည်ကြောင့် မိဖုရားကြီးက ရက်အပိုင်းအခြားခွင့်ပြုရန် တင်ပြလျှောက်ထား တောင်းပန်လေရာ မင်းကြီးက ခုနစ်ရက်မျှ ထီးနန်းကို လွှဲပေးရန် သဘောတူ ခွင့်ပြုလိုက်လေသည်။

မင်းကြီးနှင့် မိဖုရားစန္ဒာဒေဝီတို့သည် တေမိယမင်းသားအား မင်းမြှောက်တန်ဆာငါးပါးဖြင့် ရာဇပလ္လင်ထက်တင်ကာ မင်းမြှောက်လေသည်။ ထိုသို့ ထီးနန်းအပ်ပြီးသည်နှင့် မယ်တော်မိဖုရားကသည် သားတော် တေမိယမင်းသားအား စကားပြောရန် ခြောက်ညပတ်လုံး အမျိုးမျိုး တောင်းပန်လေသည်။ တေမိယမင်းသားသည် မူလကပင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမည်ကို ကြောက်ရွံ့ကာ ဆွံ့အနားမကြား ဟန်ဆောင်နေသည်ဖြစ်၍ နေမြဲသာနေလေသည်။

ထီးနန်းအပ်ပြီး ခြောက်ရက်ကြာသည့်တိုင် တေမိယမင်းသားသည် ထူးခြားမှုမရှိသည်ကို မင်းကြီးသိလျှင် ရထားမှူး သုနန္ဒာအားခေါ်၍ တေမိယမင်းသားအား မြေမြှုပ်သတ်ရန် အမိန့်ထုတ်လေသည်။ ဘုရားလောင်းတေမိယသည် ထီးနန်းမှ လွတ်မြောက်ရသည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိလေသည်။

သုနန္ဒာရထားမှူးသည် နောက်တစ်နေ့နံနက်တွင် မိဖုရားကြီးအား တောင်းပန်ပြီး မင်းသားကို မြေမြှုပ်သတ်ရန် ခေါ်ဆောင်သွားလေသည်။ မြို့ပြင် သင်္ချိုင်းသို့ရောက်လျှင် သုနန္ဒာသည် မင်းသား၏ အဝတ်တန်ဆာများကို ချွတ်စေပြီး မြေမြှုပ်ရန် တွင်းကို တူးလေသည်။

တေမိယမင်းသားသည် ဝိသကြံနတ်သား ဖန်ဆင်းပေးသော အဝတ်တန်ဆာများကို ဝတ်ဆင်ပြီး ရထားမှူး တွင်းတူးနေသည့် အကြောင်းကိုမေး၏။ ရထားမှူးက ဆွံ့အ နားမကြားသော တေမိယမင်းသားကို မြေမြှုပ်သတ်ရန်ဖြစ်ကြောင်း လှည့်မကြည့်ဘဲ ဖြေကြားလိုက်၏။ ထိုအခါ တေမိယမင်းသားသည် ရထားမှူးအား “မိတ္တပူဇာတရား ၁၀ ပါး” ကို ဟောကြားတော်မူလေသည်။ ရထားမှူးသည် မိမိအား တရားဟောကြားနေသူမှာ မင်းသားဖြစ်ကြောင်း သိရလေလျှင် မင်းသားအား ကြည်ညိုလျက် နေပြည်တော်သို့ ပြန်ရန် တောင်းပန်လေသည်။ တေမိယမင်းသားက ထီးနန်းကို စက်ဆုပ်သည်ကြောင့် နန်းတော်သို့ မပြန်လိုကြောင်း ရှင်းလင်းပြောကြားလေသည်။ ထိုအခါ ရထားမှူးက ခမည်းတော်နှင့် မယ်တော်တို့အား ပင့်ဆောင်လာခွင့်ပြုရန် တောင်းပန်ပြန်သည်ကို တေမိယမင်းသားက ခွင့်ပြုလေသည်။

ရထားမှူးသည် အားရဝမ်းသာဖြင့် နန်းတော်သို့ပြန်ကာ မင်းကြီးနှင့် မိဖုရားတို့အား အလုံးစုံကို လျှောက်တင်လေသည်။ ဘုရားလောင်းတေမိယသည် ရထားမှူး ထွက်သွားသည်နှင့် ရဟန်းပြုကာ တရားအားထုတ်ရာ သမာပတ်အသိဉာဏ်အမြင်ထူးကို ရရှိလေသည်။

မင်းကြီးနှင့် မိဖုရားတို့လည်း အားရဝမ်းသာဖြင့် သားတော်နေရာသို့ လိုက်ပါ ရောက်ရှိကြလျှင် သားတော်တေမိယအား ရသေ့အသွင်ဖြင့် တွေ့မြင်ကြသည်ကြောင့် မင်းသား၏ မြိုးမြံကျင့်မှုကို အံ့သြချီးမွမ်းကြလေသည်။ မင်းကြီးက တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရန် သားတော်အား တောင်းပန်သည်ကို တေမိယက တရားဟောသဖြင့် မင်းကြီး၊ မိဖုရားနှင့် အခြွေအရံတို့ အားလုံး ရဟန်းပြုရန် ကြံစည်လေသည်။ ဗာရာဏသီပြည်သားတို့ကလည်း စည်းစိမ်ဥစ္စာတို့ကို စွန့်၍ မင်းကြီးနှင့်အတူ ရဟန်းပြုကြသည်။ ဗာရာဏသီကို သိမ်းရန် ချီတက်လာသည့် သမန္တရာဇ် မင်းကြီးသည်လည်း စွန့်ပစ်ထားသော ဥစ္စာတို့ကို တွေ့မြင်တရားရကာ ဘုရားလောင်း တေမိယထံတွင် ရဟန်းပြုပြန်သည်။ ခုနစ်ပြည်ထောင်မင်း အပေါင်းတို့သည်လည်း ထိုနည်းတူ ရဟန်းပြုကြလေသည်။ ကွယ်လွန်ကြသည့်အခါ တာဝတိံသာအစရှိသော နတ်ပြည်ခြောက်ထပ်တို့တွင် ကံအာနုဘော်အကြီးအငယ် အားလျော်စွာ ထိုက်ရာဘုံတို့၌ အသီးသီး နတ်သားနတ်သမီးဖြစ်ကြလေကုန်၏။ ။

## နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်

ပါဠိစကား ‘ဇာတက’ကို ‘ဇာတ်’ ဟူ၍ မြန်မာမှုပြုကြသည်။ ‘ဇာတ်’၏ အနက်အဓိပ္ပာယ်မှာ ‘အဖြစ်’ ‘ဘဝ’ဟူ၍ ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် ပါရမီဖြည့်စဉ်ကာလ မိမိ၏ အတိတ်ဘဝဇာတ်ကြောင်းများကို ပါဠိဂါထာများဖြင့် ဟောကြားခဲ့ရာ ဂါထာတစ်ရာကျော်မှ တစ်ထောင်ကျော်အထိ ဟောကြားခဲ့သော မဟာနိပါတ်ဟု ခေါ်သည့် ဇာတ်ကြီးဆယ်ဘွဲ့ရှိသည်။ ဇာတ်ကြီးဆယ်ဘွဲ့သည် ဗုဒ္ဓအလောင်းတော် ဘုရားဖြစ်ခါနီး ပါရမီရင့်ကျက်လာပြီဖြစ်သည့် နောက်ဆုံးဘဝများဖြစ်သည်။ ဗုဒ္ဓအလောင်းတော်ဖြည့်ကျင့်ခဲ့သည့် ပါရမီများကို ပြဆိုသော တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟောသဓ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ ဇာတ်တော်ကြီးများကို ‘တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ’ ဟု မြန်မာတို့က အတိုမှတ်ကြသည်။

ဗုဒ္ဓကျမ်းစာများတွင် နိကာယ်ငါးရပ်ဝင် ခုဒ္ဒကနိကာယ်၌ ပါဝင်သည့် ဇာတ်ဝတ္ထုပေါင်း ၅၄၇ ဇာတ်ရှိရာ အလွယ်တကူအားဖြင့် ၅၅၀ ဇာတ်တော်များဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှလွဲ၍ ကျန်ဇာတ်တော်များမှာ ပါရမီနုစဉ်က အကြောင်းအရာများဖြစ်ပြီး ပါဠိဂါထာ တစ်ဂါထာ၊ နှစ်ဂါထာတို့ဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။ ‘နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်’ ဆိုသည်မှာ ဗုဒ္ဓအလောင်းတော်ပါရမီဖြည့်ကျင့်ခဲ့စဉ်က ဇာတ်ဝတ္ထုအကြောင်းများပင်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အတွေးအမြင်တို့တွင် တစ်သားတည်း ပျော်ဝင်နေသည့် သြဇာကြီးမားသော စာပေများလည်းဖြစ်သည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ်ဇာတက ဝတ္ထု အကျဉ်းချုပ်များကို ရှေးကရဟန်းပညာရှိ ဆရာတော်ကြီးများရေးသားတော်မူခဲ့သည့် မူရင်းစာအုပ်များကိုမှီငြမ်း၍ ဆရာမြတ်မင်းလှိုင်က ရေးသားခဲ့ပြီး လွန်ခဲ့သည့်နှစ် ၂၀ ကာလက နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ အပတ်စဉ်ထုတ်ဝေသည့် Junior Leader စာစောင်တွင် ဖော်ပြခဲ့ဖူးရာ အဆိုပါ ဇာတ်ဝတ္ထုများအား အပတ်စဉ် လပြည့်၊ လကွယ်၊ ဥပုသ်စသည့် နေ့ရက်များတွင် ဖော်ပြသွားပါမည်ဟု စာဖတ်ပရိသတ်အား အစီရင်ခံအပ်ပါကြောင်း။ ။

## တန့်ယန်း

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် နိုင်ငံတော်အစိုးရမှ ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ တန့်ယန်းစာဖြေဌာနကို ဇွန် ၇ ရက်မှ စတင်၍ မဟာမြတ်မုနိဘုရားကြီး အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲကို မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်နှင့် ဆရာတော်ကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကြီးကြပ်ကာ မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ရဟန်းသံဃာနှင့် ရှင်သာမဏေများ၊ သီလရှင်များက အခြေပြု မူလတန်းတွင် ၅၆ ပါး၊ ပထမငယ်တန်းတွင် ကိုးပါး၊ ပထမလတ်တန်းတွင် ၁၄ ပါး၊ ပထမကြီးတန်းတွင် ငါးပါး စုစုပေါင်း ၈၄ ပါး ဝင်ရောက်ဖြေဆိုတော်မူကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**



## မြဝတီ

ကရင်ပြည်နယ် မြဝတီမြို့ ရွှေမြင်းဝန်းစေတီတော် သာသနာ့ဟိတကာရီဗိမာန်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲကို ဇွန် ၇ ရက်က စတင်ကျင်းပကြောင်း သိရသည်။

အဆိုပါ စာမေးပွဲတွင် မြဝတီစာဖြေဌာနမှ ရဟန်းသံဃာ ၈၃ ပါးနှင့် သီလရှင် ၁၀ ပါးဝင်ရောက်ဖြေဆိုပြီး စာဖြေဌာနကြီးကြပ်ရေးဆရာတော်များနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ပထမအကြီးတန်း၊ ပထမ လတ်တန်း၊ ပထမငယ်တန်းနှင့် အခြေပြုမူလတန်းများ ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

# အခွင့်ရကိုယ်စားလှယ်၊ တရားဝင်ကိုယ်စားလှယ်တို့နှင့် သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် စီရင်ထုံးများ

ဦးကျော်ကျော် (တရားရေး)

ဥပဒေသဘောမှာ အမှုအတောအတွင်း ကွယ်လွန်သွားသူ အမှုသည် တစ်ဦးဦးနေရာတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးရန် စည်းကမ်းသတ်ကာလအတွင်း လျှောက်ထား၍ တရားရုံးက ယင်းလျှောက်ထားချက်ကို ခွင့်ပြုလိုက်လျှင် အမှုမှာ ရပ်စဲသွားရန် အကြောင်း မရှိတော့ချေ။ ဤအခြေအနေတွင် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သည်ဟု အကြောင်းပြကာ အမှုသည်အဖြစ်ပါဝင်ခွင့်ပြုရန် လျှောက်ထားလာလျှင် ၎င်းအား အမှုသည်အဖြစ်ထည့်သွင့်၊ မထည့်သွင့်ကိစ္စကို တရားမကျင့်ထုံး ဥပဒေ အမိန့်၁၊ နည်းဥပဒေ ၁၀ အရ စဉ်းစားနိုင်သည်။ ယင်းလျှောက်ထားချက်အတွက် ကာလစည်းကမ်းသတ်ကာလကို သီးခြားပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ်-၁၈၁ နှင့် သက်ဆိုင်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၊ နည်း ၂ အရ ကိုယ်စားလှယ်စာရသူနှင့် ပုဒ်မ ၂(၁၁)အရ တရားဝင်ကိုယ်စားလှယ်တို့သည် မတူကြပေ။ **ကိုယ်စားလှယ်စာရသူ ဆိုသည်မှာ အသက်ရှင်လျက်ရှိသူ အမှုသည် တစ်ဦးဦး၏ကိုယ်စား အမှုတွင် ဆောင်ရွက်ရန် ကိုယ်စားလှယ်စာရသူဖြစ်သည်။ တရားဝင်ကိုယ်စားလှယ်ဆိုသည်မှာ အမှုအတောအတွင်း ကွယ်လွန်သူ အမှုသည်တစ်ဦးဦး၏** နေရာတွင် အမှုသည်အဖြစ်ကိုယ်စားပါဝင်ခွင့်ရသူဖြစ်သည်။

အမှုစွဲဆိုသည့်အချိန်တွင် သေဆုံးလျက်ရှိသော တစ်ဦးတည်းသောတရားပြိုင်အပေါ် စွဲဆိုသောအမှုသည် လုံးလုံးလျားလျား ပျက်ပြယ်သည်။ သို့ရာတွင် တရားလို သို့မဟုတ် တရားပြိုင်အများအပြားရှိသည့်အနက် အမှုစွဲဆိုစဉ်က တစ်ဦးဦးကွယ်လွန်ပြီးဖြစ်ရုံမျှဖြင့် အမှုသည် ကနဦးကတည်းက ပျက်ပြယ်သည်ဟုမဆိုနိုင်။ အမှုမှာ တစ်ဦးထက်ပိုသော တရားပြိုင်များအပေါ်စွဲဆိုသော အမှုဖြစ်ပြီး အသက်ထင်ရှားရှိသောတရားပြိုင်အပေါ် စွဲဆိုခွင့်ရှိလျှင် တရားရုံးက စိစစ်ရန်မှာ ကွယ်လွန်သူသည် အမှုတွင် မပါမဖြစ်ပါဝင်ရန် လိုအပ်သော အမှုသည် ဟုတ် မဟုတ် ဖြစ်သည်။ အမှုတွင် မပါမဖြစ်ပါဝင်ရန် လိုအပ်သောအမှုသည်ဖြစ်လျှင် အမွေစား အမွေခံများကို အမှုတွင် ထည့်သွင်းနိုင်ရန်အဆိုလွှာကို ပြင်ဆင်ခွင့်ပြုနိုင် မပြုနိုင် ဆက်လက်စိစစ်ရမည်ဖြစ်သည်။

### တရားလိုကွယ်လွန်သွားသည်နှင့်တစ်ပြိုင်နက် ရပ်စဲသွား

တရားလို ကွယ်လွန်ပြီးနောက် ၎င်း၏တရားဝင်ကိုယ်စားလှယ်များနှင့် တရားပြိုင်တို့သည် အမွေဆိုင်များဖြစ်သဖြင့် အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုရမည်ဖြစ်သည်။ ဤအခြေအနေတွင် အမှုမှာ တရားလိုကွယ်လွန်သွားသည်နှင့်တစ်ပြိုင်နက် ရပ်စဲသွားသည်။

မိမိတစ်ဦးတည်းပိုင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုထားစဉ်အတွင်း တရားလိုသေဆုံးသွားလျှင် တရားလို သေဆုံးချိန်တွင် တရားလိုတောင်းဆိုသော သက်သာခွင့်မှာပေး၍မရနိုင်သော အခြေအနေရှိပါက အမှုရပ်စဲသွားပြီဖြစ်သည်။ ထိုအခါ တရားဝင်ကိုယ်စားလှယ်အဖြစ်ထည့်သွင်း၍ အမှုကို ဆက်လက်စစ်ဆေးရန် လိုအပ်မည် မဟုတ်တော့ချေ။

ပူးတွဲပိုင်ဆိုင်သူတစ်ဦးသည် အခြားပူးတွဲပိုင်ဆိုင်သူအပေါ် ပိုင်ဆိုင်သည့် ပစ္စည်းမှာ မိမိပိုင်ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်ဖြစ်စေ၊ ပူးတွဲပိုင်ဆိုင်သူတို့အား ပူးတွဲပိုင်ဆိုင်သည့် ပစ္စည်းမှ နှင်ထုတ်ပေးရန်ဖြစ်စေ စွဲဆိုခွင့်မရှိ။ မူလတရားလို သေဆုံးသွားသည့်အမှုတွင် အမွေဆက်ခံမှုများ ပေါ်ပေါက်လာခြင်းကြောင့် ပြောင်းလဲသွားသော အခြေအနေအရ အမှုရပ်စဲသွားသည်။

အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ-၃၇၃ အရ အမွေဆက်ခံခွင့်လက်မှတ်ရရှိရန် လျှောက်ထားမှုတွင် လျှောက်ထားသူ ကွယ်လွန်သွားလျှင် ၎င်း၏ လျှောက်ထားမှုသည် အလိုအလျောက်ပျက်ပြယ် ပြီးဆုံးသည်။ ၎င်း၏အမွေစားအမွေခံများသည် ကွယ်လွန်သူလျှောက်ထားမှုကို ဆက်ခံနိုင်ခြင်းမရှိပေ။

အမှုသည်တစ်ဦးသည် တရားရုံးတစ်ရုံးရုံးသို့ လာရောက်ရန် သို့မဟုတ် တရားရုံးတွင် လျှောက်ထားရန် သို့မဟုတ် ဆောင်ရွက်ရန် ဥပဒေအရလိုအပ်လျှင်သော်လည်းကောင်း၊ ခွင့်ပြုထားလျှင်သော်လည်းကောင်း၊ တည်ဆဲတရားဥပဒေ တစ်ရပ်ရပ်တွင် အခြားနည်း အတိအလင်း ပြဋ္ဌာန်းထားသည်မှတစ်ပါး အမှုသည်ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၎င်း၏ကိုယ်စားဆောင်ရွက်မည့် ရှေ့နေဖြစ်စေ ထိုသို့လာရောက်ခြင်း သို့မဟုတ် လျှောက်ထားခြင်း

> ❒ တရားမကျင့်ထုံးဥပဒေအမိန့် ၃၊ နည်း ၂ အရ ကိုယ်စားလှယ်စာရသူနှင့် ပုဒ်မ ၂(၁၁)အရ တရားဝင်ကိုယ်စားလှယ်တို့သည် မတူကြပေ။ ကိုယ်စားလှယ်စာရသူ ဆိုသည်မှာ အသက်ရှင်လျက်ရှိသူ အမှုသည် တစ်ဦးဦး၏ကိုယ်စား အမှုတွင် ဆောင်ရွက်ရန် ကိုယ်စားလှယ်စာရသူဖြစ်သည်။ တရားဝင်ကိုယ်စားလှယ် ဆိုသည်မှာ အမှုအတောအတွင်း ကွယ်လွန်သူ အမှုသည်တစ်ဦးဦး၏ နေရာတွင် အမှုသည်အဖြစ် ကိုယ်စားပါဝင်ခွင့်ရသူဖြစ်

သို့မဟုတ် ဆောင်ရွက်ခြင်းပြုနိုင်ကြောင်း တရားမကျင့်ထုံးဥပဒေ အမိန့်-၃၊ နည်းဥပဒေ-၁ တွင် ပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၊ နည်း(၁)ပါ အခွင့်ရကိုယ်စားလှယ်သည် တရားရုံးတွင်လာရောက်ခြင်း (Appearance) သို့မဟုတ် လျှောက်ထားခြင်း (Application) သို့မဟုတ် ဆောင်ရွက်ခြင်း (Act) ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထိုနည်းတူပင် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၊ နည်း ၁၊ ၂ ပြဋ္ဌာန်းချက်အရ အခွင့်ရကိုယ်စားလှယ်သည် တရားရုံးတွင် လျှောက်လဲချက်ပေးခြင်း (Pleading or addressing) ကို လိုင်စင်မရှိဘဲ လုပ်ပိုင်ခွင့်မရှိပေ။

ကိုယ်စားလှယ်သည် မိမိအား ကိုယ်စားလှယ်လွှဲသူ၏ သဘောတူညီချက်ကို ဦးစွာရယူခြင်းမပြုဘဲ ထို့ပြင် အရေးပါသည့် အကြောင်းအရာ အရပ်ရပ်ကို ကိုယ်စားလှယ်လွှဲသူအား အသိမပေးဘဲ ကိုယ်စားလွှဲသည့် ပစ္စည်းကို မိမိအတွက် ဝယ်ယူခြင်းဖြစ်ပါက ကိုယ်စားလှယ်လွှဲသူ အနေဖြင့် အရောင်းအဝယ်ပဋိညာဉ်ကို ဖျက်သိမ်းပေးရန် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၃၅(က)အရ တရားစွဲဆိုမည်ဖြစ်သည်။ ထိုသို့စွဲဆိုပြီး တရားရုံးက ရပ်သိမ်းပေးမှသာ အချင်းဖြစ်စာချုပ်များသည် ကိုယ်စားလှယ်လွှဲသူများအပေါ် အကျိုးသက်ရောက်မှုမရှိ ဖြစ်ပေမည်။ ယခုအမှုတွင် တရားလိုများက အမှတ်(၁)တရားပြိုင်သို့ လွှဲအပ်သည့် မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာများအား အသုံးချ၍ စီမံဆောင်ရွက်ချက်များ အတည်ဖြစ်သောကြောင့် အမှုပုံစံမှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

တရားဝင်ကိုယ်စားလှယ်ဆိုသည်မှာ ကွယ်လွန်သူ အမှုသည် တစ်ဦး၏ အမွေပစ္စည်းအတွက် ဥပဒေနှင့်အညီ ပါဝင်လာသူကို ဆိုလိုသည်။ ထိုစကားရပ်တွင် ကွယ်လွန်သူ၏အမွေပစ္စည်းကို ဝင်ရောက်စွက်ဖက်သူလည်း ပါဝင်သည့်အပြင် အမှုသည်တစ်ဦးက ကိုယ်စားပြုစွဲဆိုသောအခါ သို့မဟုတ် ကိုယ်စားပြုစွဲဆိုခြင်းခံရသောအခါတွင် ယင်းအမှုသည်ကွယ်လွန်လျှင် ပစ္စည်းကို ဆက်ခံရရှိသူလည်း ပါဝင်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၁ အရ တရားလိုဖြစ်စေ၊ တရားပြိုင်ဖြစ်စေ သေဆုံးသည့်အခါ တရားစွဲဆိုခွင့်ကျန်ရှိလျှင် အမှုမှာ ရပ်စဲသွားခြင်း မရှိစေရပေ။

လက်ရောက်ရလိုမှုနှင့် အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုတို့မှာ အခြေခံအားဖြင့် ခြားနားသည်ဖြစ်၍ လက်ရောက်ရလိုမှုကို အမွေပုံ စီမံခန့်ခွဲပေးစေလိုမှုအဖြစ်သို့ပြောင်းလဲခွင့်မရှိချေ။ ဤအခြေအနေတွင် လျှောက်ထားခံရသူ ဒေါက်တာ မျိုးသန်းအပေါ် စွဲဆိုထားသော အမှုမှာ ဒေါက်တာဘသန်းအနေဖြင့် စွဲဆိုခွင့်ရှိသော အမှုဖြစ်စေကာမူ သူကွယ်လွန်သောအခါ သူ၏ အမွေစားအမွေခံတစ်ဦးက ဆက်လက်ဆောင်ရွက်ခွင့်ရှိသော အမှုမျိုးမဟုတ်ကြောင်း ပေါ်ပေါက်နေသည်ဖြစ်၍ တရားစွဲဆိုခွင့်မှာ ဒေါက်တာဘသန်းကွယ်လွန်သည်နှင့် တစ်ပြိုင်နက် ချုပ်ငြိမ်းသွားသည့်အလျောက် သူစွဲဆိုသောအမှုမှာ ရပ်စဲသွားပြီဟု ကောက်ယူရမည်ဖြစ်ပေသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၃(၁)တွင် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော တရားလိုများအနက် တစ်ဦးသေဆုံးသည့်အခါ တရားစွဲဆိုခွင့်မှာ ကျန်တရားလို သို့မဟုတ် တရားလိုများအတွက်သာ ကျန်ရှိသည် မဟုတ်လျှင်သော်လည်းကောင်း၊ တစ်ဦးတည်းဖြစ်သော တရားလိုဖြစ်စေ၊ ကျန်ရှိသည့်တစ်ဦးတည်းသော တရားလိုဖြစ်စေ သေဆုံးသည့်အခါ တရားစွဲဆိုခွင့်မှာ ကျန်ရှိလျှင်သော်လည်းကောင်း၊ သေသူတရားလို၏ တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးရန် လျှောက်ထားပါက တရားရုံးသည် အမှုသည်အဖြစ် ထည့်သွင်းစေ၍ ဆက်လက်ဆောင်ရွက်ရမည်ဟူ၍လည်းကောင်း အမိန့် ၂၂၊ နည်း ၃(၂) တွင် ဥပဒေအရ ကန့်သတ်ထားသည့်အချိန်အတွင်း နည်းဥပဒေခွဲ (၁)အရ လျှောက်ထားခြင်းမရှိလျှင် သေသူတရားလိုနှင့် စပ်လျဉ်းသမျှ အမှုရပ်စဲစေရမည်၊ တရားပြိုင်ကလျှောက်ထားသည့်အခါ အမှုကို ခုခံချေပရာတွင် ကုန်ကျသည့် တရားစရိတ်ကို သေသူတရားလို၏ အမွေပုံပစ္စည်းမှ တောင်းခံစေရန် တရားရုံးက တရားပြိုင်အား ခွင့်ပြုနိုင်သည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

### အမှုရပ်စဲခြင်းကိစ္စဆောင်ရွက်ရန် မလိုအပ်

လျှောက်ထားခံရသူသည် တရားမကြီးမှု သို့မဟုတ် အယူခံမှု သို့မဟုတ် လျှောက်ထားမှုမပြီးဆုံးမီ သေဆုံးခဲ့လျှင် တရားမကျင့်ထုံး ဥပဒေအမိန့်-၂၂၊ နည်းဥပဒေ-၄ နှင့်သက်ဆိုင်မည်ဖြစ်သည်။ အယူခံမှု မစွဲဆိုမီ သို့မဟုတ် တရားမကြီးမှု မစွဲဆိုမီသေဆုံးလျှင် တရားမကျင့်ထုံး ဥပဒေအမိန့်-၂၂၊ နည်းဥပဒေ-၄ နှင့်မသက်ဆိုင်ပေ **ဦးသက်ပြင်းနှင့် ဒေါ်တုတ်တုတ်** အမှုကို ရည်ညွှန်းသည်။ ထိုသို့တရားမကျင့်ထုံးဥပဒေ အမိန့်-၂၂၊ နည်းဥပဒေ-၄ နှင့် မသက်ဆိုင်လျှင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်းကိစ္စ၊ အမှုရပ်စဲခြင်းကိစ္စဆောင်ရွက်ရန် မလိုအပ်ပေ။

အမှုစွဲဆိုသည့်အချိန်တွင် သေဆုံးလျက်ရှိသော တစ်ဦးတည်းသော တရားပြိုင်အပေါ်စွဲဆိုသော အမှုသည်လုံးလုံးလျားလျားပျက်ပြယ်သည်။ သို့ရာတွင် တရားလို သို့မဟုတ် တရားပြိုင်အများအပြားရှိသည့်အနက် အမှုစွဲဆိုစဉ်က တစ်ဦးဦးကွယ်လွန်ပြီးဖြစ်ရုံမျှဖြင့် အမှုသည် ကနဦးကတည်းက ပျက်ပြယ်သည်ဟုမဆိုနိုင်။ အမှုမှာတစ်ဦးထက်ပိုသော တရားပြိုင်များအပေါ် စွဲဆိုသောအမှုဖြစ်ပြီး အသက်ထင်ရှားရှိသော တရားပြိုင်အပေါ်စွဲဆိုခွင့်ရှိလျှင် တရားရုံးကစိစစ်ရန်မှာ ကွယ်လွန်သူသည် အမှုတွင် မပါမဖြစ်ပါဝင်ရန် လိုအပ်သောအမှုသည် ဟုတ်မဟုတ်ဖြစ်သည်။ အမှုတွင် မပါမဖြစ်ပါဝင်ရန် လိုအပ်သော အမှုသည်ဖြစ်လျှင် အမွေစားအမွေခံများကို အမှုတွင်ထည့်သွင်းနိုင်ရန် အဆိုလွှာကို ပြင်ဆင်ခွင့်ပြုနိုင်၊ မပြုနိုင် ဆက်လက်စိစစ်ရမည်ဖြစ်သည်။

တရားရှုံးကွယ်လွန်လျှင် တရားရှုံး၏ တရားဝင်ကိုယ်စားလှယ်အပေါ် ဒီကရီကို အတည်ပြုနိုင်ကြောင်း တရားမကျင့်ထုံး ဥပဒေ ပုဒ်မ-၅၀(၁)တွင် ပြဋ္ဌာန်းထားသည်။

ပဏာမဒီကရီချမှတ်ပြီးသောအမှုတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးရန်လျှောက်လွှာကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၁၀ အရ လျှောက်ထားရန်ဖြစ်သည်။

### အမှုရပ်စဲခြင်း မရှိစေရကြောင်း ပြဋ္ဌာန်း

တရားမကျင့်ထုံးဥပဒေအမိန့်-၂၂၊ နည်းဥပဒေ-၆ တွင် အမှုကြားနာခြင်းအဆုံးသတ်ပြီးနောက် စီရင်ချက်မချမီအတွင်း တစ်ဖက်ဖက်သောအမှုသည် သေဆုံးခြင်းကြောင့် အမှုရပ်စဲခြင်း မရှိစေရကြောင်း ပြဋ္ဌာန်းထားသည်။ အမှုကြားနာခြင်း အဆုံးမသတ်မီ အယူခံတရားလိုကွယ်လွန်သွားရာတွင် စည်းကမ်းသတ်ကာလအတွင်း တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်းမရှိလျှင် တရားမကျင့်ထုံး ဥပဒေအမိန့်-၂၂၊ နည်းဥပဒေ-၃(၂)အရ ကွယ်လွန်သူအယူခံတရားလိုနှင့်စပ်လျဉ်းသည့် အမှုရပ်စဲမည်ဖြစ်သည်။

*စာမျက်နှာ ၂၃ သို့*

စာမျက်နှာ ၂၂ မှ

အမွေထိန်းလက်မှတ်စာကို ကိုင်ဆောင်၍ တရားစွဲဆိုသူ တရားလိုသည် အမှုအတောအတွင်း ကွယ်လွန်သွားသည်နှင့် တစ်ပြိုင်နက် အမွေထိန်းလက်မှတ်စာမှာလည်း အလိုလိုရုပ်စဲသွားပြီဖြစ်၍ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခွင့် မရှိပါ။

တရားမဇာရီမှုများတွင်လည်း တရားနိုင်၊ တရားရှုံးတို့ ကွယ်လွန်သွားခြင်းများ တွေ့ကြုံရမည်ဖြစ်ပါသည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်းဥပဒေ ၁၂ အရ နည်းဥပဒေ ၃၊ နည်းဥပဒေ ၄ နှင့် နည်းဥပဒေ ၈ ပါ မည်သည့်ပြဋ္ဌာန်းချက်မျှ ဒီကရီ သို့မဟုတ် အမိန့်ကို အတည်ပြုသည့်မှုခင်းများနှင့် မသက်ဆိုင်စေရဟု ဆိုထားသည်။ ထို့ကြောင့် အယူခံတရားပြိုင်သည် ဇာရီလျှောက်လွှာတွင် တရားဝင် ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်းပေးပါဟု လျှောက်ထားရန်မလိုဘဲ ၎င်းကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။ သို့ဖြစ်၍ တရားဝင်ကိုယ်စားလှယ်လျှောက်ထားခြင်းနှင့်ပတ်သက်သည့် စည်းကမ်းဥပဒေမှာ ဤအမှုနှင့် မသက်ဆိုင်သဖြင့် ထည့်သွင်းစဉ်းစားရန် မလိုပေ။

ဇာရီမှုတွင် တရားရှုံးကွယ်လွန်သွားခဲ့လျှင် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၅၀(၁)အရ သေသူကတရားရှုံး၏ တရားဝင်ကိုယ်စားလှယ်အပေါ် အတည်ပြုပေးရန် လျှောက်ထားခွင့်ရှိပါသည်။ သို့သော် တရားရှုံး နှစ်ဦးအနက် တရားရှုံးတစ်ဦးတည်းကျန်လျှင် သေဆုံးသည့် တရားရှုံး၏ တရားဝင်ကိုယ်စားလှယ်မထည့်ဘဲ ဇာရီကို ဆက်လက် ဆောင်ရွက်ခွင့်ရှိပါသည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆ ပါ ပြဋ္ဌာန်းချက်အရ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ တစ်ဦးတစ်ယောက်အပေါ်ဖြစ်စေ အမှုတစ်မှု စွဲဆိုနိုင်လျှင် သို့မဟုတ် လျှောက်ထားချက်တစ်ရပ် တင်သွင်းနိုင်လျှင် ထိုသူကိုအမှီပြု၍ တောင်းပိုင်သူတစ်ဦးကလည်း သို့မဟုတ် ထိုသို့ တောင်းပိုင်သူတစ်ဦးဦးအပေါ်လည်း ယင်းအမှုကို စွဲဆိုနိုင်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆အရလည်းကောင်း၊ အမိန့် ၂၁၊ နည်းဥပဒေ ၁၆ အရလည်းကောင်း ကွယ်လွန်သွားသော တရားနိုင်၏ ဆိုင်ရေးဆိုင်ခွင့်ကို ဆက်ခံရရှိသူသည် ကွယ်လွန်သူရရှိထားသော ဒီကရီကို အတည်ပြုနိုင်ခွင့်ရှိခြင်းကြောင့်ဖြစ်သည်။

အခွင့်ရကိုယ်စားလှယ်နှင့် တရားဝင်ကိုယ်စားလှယ်တို့၏ ဥပဒေ ရေးရာ အနေအထားအရပ်ရပ်တို့နှင့် သက်ဆိုင်သည့် ဥပဒေများ၊ တရားစီရင်ထုံးများကို အလွယ်တကူရှာဖွေ အသုံးပြုနိုင်ခြင်းဖြင့် တရားမကြီးမှု၊ တရားမအယူခံမှု၊ တရားမပြင်ဆင်မှု၊ တရားမ အထွေထွေမှု၊ တရားမဇာရီမှုများတွင် ဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ခြင်းပြုနိုင်စေရန် စုဆောင်းတင်ပြအပ်ပါသည်။ ။

# ပြည်မြို့တွင် အသက် (၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ခရိုင်အဆင့်လူရွေးပွဲကျင်းပ

**ပြည် ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရတနာ ရွှေပြည်ခရိုင်အားကစားကွင်း၌ ယမန်နေ့က အသက် (၂၅)နှစ်အောက် အမျိုးသမီးဘောလုံး ပြိုင်ပွဲ ခရိုင်အဆင့်လူရွေးပွဲ ကျင်းပသည်။

အဆိုပါလူရွေးပွဲတွင် ပြည်ခရိုင်အတွင်း မြို့နယ်ခြောက်မြို့နယ်မှ အသက် (၂၅)နှစ်အောက်အမျိုးသမီးဘောလုံးအသင်း ခြောက်သင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး ခရိုင်အားကစားကော်မတီမှတာဝန်ရှိသူများက ယင်းပြိုင်ပွဲဝင် ခြောက်မြို့နယ်ကိုယ်စားပြု အသင်းခြောက်သင်းမှ ခရိုင်အဆင့်ကိုယ်စားပြု အားကစားသမား ၁၈ ဦး စိစစ်ရွေးချယ်ကြသည်။

အဆိုပါရွေးချယ်ခံ ခရိုင်ကိုယ်စားပြု အသက် (၂၅)နှစ်အောက် အမျိုးသမီးဘောလုံးအသင်းကို တာဝန်ရှိသူများက ဇွန် ၁၀ ရက်မှ ဇွန် ၂၀ရက်အထိ ၁၀ ရက်ကြာ စခန်းသွင်းလေ့ကျင့် သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ယင်းအသင်းသည် ယခုနှစ်ဇွန် ၂၂ ရက်တွင် ပဲခူးမြို့၌ ကျင်းပမည့် တိုင်းဒေသကြီးအဆင့်အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မုံရွာ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်- ၁၉ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၁)ကို ယမန်နေ့က မုံရွာမြို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး နာဂဒေသနှင့် ခရိုင်အဆင့် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။



ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းဒေသကြီး ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးဌာနမှူး ဒေါက်တာ ဝင်းလွင်တို့က ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး အတွင်းရှိ ဒေသ/ခရိုင်အဆင့် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် မိမိတို့ ဒေသ/ခရိုင်များအတွင်း ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက လိုအပ်သည်များကို အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တိုင်းဒေသကြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဘားအံမြို့ရှောင်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး

**ဘားအံ ဇွန် ၈**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က လှာကဒေါင်ကျေးရွာအုပ်စု တောင်နားကျေးရွာမှ ကြာအင်းတောင်နှင့် ဖွဲ့ကပင်တောင်ကြားလမ်းမှ တစ်ဆင့် ကမော့ကစင်ကျေးရွာသို့ မြို့ရှောင်လမ်းဖောက်လုပ်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၄)ဦးစောခင်မောင်မြင့်၊ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန်းမြင့်အောင်နှင့် တာဝန် ရှိသူများက လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အဆိုပါ လမ်းပိုင်း လမ်းဘေးဝဲယာတစ်လျှောက်ရှိ ဒေသခံများ၏ ဥယျာဉ်ခြံမြေနှင့် လယ်ယာမြေများ ထိခိုက်နစ်နာမှု မရှိစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အဆိုပါ မြို့ရှောင်လမ်းပိုင်း ဖြစ်သော ကမော့ကစင်ကျေးရွာမှ သံလွင်တံတားထိပ် (ဘားအံဘက်ခြမ်း) ကိုကလယ်ဘုန်းတော်ကြီးကျောင်းရှေ့အထိ အမြင့် ရှစ်ပေခန့် တာပေါင်ဖို့ မြေသားလမ်းဖောက် လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လမ်းအူကြောင်းလျာထားဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်း တင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လင်းခေး၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်

**လင်းခေး ဇွန် ၈**

ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးဦးထွန်းထွန်းက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးလက်ဒေသ အသီးသီးမှ သင်တန်းသားစုစုပေါင်း ၃၂ ဦး တက်ရောက်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးက ပြောသည်။

**စိုင်းဇော်လတ်(လင်းခေး)**

# KIA တွင် အဖျက်အမှောင့်သင်တန်းဖွင့်လှစ်သင်ကြားမှုနှင့် ရန်ကုန်မြို့အတွင်း ဖောက်ခွဲရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအား ဖော်ထုတ်ရရှိ

နေပြည်တော် ဇွန် ၈

**KIA အဖွဲ့ထံတွင် စစ်အခြေခံနှင့် ဖောက်ခွဲရေးသင်တန်းတက်ရောက်ခဲ့သည့် ထူးဝေလင်းနှင့် မင်းသုခကျော်တို့ နှစ်ဦးအား လက်ပစ်ဗုံးများ၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ဇွန် ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။**



တရားခံ ထူးဝေလင်း

အဆိုပါဖမ်းဆီးရမိသူ နှစ်ဦးအနက် ထူးဝေလင်း၏ ထပ်မံဖော်ထုတ်ချက်အရ ထူးဝေလင်းသည် မတ် ၃၀ ရက်တွင် မင်းသုခကျော်၊ ရဲရင့်အောင်တို့နှင့်အတူ KIA တွင် သင်တန်းတက်ရောက်ရန်အတွက် Air KBZ လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်ခဲ့ပြီး မြစ်ကြီးနားမြို့ရှိ Apple Hotel တွင် တည်းခိုခဲ့ကြောင်း၊ ဧပြီ ၁ ရက်တွင် ကျော်ဇင်လင်း (လိုင်ဇာရောက်ရှိနေသူ) စီစဉ်ပေးမှုဖြင့် မြစ်ကြီးနားမြို့မှ လိုင်ဇာသို့ Super Custom ယာဉ်ဖြင့် သွားရောက်ခဲ့ရာ မိုက်ဆာပါ စစ်ဆေးရေးဂိတ်မှတစ်ဆင့် လိုင်ဇာမြို့သို့ ရောက်ရှိခဲ့ပြီး တည်းခိုခန်းတွင် တည်းခိုခဲ့ပြီး ကျော်ဇင်လင်းနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဧပြီ ၃ ရက်တွင် ကျော်ဇင်လင်း ခေါ်ဆောင်ထားသည့် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး သုံးဦး၊ စုစုပေါင်း ၂၂ ဦး တို့နှင့်အတူ Super Custom ယာဉ် ၄ စီးဖြင့် လိုင်ဇာမှ မိုင်ဂျာယန်သို့ ထွက်ခွာခဲ့ပြီး မိုင်ဂျာယန်မှ ခြောက်ဘီးယာဉ် နှစ်စီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ KIA တပ်မဟာ(၃)မှ သင်တန်းဖွင့်လှစ်မည့် တောင်ပေါ်စခန်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။


သင်တန်းဖွင့်လှစ်ထားသော စခန်းနေရာတွင် သင်တန်းသား အိပ်ဆောင် သုံးဆောင်၊ စာသင်ခန်းမ တစ်ခု၊ စားချက်ဆောင်၊ ထမင်းစားဆောင်များ ပါရှိပြီး မီတာ ၃၀၀ အကျယ်ရှိ လေ့ကျင့်ရေးကွင်း၊ မီတာ ၁၀၀ ခန့်ရှိ စက်ပစ်ကွင်း တစ်ခုရှိကြောင်းနှင့် သင်တန်းတွင် ၎င်းတို့အပါ ကျား ၁၄၂ ဦး၊ မ သုံးဦး၊ စုစုပေါင်း ၁၄၅ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် KIA နည်းပြများမှ ဖောက်ခွဲဖျက်ဆီးရေးသင်ခန်းစာ၊ လက်တွေ့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လက်နက်ငယ်ပစ်ခတ်ခြင်းများအား လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲအား ဧပြီ ၂၈ ရက်တွင် ပြုလုပ်ခဲ့ပြီး သင်တန်းဆင်းပွဲသို့ KIA အဖွဲ့မှ သင်တန်းနည်းပြများနှင့်အတူ အကြမ်းဖက်အဖွဲ့အစည်း CRPH မှ NLD ပါတီဝင်များဖြစ်သော ဦးကျော်စိုးလင်း၊ ဒေါက်တာမျိုးဝင်းနှင့် စိစစ်ဆဲ NLD ပါတီဝင် နှစ်ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပြီးနောက် ရန်ကုန်သို့ပြန်လည်ရောက်ရှိချိန်တွင် တရားခံ ထူးဝေလင်းနှင့် မင်းသုခကျော်တို့ နှစ်ဦးမှာ အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့သော RDF (Revolution Democracy Force) အဖွဲ့တွင် ပါဝင်ခဲ့ကြောင်း၊ ၎င်းအဖွဲ့တွင် လူအင်အားဖြည့်တင်းနိုင်ရေး၊ လက်နက်ငယ်နှင့် ဖောက်ခွဲရေး ရက်တိုသင်တန်း ထပ်မံဖွင့်လှစ်ရေးအတွက် စီစဉ်ထားရှိခဲ့ကြောင်းနှင့် RDF အဖွဲ့ဝင် ထက်အောင်လွင် (NUG တွင် ဖောက်ခွဲရေးသင်တန်းတက်ရောက်ပြီးသူ)သည် NGO များထံမှ ငွေကြေးထောက်ပံ့မှု ရယူ၍ ဖောက်ခွဲရေးပစ္စည်းများအား အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ထံမှ ချိတ်ဆက်မှာယူခဲ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တရားခံ ထူးဝေလင်းအနေဖြင့် RDF အဖွဲ့ဝင်ဖြစ်သော ရဲရင့်အောင်နှင့်အတူ မေ ၁၃ ရက်တွင် သုဝဏ္ဏာဈေး အနီး မိုင်းဖောက်ခွဲခြင်း၊ မေ ၂၅ ရက်တွင် စမ်းချောင်းအထွေထွေအုပ်ချုပ်ရေးရုံးအား မိုင်းဖောက်ခွဲခြင်း၊ ဇွန် ၁ ရက်တွင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(အလုံ)အနီး မိုင်းဖောက်ခွဲမှုများ ပြုလုပ်နိုင်ရေးအတွက် ကြိုတင်လမ်းကြောင်းကင်းထောက်ခြင်းများ ပြုလုပ်ခဲ့ပြီး အဖွဲ့ဝင် ဖြစ်သော ထက်အောင်လွင်နှင့် အဖွဲ့မှ စီစဉ်ဖောက်ခွဲခဲ့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။


KIA တမဟ(၃)ရှိ သင်တန်းလေ့ကျင့်သည့်စခန်းသို့ သွားရောက်သည့် လမ်းကြောင်းအခြေအနေပြ မြေပုံ


နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့် လုပ်ငန်းများလုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ စစ်သင်တန်းတက်ရောက်ခဲ့သူ နှစ်ဦးအား ဆက်လက်စစ်ဆေးဖော်ထုတ်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ဆူပူအကြမ်းဖက် လုပ်ဆောင်နေသူများနှင့် NLD ပါတီဝင်များ၊ ထောက်ခံအားပေးသူများအနေဖြင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ ဖောက်ခွဲရေးလုပ်ငန်းများကို ဆက်တိုက်လုပ်ဆောင်လာသည်ကို တွေ့ရှိရသောကြောင့် သတင်းလက်ဦးမှုရယူ၍ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးလိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နောင်ချိုမြို့နယ် ဈေးရပ်ကွက် မြို့မဈေး၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ် ဈေးရပ်ကွက် မြို့မဈေးရှိ သော်တာဝင်း ကုန်စုံဆိုင်၌ ယနေ့နံနက် ၁ နာရီခွဲခန့်တွင် ဝိုင်ယာကြိုးရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့သည်။



မီးလောင်မှု ဖြစ်ပွားရာနေရာသို့ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ **(ဓာတ်ပုံ)**

အဆိုပါ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ဆိုင်ခန်း ခြောက်ခန်းနှင့် ကုန်ပစ္စည်းမျိုးစုံ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၈**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၌ စာသင်ကျောင်းအတွင်း ကျောင်းဝတ်စုံဖြင့် ဝင်ရောက်ကာ အသံပုံးဖောက်ခွဲခဲ့သူ အမျိုးသားတစ်ဦး ဖမ်းဆီးရမိ



တရားခံ စိုင်းညီ(ခ)ရှမ်းလေး

**နေပြည်တော် ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၌ စာသင်ကျောင်းအတွင်း ကျောင်းဝတ်စုံဖြင့် ဝင်ရောက်ကာ အသံဖုံးဖောက်ခွဲခဲ့သူ အမျိုးသားတစ်ဦးကို ဖမ်းဆီးအရေးယူထားရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီ ၃၅ မိနစ်တွင် ထီးချိုင့်မြို့ အမှတ်(၂) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောင်းသူ ကျောင်းသားများ ဘေးကင်းလုံခြုံစွာ စာပေသင်ကြားနိုင်စေရေး လုံခြုံရေးဆောင်ရွက်နေစဉ် ကျောင်းဝင်းအတွင်းမှ ပေါက်ကွဲသံ ကြားရသဖြင့် လိုက်လံစစ်ဆေးစဉ် ကျောင်းဝတ်စုံဝတ်ဆင်ထားပြီး လွယ်အိတ်လွယ်ထားသည့် အမျိုးသားတစ်ဦးသည် ကျောင်း၏ အနောက်ဘက်ခြံစည်းရိုးအုတ်တံတိုင်းအားကျော်တက်၍ ထွက်ပြေးသွားသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ၎င်းအား မြို့နယ်ပြည်သူ့ဆေးရုံကြီးရှေ့ လမ်းမပေါ်၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏လက်အတွင်းမှ ဂက်စ်မီးခြစ်တစ်လုံး သိမ်းဆည်းရမိခဲ့ကာ ၎င်းဝတ်ဆင်ထားသော ကျောင်းဝတ်စုံအောက်တွင် အနက်ရောင် တီရှပ်လက်တိုအင်္ကျီနှင့် အနက်ရောင်ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားသည်ကို တွေ့ရှိခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးရမိသူအား စစ်ဆေးခဲ့ရာ အမှတ်(၁)စံပြရပ်ကွက်နေ စိုင်းညီ (ခ) ရှမ်းလေး (၁၆ နှစ်) ကျပန်းလုပ်ကိုင်သူဖြစ်ကြောင်း သိရှိရပြီး ၎င်းအား အမည်မသိ အမျိုးသမီးတစ်ဦးက ငွေကျပ်တစ်သိန်းပေးကာ ကျောင်းဝင်းအတွင်း၌ အသံဖုံးတစ်လုံးဖောက်ခွဲပေးရန်စေခိုင်းသဖြင့် လက်ခံခဲ့ပြီး ၎င်းအမျိုးသမီးထံမှ ဆရာမိုးတံဆိပ်ပါပလက်စတစ်ဘူးဖြင့် ပြုလုပ်ထားသော အသံဖုံးအား ယူဆောင်ကာ ကျောင်းဝင်းအတွင်းသို့ ကျောင်းဝတ်စုံဝတ်ဆင်ဝင်ရောက်ခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ လက်ဝဲသုန္ဒရအဆောင်နှင့် မန်လည်အဆောင်ကြား မြေကွက်လပ်၌ အသင့်ပါလာသော မီးခြစ်ဖြင့် မီးရှို့ဖောက်ခွဲခဲ့ကာ ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိထားသူ စိုင်းညီ(ခ)ရှမ်းလေးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် နောက်ကွယ်မှ ငွေပေးစေခိုင်းခဲ့သည့် အမျိုးသမီးအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလက်နက်ကိုင်အချို့၏ နယ်မြေများသို့ သွားရောက်ဖောက်ခွဲရေး သင်တန်းတက်ရောက်မည့် အကြမ်းဖက်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၈**

ဆူပူအကြမ်းဖက် လုပ်ဆောင်နေသူများနှင့် NLD ပါတီဝင်/ ထောက်ခံအားပေးသူများ အနေဖြင့် အချို့မြို့ကြီးများ၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ ဖောက်ခွဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်လာသည်ကို တွေ့ရှိရသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းလက်ဦးမှုရယူ၍ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖော်ထုတ်လျက်ရှိရာ ဇွန် ၂ ရက် ည ၉ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပွဲနံဦးကျေးရွာရှိ ဝေနေယျသုခဘုန်းတော်ကြီးကျောင်းအတွင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ ဦးသာသန(လူအမည် ဦးသိန်းထွန်း)၊ ဦးနန္ဒဝံသ (လူအမည် ဦးနိုင်လင်းအောင်)၊ စိုးမြင့်ဦး(ဘ) ဦးကျော်လှိုင်၊ မျိုးထက်အောင် (ဘ) ဦးမျိုးတင့်၊ အေးထွန်းအောင်(ဘ) ဦးသန်းတင့်၊ ခန့်ဇေနိုင်(ဘ) ဦးကိုကိုနိုင်၊ မောင်သိန်း (ဘ) ဦးသန်းလွင်၊ ဝင်းဘို(ဘ) ဦးမောင်ကို၊ မြင့်ဌေး (ဘ) ဦးကွန်ငြိမ်း၊ အောင်မြင့်ကျော်(ဘ) ဦးကျော်ရွှေ၊ ဟိန်းငြိမ်းဦး (ဘ) ဦးကွန်ညိမ်း၊ သိုက်ထွန်းအောင် (ဘ) ဦးအောင်ရှင်တို့အား ဒေသန္တရ လက်လုပ်သေနတ်တစ်လက်၊ အင်္ကျီအနက်ရောင် ၃၄ ထည်၊ ခေါင်းစည်းများ ၂၁ ချောင်း၊ ဒီတိုနေတာ ၁၁၅ ခု၊ ဖျူးစ် ၁၂၀၊ လက်ကိုင်စကားပြောစက် သုံးလုံး၊ Laptop တစ်လုံး၊ NLD တံဆိပ်ပါအလံ၊ အင်္ကျီနှင့် ဦးထုပ်များ၊ ဆေးပစ္စည်းမျိုးစုံ တစ်ထုပ်၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ ပြင်းပြင်းထန်ထန် ထိရောက်စွာ အရေးယူနိုင်ရေးနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လက်လုပ်သေနတ်များကို ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် ဇွန် ၈**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့တွင် လက်လုပ်သေနတ်များကို ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံကြောင်း သိရသည်။

ထိုသို့အပ်နှံခဲ့ရာတွင် ဇွန် ၇ ရက်၌ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် နဘဲပင်ကျေးရွာမှ လက်လုပ်သေနတ်ကိုယ်ထည်တစ်ခုကိုလည်းကောင်း၊ စဉ့်ကူးမြို့နယ် နွယ်ရုံကျေးရွာမှ လက်လုပ်သေနတ်နှစ်လက်ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် လှည်းပြင်တင်ကျေးရွာမှ လက်လုပ်သေနတ် ၁၀ လက်၊ ပြောင်းပိုအဟောင်းနှစ်ခု၊ ယမ်းမှုန့်ဘူးတစ်ဘူးတို့ကိုလည်းကောင်း၊ ပေါက်ခေါင်းမြို့နယ် ကြိုးကြာကျေးရွာမှ လက်လုပ်လေသေနတ် ငါးလက်တို့ကိုလည်းကောင်း ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြကြောင်း သိရသည်။

ထိုကဲ့သို့ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ လက်ခံရယူခဲ့ပြီး သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရပ်စောက်မြို့နယ်တွင် ငွေကျပ် ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၈**

ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့နယ်တွင် ငွေကျပ် ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့နယ် အင်တော-ရပ်စောက်သွား ကားလမ်းညောင်ပင်သာ ကျေးရွာအနီးတွင် ဖြုန်းကျောက်များ တင်ဆောင်ထားသည့် Tipper ယာဉ်တစ်စီး မသင်္ကာဖွယ် ရပ်တန့်ထားကြောင်းတွေ့ရှိရသဖြင့် ရှာဖွေစစ်ဆေးရာ ဒေသကာလတန်ဖိုး ငွေကျပ် ၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သန်း သိမ်းဆည်းရမိခဲ့၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရစဉ်။

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇွန် ၆ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅၄ စီး၊ သွင်းကုန် ၁၆၇ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၄၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်တွင် မရမ်းချောင်အမြဲစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၀၀၀ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Lipovitan-D (1x100mlx50Bottle) 100 Pkgs၊ Diablo Beer (500ml) (1x24) 180 Pkgs တို့အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်(ကမ္ဘာအေး)တွင် ၇ ဒသမ ၄၈ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံမြို့နယ်)တွင် ၆ ဒသမ ၇၃ လက်မ၊ မှော်ဘီ(စိုက်ပျိုးရေးမိုးလေဝသ) တွင် ၅ ဒသမ ၂၀ လက်မ၊ ကျိုက္ကမီမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ဘားအံမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ၈၆ လက်မ၊ ရွှေဂွန်း(လှိုင်းဘွဲ့မြို့နယ်)တွင် ၃ ဒသမ ၈၁ လက်မ၊ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၈၀ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၇၈ လက်မနှင့် ကျိုက်မရောမြို့တွင် ၃ ဒသမ ၇၀ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာ့စကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၀၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၅၀)နေရာကို ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။ ရွေးချယ်ခံရသူများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်။

၂။ ဒုတိယဦးစီးမှူးရာထူး(၅၀)နေရာအတွက် အောက်ဖော်ပြပါအရည် အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-

| ရာထူး/လစာနှုန်းကျပ် | လစ်လပ် | အနိမ့်ဆုံးရှိရမည့်ပညာအရည်အချင်း |
|---|---|---|
| ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၃၀) နေရာ | B.E(IT)(Bachelor of Information Technology) B.E(IST)(Bachelor of Information Science & Technology), B.E(CE)(Bachelor of Computer Engineer) B.C.Sc(Bachelor of Computer Science), B.C.Teach (Bachelor of Computer Technology), B.Sc(Bachelor of Computer Science) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး IT ပိုင်းဆိုင်ရာ ဒီပလိုမာ တစ်ခုခု ရရှိရမည်။ |
| | (၆) နေရာ | B.E(Mechanical), B.E(Civil) B.E(Electrical Power), B.E(Electronics) |
| ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၁၄) နေရာ | B.Com(Bachelor of Commerce), B.Econ(Economics) B.Econ(Statistics), B.Act(Bachelor of Accounting) B.B.A(Bachelor of Business Administration) B.P.A(Bachelor of Public Administration) B.B.M(Bachelor of Business Management) B.A(Economics) |

၃။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၃၀-၆-၂၀၂၁)ရက်နေ့တွင် အသက် (၂၅)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းတွင်ကျွမ်းကျင်ပါက အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားမည်။
- (ဃ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
- (င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (ဆ) အနည်းဆုံးလုပ်သက်(၃)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-
- (က) လျှောက်ထားသည့်ရာထူးအမည်၊
- (ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ဂ) မွေးနေ့သက္ကရာဇ်နှင့်အသက်၊
- (ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
- (င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊တက္ကသိုလ်၊
- (စ) မိဘအမည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်၊
- (ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊
- (ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊
- (ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊
- (ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲပို့ပေးရမည်-
- (က) တစ်လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၁လက်မx၁.၅လက်မ) (၃)ပုံ (ကျောဘက်တွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
- (ဂ) ဘွဲ့လက်မှတ်(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဃ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မိတ္တူ)
- (င) သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်းတို့မှ (တစ်လအတွင်းရရှိသည့်) ထောက်ခံချက်(မူရင်း)
- (စ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်
- (ဆ) ဝန်ထမ်းမဟုတ်လျှင် (၆)လအတွင်း ပြုလုပ်ထားသောအလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)

၆။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ဝန်ထမ်းရေးရာဌာနစိတ်(နေပြည်တော်) သို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊စာတိုက်မှမှတ်ပုံတင်၍ လည်းကောင်း (၃၀-၆-၂၀၂၁) ရက်မှစ၍ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၇။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှ တစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့(၉-၇-၂၀၂၁)နောက်ဆုံးထား၍ ပေးပို့ရမည်။

၈။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့်လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသောလျှောက်လွှာများကို(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၉။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် မြန်မာစာ၊အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး၊ ဖြေဆိုခွင့်ရရှိသူစာရင်းနှင့်ရေးဖြေစာမေးပွဲကျင်းပမည့်နေရက်၊အချိန်နှင့်နေရာတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် webisite(www.cbm.gov.mm) တွင်ကြေညာမည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးပြုလုပ်မည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ဝန်ထမ်းရေးရာဌာနစိတ်(နေပြည်တော်) သို့လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၀၆၇-၄၁၈၅၉၃)သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# အများသိစေရန်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀)၊ ဦးပိုင်အမှတ်(၄၄-ခ)၊ရေိယာ၀ဒသမ၀၃၃၈ ဧကအကျယ်အဝန်းရှိသော ဒေါ်အမာတင်၊ ဒေါ်ခင်မေနွဲ့၊ ဒေါ်ဆွေဆွေသန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ၊ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်နှင့် အမွေဆက်ခံပိုင်ဆိုင်ခြင်းဖြင့် ပိုင်ဆိုင်လာသော (၁)ဦးမျိုးမြင့်သိန်း(ဘ)ဦးသိန်းတန်၉/မနမ(နိုင်)၀၃၀၆၅၄၊ (၂)ဒေါ်ဆွေဆွေသန်း(ဘ)ဦးသန်းမောင် ၉/မရမ(နိုင်)၀၂၇၃၇၈တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်းကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office-အမှတ် (၁၈၉)၊လမ်း(၈၀)၊ ၁၉x၂၀ကြား၊မန္တလေးမြို့။**
**ဖုန်း-၀၂-၄၀၆၈၈၃၉၊၀၉-၂၀၀၆၀၂၉၊၀၉-၇၉၂၀၀၆၀၂၉၊၀၉-၆၉၂၀၀၆၀၂၉**
**ladylawyer.khinninisoe@gmail.com**

# သင်တန်းသားခေါ်ယူခြင်း

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ အမရပူရမြို့တွင် အောက်ဖော်ပြပါ အသက်မွေးဝမ်းကျောင်း ပညာ ကာလတိုသင်တန်းများအား အခမဲ့ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါသည်-

**သင်တန်းအမည်နှင့် သင်တန်းကာလ**

(၁) ချည်ထည်၊ ပိုးထည်ဆိုင်ရာ သဘာဝဆေးဆိုးနည်းသင်တန်း (၁၄-၆-၂၀၂၁ ရက်နေ့မှ ၂၀-၆-၂၀၂၁ ရက်နေ့အထိ)

(၂) အထည်ဆေးရေးနည်းနှင့် ပန်းပုံရိုက် အခြေခံသင်တန်း (၂၁-၆-၂၀၂၁ ရက်နေ့မှ ၂၇-၆-၂၀၂၁ ရက်နေ့အထိ)

**သင်တန်းဖွင့်လှစ်မည့်နေရာ** - ဆောင်းဒါးရက်ကန်းနှင့် အသက်မွေး ပညာသိပ္ပံ၊အမရပူရမြို့
**သင်တန်းသားဦးရေ** - (၁)ဦးသာ လက်ခံသင်ကြားပေးပါမည်။
**သင်တန်းအချိန်** - နံနက် ၉:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ
**သင်တန်းကြေး** - အခမဲ့
**ဆက်သွယ်ရန်လိပ်စာ** - ဆောင်းဒါးရက်ကန်းနှင့် အသက်မွေး ပညာသိပ္ပံ၊ အမရပူရမြို့
**ဆက်သွယ်ရန်တယ်လီဖုန်း** - ၀၂-၄၀၇၀၄၂၈၊ ၀၂-၄၀၅၆၀၄၁၊ ၀၂-၄၀၅၉၉၆၄၊ ၀၉-၄၄၄၀၀၆၁၇၂၊ ၀၉-၄၂၁၇၁၃၈၆၇၇

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ဒက္ခိဏခရိုင်တရားရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၆**

ဒေါ်တင်တင်အေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးညီညီဇော်) **နှင့်** ၁။ ဒေါ်အေးအေးခိုင် ၂။ ဦးဆန်းထူးအောင်

**တရားလို** **တရားပြိုင်များ**

ပျဉ်းမနားမြို့၊ ယောက်သွားအင်းရပ်၊ ပျဉ်းမနား-တောင်ညိုလမ်း၊ အမှတ် (၂/၉၁- ၉၅) နေ ဒေါ်အေးအေးခိုင်၊ ဦးဆန်းထူးအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်တင်တင်အေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးညီညီဇော်)က ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(က) ဒုတိယပိုင်းနှင့် (ဂ)တို့အရ စွဲဆိုမှု ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ခုနှစ်၊ ဇွန်လ ၂၈ ရက် (၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင် မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇွန်လ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဒက္ခိဏခရိုင်တရားရုံး**

# အများသိစေရန်အသိပေးကြော်ငြာခြင်း

ဒေါ်စန္ဒာအေး ၉/မရမ(နိုင်)၀၂၅၁၀၅ ကိုင်ဆောင်သူ၏ ခင်ပွန်း ဦးတင်မောင်ဆွေ ၅/ကလန(နိုင်)၀၀၂၆၅၆ ကိုင်ဆောင်သူသည် မိသားစုကို ဂုဏ်သိက္ခာကျဆင်း၍ အရှက်ရအောင် အကြိမ်ကြိမ် ပြုလုပ်ပြီး (၆)လပိုင်း ၂၀၁၉တွင် နေအိမ်မှဆင်းသွားပါသဖြင့် ထိုအချိန်မှစ၍ ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမှ တာဝန်ဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်စန္ဒာအေးနှင့်တကွ နေအိမ်မိသားစုနှင့်လည်း လုံးဝမသက်ဆိုင်တော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **ဒေါ်စန္ဒာအေး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်လှိုင် (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၃၃)**
**ဖုန်း-၀၉-၉၈၈၂၀၅၅၇၆**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌**
**၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၁၁**

ဦးကြည်ညွန့်ပါ - ၂ **နှင့်** ဦးမြစိန်

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၆၂၇)၊ ကဥ္စဏမဟီ ရပ်ကွက်နေ ဦးမြစိန်(ဘ)ဦးစိန် (ဒီစီ-၀၀၇၈၅၅) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက် (၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇွန်လ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချမ်းမြေ့နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

# JB Capital Myanmar Co.,Ltd
# ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲကြောင်းကြေညာခြင်း

၁။ JB Capital Myanmar Co.,Ltd သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် 534FC/ 2016-2017(YGN)ဖြင့် ၂၁-၉-၂၀၁၆ ရက်တွင် တည်ထောင်ခဲ့ပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အမှတ် ၀၂၇၅/၂၀၁၈ (အမြဲတမ်း)ဖြင့် လုပ်ငန်းများ လုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

၂။ ကုမ္ပဏီတွင် ၂၆-၄-၂၀၂၁ရက်၌ ပြုလုပ်သော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း ဒါရိုက်တာအဖွဲ့ဝင် ပြောင်းလဲလိုက်ပါသည်-

| စဉ် | ယခင်ဒါရိုက်တာ အဖွဲ့ဝင်များ | ယခုဒါရိုက်တာ အဖွဲ့ဝင်များ |
|---|---|---|
| ၁။ | Mr.Baek Gyu Rak | Mr.Baek Gyu Rak |
| ၂။ | Mr.Dahn Won Bae | Mr.Dahn Won Bae |
| ၃။ | Mr.Yoon Bang Hwan | Mr.Yoon Bang Hwan |
| ၄။ | Mr.Shin Chang Moo | Mr.Yim Yong Taick |

**JB Capital Myanmar Co.,Ltd**
**အမှတ်(၃၁၃)၊ သခင်အုန်းဖေကြီးလမ်း၊ (၄၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်မြင့်အောင်လမ်း၊ အမှတ်(၉၉၆)ဟုခေါ်တွင်သော ဦးရွှေလှ အမည်ပေါက် မြေအကျယ် (ပေ၄၀xပေ၆၀)မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်နေထိုင်သူ ဒေါ်နုနုရီ ၁၂/ဥကတ(နိုင်)၀၁၉၅၂၉မှ ရောင်းချရန်ကမ်းလှမ်း၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မွန်မွန်ဦး** **စဉ်-၁၆၈၃၆** | **ဒေါ်စန်းစန်းအေး** **စဉ်-၁၅၄၁၃**

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း-၀၉-၄၃၀၃၉၉၇၇**
**ရုံးအမှတ်(၆၃၈)၊ (၁၁)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**

# ဂရန်ပျောက်ဆုံးခြင်းနှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(က)၊ ဦးပိုင်အမှတ်(၅၉+၆၀)၊ ဂရန်အမှုတွဲအမှတ်(၁၀၆/၂၀၁၉)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကနှင့် ဦးပိုင်အမှတ်(၆၉+၇၀)၊ ဂရန်အမှုတွဲအမှတ်(၀၀၇/၂၀၁၉)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကကို ကွယ်လွန်သူ ဦးလီထိုက်ယုံအမည်ပေါက် နှစ်(၃၀)ကျေးရွာမြေငှားဂရန်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် ကွယ်လွန်သူ ဦးလီထိုက်ယုံ၏ တရားဝင်ဇနီးဖြစ်သူ ကျွန်ုပ်၏အမှုသည် ဒေါ်ရီရှင်း ၁၃/ကတန(နိုင်)၁၈၁၈၂၅ အမည်ဖြင့် ကျေးရွာမြေငှားဂရန် ပြန်လည်လျှောက်ထားရာတွင် ပြန်လည်တင်ပြနိုင်ရန်အတွက် တွေ့ရှိသူနှင့် ကန့်ကွက်လိုသူများသည် ဤကြေညာစာပါသည့်ရက်မှစ၍ ရက်၃၀ အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်နိုင်ပါရန်နှင့် ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေခံစာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထွန်း(LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၂၁၉၅၆(၈-၇-၁၉၉၉)**
**အမှတ်(၄၂၄)၊ မယ်ခေါင်ရပ်ကွက်၊ တာချီလိတ်မြို့**
**ဖုန်း-၀၉-၄၂၉၀၃၂၉၁၄၊ ၀၉-၄၄၄၂၉၆၄၁၁**

# ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုတ် အထက Grade(7) တွင် ပညာသင်ကြားနေသော မမြတ်အေးစိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်စောသန်း ၁၁/ကတန(နိုင်)၀၆၇၀၃၃ ဖြစ်ပါကြောင်း။

# ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/3642 ၏ ဖောင်းကြွနံပါတ် ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/6336 T Hilux revo Pickup(4x4) Double GS ယာဉ်လက်ဝယ်ရှိသူ မဝင်းဇူလိုင် ၁၂/လကန(နိုင်) ၂၂၅၁၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

# အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/8866 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ် ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

# ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၁၄၊ ဦးပိုင်အမှတ်(၄၂)၊ ၂၂လမ်းနှင့် ၂၆လမ်းကြား၊ ကမ်းနားလမ်းနှင့် သင်္ဂဇာချောင်းပတ်လမ်းကြားရှိ မောင်ပေါအုံ၊ မရီအမည်ပေါက် ဘိုးဘမြေကွက်အား အဘိုးဖြစ်သူ ဦးပေါအုံ၊အဘွားဖြစ်သူ ဒေါ်ရီ၊ ဖခင်ဖြစ်သူ ဦးအောင်သီ၊ မိခင်ဖြစ်သူ ဒေါ်အေးမယ်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော (မြေး၊သား)ဖြစ်သူ ဦးစန်းနိုင် ၉/မနတ(နိုင်) ၀၈၁၃၇၆က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန် ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၂၃ ဦး တွေ့ရှိ

## COVID- 19 ရောဂါဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၃၂၂၈ ဦးရှိ

**(၈-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၀၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၂၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၃၅,၀၄၅) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၁၄၄,၅၇၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၆၁၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၂၈) ဦး ရှိပါသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❖



မြန်မာမြားပစ်အားကစားသမားတစ်ဦး လေ့ကျင့်ပြင်ဆင်နေမှုကို တွေ့ရစဉ်။

## ၂၀၂၁ ဆီးဂိမ်း မြားပစ်အားကစားနည်းတွင် ပါဝင်မည့် ပြိုင်ပွဲအမျိုးအစားအားလုံးတွင် မြန်မာမြားပစ်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၈**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်း ပြိုင်ပွဲတွင် မြားပစ်အားကစားနည်း၌ ပါဝင်မည့် ပြိုင်ပွဲအမျိုးအစားအားလုံးတွင် မြန်မာမြားပစ်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဆီးဂိမ်းမြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ပါဝင်မည်ဖြစ်ပြီး Recurve အသင်းလိုက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ Mix-Team ပြိုင်ပွဲ Compound အသင်းလိုက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ Mix-Team ပြိုင်ပွဲတို့ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပရေးအနေဖြင့် ပြိုင်ပွဲဝင်နိုင်ငံများကို စိတ်ကြိုက်ယှဉ်ပြိုင်ခွင့်ပြုထားရာ မြန်မာမြားပစ်အဖွဲ့အနေဖြင့် ပြိုင်ပွဲအားလုံးတွင် ယှဉ်ပြိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် ပဏာမလက်ရွေးစင်ကစားသမား ၁၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး တောင်ကိုရီးယားနည်းပြတစ်ဦးကိုလည်း ငှားရမ်းထားကာ မကြာမီရောက်ရှိလာမည်ဖြစ်သည်။ ယင်းနည်းပြဆရာမှာ မြန်မာမြားပစ်အဖွဲ့ကို တာဝန်ယူကိုင်တွယ်ဖူးသူဖြစ်ပြီး တစ်ကျော့ပြန် ရောက်ရှိလာမည်ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ် သုံးခု၊


*စာမျက်နှာ ၉ ကော်လံ ၅* ❂

## ယနေ့ သတင်းအညွှန်း

**အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုကို စားသောက်နေထိုင်ရေးတွင် စိုးရိမ်ပူပန်မှုများမြင့်တက်စေရန် တရားမဝင် မိမိကိုယ်မိမိ ဝန်ကြီးအဖြစ်ခန့်အပ်ထားသည့် ဆေးပညာရှင် ဦးဇော်ဝေစိုးက ခြိမ်းခြောက်ပြောဆို**

စာ - ၁၈

KIA တွင် အဖျက်အမှောင့် သင်တန်းဖွင့်လှစ်သင်ကြားမှုနှင့် ရန်ကုန်မြို့အတွင်း ဖောက်ခွဲရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအား ဖော်ထုတ်ရရှိ



စာ - ၂၄



**ရပ်စောက်မြို့နယ်တွင် ငွေကျပ် ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သန်း ဖမ်းဆီးရမိ**

စာ - ၂၅

## မန်စီးတီးနည်းပြ ဂွါဒီယိုလာ က ကွင်းလယ်ကစားသမားဂရီရယ်လစ်ချ်ကို ခေါ်ယူရန် ဆန္ဒရှိနေ

မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာသည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ ကာလတွင် အက်စ်တွန် ဗီလာအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက်ဂရီရယ်လစ်ချ်ကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၅ နှစ်အရွယ် ကွင်းလယ်ကစားသမား ဂရီရယ်လစ်ချ်သည် လက်ရှိတွင် ယူရို ၂၀၂၀ ပြိုင်ပွဲအတွက် အင်္ဂလန်အသင်းနှင့် ပူးပေါင်းဆောင်ရွက်နေပြီး လာမည့် တနင်္ဂနွေနေ့တွင် ခရိုအေးရှားအသင်းနှင့် ပွဲစဉ်အတွက် ပွဲထွက်ခွင့်ရရန် မျှော်လင့်နေသူဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားထားခဲ့ရသည့် ယူရို ၂၀၂၀ ပြိုင်ပွဲကို ဇွန် ၁၁ ရက်မှ ဇူလိုင် ၁၁ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို မန်ယူအသင်းကလည်း ခေါ်ယူရန် စောင့်ကြည့်နေသည်။ သို့သော်လည်း မန်စီးတီးအသင်းအနေဖြင့် ဗီလာအသင်းက ပေါင်သန်း ၁၀၀ သတ်မှတ်ထားသော ဂရီရယ်လစ်ချ်ကို မန်ယူအသင်းထက် လက်ဦးမှုရယူနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။ မန်စီးတီးအသင်းသည် အသင်းမှ အားထားရသည့် တိုက်စစ်မှူး ဆာဂျီယိုအဂူရို ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့သွားသည့်အတွက် အဆိုပါကစားသမား၏နေရာကို ဂရီရယ်လစ်ချ်ဖြင့် အစားထိုးရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။ အခြားသတင်းတစ်ရပ်တွင် မန်စီးတီးအသင်းသည် အဂူရို၏နေရာကို

*စာမျက်နှာ ၉ ကော်လံ ၁* ❈




ကွင်းလယ်ကစားသမား ဂျက်ဂရီရယ်လစ်ချ်